စိုးတာပေ

# ပင်းကျုန်ခစ်

နှင့်

# ရာဇကုမာရ်

သန်းထွန်း လှည်းကူး



ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ စက်တင်ဘာလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ခင်မောင်ဦး(လှည်းကူး) |
| ကွန်ပျူတာ | - | ရွှယ်နီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

သန်းထွန်း(လှည်းကူး) ၅၉၀.၂
မင်းကျန်စစ်နှင့်ရာဇကုမာရ်/သန်းထွန်း(လှည်းကူး)
ရန်ကုန်၊
ဇင်ရတနာစာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၆၈-စာ၊ ၁၂ × ၁၈ စင်တီ

# မင်းကျန်စစ်
# နှင့်
# ရာဇကုမာရ်.....


## သန်းထွန်း(လှည်းကူး)

"ဤကျောင်းရှင်တို့ ဖြစ်သောဗိအသည်
အကြင်တုသိုလ်ကျောင်းရှင်တို့
ဆငြိုးရူးအင်မင်း
ထိုကသည်းရူးအင်သော
တုသိုလ်ကျောင်းရှင်သည်
သစ္စညှူညာတ်တော်တို့
ထိုးထွင်း၍ သိမြင်ရာ
အကြောင်းအဆောက်အဦ
ဖြစ်ပါစေသတည်း။"

ရာဇဝင်စာရိ
မြစေတီကျောက်စာ
ကြောင်းရေ ၃၃၊ ၃၄၊ ၃၅



အာနန္ဒာဘုရားအတွင်းမှ ဘုရားရှင်အား ကျန်စစ်သားမင်း
ကြည်ညိုနေဟန်ရုပ်တု




ရာဇကုမာရ်ကြီးကြပ်တည်၍ နံရံဆေးရေးပန်းချီကားများစွာ
တွေ့နိုင်သော ဂူပြောက်ကြီးဘုရား



တာဝတိံသာမှ မြတ်စွာဘုရား ဆင်းသက်တန် နံရံဆေးရေးပန်းချီ
(ဂူပြောက်ကြီး၊ မြင်းကပါ)



နာဠာဂိရိဆင်ကို အောင်တော်မူပုံ၊ နံရံဆေးရေးပန်းချီ
(ဂူပြောက်ကြီး၊ မြင်းကပါ)



မြစေတီပွန်ကျောက်စာ (က) မင်တူးပုံ



ရုပ်ပြတိုက်ရှိ မြစေတီပျို့ကျောက်စာ(က)မျက်နှာကို
ကူးယူထားပုံ ပုံ(၁)



မြန်မာ


## မျှအတွင်းရာ

၁ [illegible]
၂ [illegible]
၃ [illegible]
၄ [illegible]
၅ [illegible]
၆ [illegible]
၇ [illegible]
၈ [illegible]
၉ [illegible]
၁၀ [illegible]
၁၁ [illegible]
၁၂ [illegible]
၁၃ [illegible]

ဒေါ်သာရ(၉၉)လုံးစုသာ ဓါတုဘာဝ်ကြောင်းချင်း ကောက်နှင် အဆိုးဝင် မည်လွှ
မောက်တက်၍ မည်သည့်လူမျိုး တသျှိုက ယခုဘာသေသည်။ နောင်အခါ
အမည်ဖြစ်ဖြစ်ရန် ယခုစလာဆေးသာယ် ဆော်ထိုရည်ရွယ်ရှုပ်ဆောင်
ယသယ်ဘအူည်ဘကျွဲ ဖျော့တေ ကောက်ဆီယသယ်ဘအူည်တက်တစ်ခဲ့သော
အနေဝ်ရထာယတိုင်း ရှေးဟောင်းသာရေးခြွှာ ဗေဘကျွရထိုဖြစ်
ရေးထိုးခဲ့သော ပုံမြန်တော် ရှေးဟောင်းမေးထောက်တားနှစ်စာ




အနော်ရထာမင်းကြီးတည်၍ မပြီးစီးသော ရွှေစည်းခုံစေတီကြီးအား
သားတော်ကျန်စစ်သားမှ အပြီးတိုင်တည်ခဲ့ပုံ




ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော အာနန္ဒာဂူဘုရား



ဝင်းဗောဓိဘုရား ဌာပနာတိုက်အတွင်းမှ ရရှိသည့် အနော်ရထာမင်းရုပ်



ဝင်းဗောဓိဘုရားဌာပနာတိုက်အတွင်းမှ ရရှိသည့်ကျန်စစ်သားမင်းရုပ်

# မာတိကာ


၁။ ရာဇဝင်သမိုင်းကို ခြေရာခံခြင်း ၁၆

၂။ မြန်မာ့သမိုင်းထဲမှ ဥယျာဉ်မှူး ၂၉

၃။ အနော်ရထာမင်းလက်ထက်မြန်မာနိုင်ငံတော်ကို တည်ထောင်ပုံအဆင့်ဆင့် ၃၀

(က) ပဲခူး သထုံနှင့် ရခိုင်တို့ကို သိမ်းသွင်းခြင်း

(ခ) ဗုဒ္ဓဘာသာထွန်းကားလာသောပုဂံ

(ဂ) အင်အားတောင့်တင်းသောမြန်မာ့စစ်

၄။ ပုဂံပြည်၏အလင်းရောင် ၄၄

၅။ အနော်ရထာမင်းစော၏ ဘဝအဆုံးသတ် ၄၉

၆။ ချစ်ကံခေသောပဉ္စကလျာဏီမင်းသမီး ၆၀

၇။ မင်းခယောက်ဖကျန်စစ်သား ၆၇

၈။ မင်းကျန်စစ်နှင့် မဏိစန္ဒာ ၇၂

၉။ မင်းကျန်စစ်၏ ကံကြမ္မာ ၈၀

၁၀။ မင်းဖြစ်ခင်းကွဲ ၈၇

၁၁။ သံသယနောင်အိမ်အတွင်းမှ ကျန်စစ်သား ၉၄

၁၂။ ကျန်စစ်သား၏သစ္စာ ၁၀၀

၁၃။ အရွှာရှိဆန်သောသမိုင်းစာမျက်နှာများ ၁၀၅

၁၄။ ကျန်စစ်သား၏ချစ်မှုရေးရာ ၁၁၄

၁၅။ အတိတ်ဘဝမှ ဇာတ်ကြောင်းများ ၁၂၂

၁၆။ ပုဂံရာဇဝင်ထဲမှ အကွဲအလွဲများ ၁၄၀

၁၇။ မွန်နှင့်မြန်မာတို့၏ချစ်မေတ္တာသီး ၁၄၈

၁၈။ မြန်မာမင်းနှင့် မနုဟာမင်းဆက်ဆံရေး ၁၅၆

၁၉။ အလောင်းကောင်းသော်လည်း အခါနှောင်းခဲ့သည့်
ရာဇကုမာရ်မင်းသား ၁၆၆

၂၀။ ပြည်ချစ်သောမင်းကျန်စစ် ၁၇၀

၂၁။ ကျန်စစ်မင်းကြီး၏ကုသိုလ်တော် ၁၈၂

၂၂။ သုံးပွင့်ဆိုင်မေတ္တာဇာတ်လမ်း ၁၈၈

၂၃။ မင်းကျန်စစ်၏ဘဝနိဂုံး ၁၉၄

၂၄။ ကောင်းမှုမှတ်တမ်း (သို့မဟုတ်) မြစေတီကျောက်စာ ၂၀၀

၂၅။ ရာဇကုမာရ်ကျောက်စာ (သို့မဟုတ်)
မြစေတီကျောက်စာပါရှိမှ မြန်မာပြန်ဆိုချက် ၂၀၆

၂၆။ သားလိမ္မာ ရာဇကုမာရ် ၂၁၆

၂၇။ မြစေတီကျောက်စာရှိ မြန်မာဘာသာ ၂၂၄

၂၈။ မွန်ဘာသာဖြင့် ရေးထိုးထားသောမြစေတီကျောက်စာ ၂၂၉

၂၉။ ခေတ်ပြိုင်နှစ်ဦး၏ ပဋိပက္ခနှင့် သမိုင်းအမှန်လမ်းကြောင်း ၂၄၂

၃၀။ ရာဇကုမာရ်၏မြစေတီကျောက်စာပျူဘာသာ(သို့မဟုတ်)
ပျူအက္ခရာနှင့် သမိုင်းဆိုင်ရာ ငြင်းခုံမှုများ ၂၄၇

၃၁။ ရာဇကုမာရ်နှင့် မေတ္တာတရား၏ ပြယုဂ်များ ၂၅၆

၃၂။ မြစေတီကျောက်စာ၏ နောက်ဆုံးသတင်းနှင့်
ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ပြီ။ ၂၆၆

# ရာဇဝင်သမိုင်းကို ခြေရာခံခြင်း

ရာဇဝင်သမိုင်းဟူသည်ကား ... အတိတ်ကာလမှ လူမျိုးတစ်မျိုး သို့မဟုတ် နိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပျက်ခဲ့သော မင်းတို့၏ အတ္ထုပ္ပတ္တိ အကြောင်းရာတို့ကို ရေးသားမှတ်ထားခြင်းဖြစ်သည်။ ရာဇဝင်တွင် ဖော်ပြထားသောအကြောင်းရာ၊ အဖြစ်အပျက်တို့သည် "**အမှန်စင်စစ် ဖြစ်ပျက်ခဲ့ပါသည်**"ဟု သက်သေခံသော ရာဇဝင်အထောက်အထားများ ရှိရသည်။

ထို့ကြောင့် "**အထောက်အထား မရှိလျှင် ရာဇဝင်မဟုတ်**" ဟု ပြောဆို သတ်မှတ်ကြသည်။ ရာဇဝင်အဖြစ်အပျက်တစ်ခုသည် မုချအမှန် ဖြစ်ပျက်ခဲ့ပါသည်ဟု သက်သေခံသော အရာဝတ္ထုများကို (ရာဇဝင်အထောက်အထား)ဟုခေါ်သည်။ ရာဇဝင်တွင် ဖော်ပြထားသော အကြောင်းအရာတစ်ခုသည် တကယ်မုချဖြစ်ပျက်ခဲ့ပါသည်



... လုပ်ကြံပြောဆို ရေးသားထားခြင်း မဟုတ်ပါဟု အခိုင်အလုံ သက်သေခံနိုင်မှ လုံလောက်စိတ်ချရသော အထောက်အထား ဖြစ်သည်ဟု ယူဆသည်။

အခိုင်လုံဆုံးသော ရာဇဝင်အထောက်အထားများကား ... ကျောက်စာ၊ ပေစာနှင့် ရှေးဟောင်းပစ္စည်း)များ ဖြစ်ကြသည်။ မုချဖြစ်ခဲ့သော အကြောင်းအရာကို ကိုယ်တိုင်မြင်၊ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ကြား၊ ကိုယ်တိုင်သိသောသူ တစ်ဦးတစ်ယောက်က နောင်လာနောက်သားတို့အတွက် ရေးမှတ်ထားခဲ့သော မှတ်တမ်းများ ဖြစ်သည်။

ကျောက်စာသည် မုချဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုခုကို နောင်လူတို့ အမှတ်ရစေခြင်းအလို့ငှာ ရည်ရွယ်၍ ရေးထွင်းထိုးထားသော စာတမ်းဖြစ်သည်။ ထို့ကြောင့် ကျောက်စာသည် အခိုင်လုံဆုံး၊ စိတ်အချရဆုံးသော ရာဇဝင်အထောက်အထား ဖြစ်သည်။

ပေစာများသည်လည်း ကိုယ်တိုင်မြင်တွေ့ ကြားသိသူက ရေးသားထားလျှင် ကျောက်စာကဲ့သို့ပင် ခိုင်လုံသောအထောက်အထားများဖြစ်သည်။ သူတစ်ပါးထံမှ တစ်ဆင့်ကြားသောစကားသည် အမှားပါတတ်လေ၏။ ထို့ကြောင့် သူတစ်ပါးထံမှ တစ်ဆင့်ကြားနှင့်

"သေတမှတ်တမ်း"များသည် ... ကိုယ်တိုင် ကြားမြင်၍ ရေးသားထားသော မှတ်တမ်းလောက် စိတ်မချရပေ။ ... မှုအစစ်မဟုတ်ဘဲ တစ်ဆင့်ကူးယူရေးသားထားသော ... များသည် မှုအစစ်လောက် မခိုင်လုံချေ။

ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ်တွင်၊ အနော်ရထာမင်းသည် ပုဂံပြည်တွင်မင်းဖြစ်သည်။ အနော်ရထာမင်း မတိုင်မီခေတ်အတွင်းက ရေးထွင်းခဲ့သော ကျောက်စာအနည်းငယ်သာရှိသည်။ ပေစာများ မှာမူကား ပိုးခြပျက်ဆီးခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုဒဏ်၊ စစ်ဘေးစစ်ဒဏ်တို့ကြောင့်လည်းကောင်း ပျက်စီးကုန်သဖြင့် မတွေ့ နိုင်တော့ပေ။ ရှေးဟောင်းပစ္စည်းများသည်လည်း အနည်းငယ်သာ တွေ့နိုင်သည်။

ထို့ကြောင့် အနော်ရထာမင်းမတိုင်မီခေတ်များဖြစ်သော "တကောင်းခေတ်"၊ "သရေခေတ္တရာခေတ်" နှင့် "ပုဂံခေတ်" အရှေ့ပိုင်းတို့အတွက် ရာဇဝင်အထောက်အထားနည်းပါးလေသည်။ အနော်ရထာနန်းတက်သည့်အချိန်မှစ၍ ကျောက်စာပေစာပေါ်းများ စွာရေးသားထားခဲ့သည်။

ပုဂံပြည်ကို ၉-ရာစုအတွင်း တည်ထောင်ခဲ့သည်ဟုဆိုသော် လည်း ရှေ့ပိုင်းပုဂံမင်းဆက်များအကြောင်းကိုမူ၊ ရှေးရှေးမြန်မာ





ရာဇဝင်ကျမ်းများအရသာ ပြောနိုင်ကြသည်။ ခေတ်ပြိုင်အထောက် အထားများကို ကိုးကားပြောဆိုရန် အခွင့်အလမ်းမပေးသေး။ ရှေးဟောင်းရာဇဝင်ကျမ်းများကို မှီငြမ်းပြောဆိုရာ၌လည်း အငြင်း ပွားဖွယ် များလှသည်။ ထို့ကြောင့် ပုဂံရာဇဝင်ကို ပြောရာ၌ "ဘုတ်ထမ်းပြောရသည်" ဟု အဆိုပြုရသည်အထိ အငြင်းပွားစရာ များသည့် ရာဇဝင်ဖြစ်သည်။

သို့သော်လည်း အနော်ရထာမင်းနန်းတက်ပြီး ကျန်စစ်သားမင်း လက်ထက်တို့၌ ကျောက်စာရေးထိုးခြင်းအမှုရှိလာသဖြင့် သမိုင်း အထောက်အထားများ လက်တွေ့ပြသနိုင်လာခဲ့သည်။ အဓိကအား ဖြင့် ပုဂံရာဇဝင်၏ အတိမ်းအစောင်းကို ရာဇကုမာရ်ရေးထိုးခဲ့သော မြစေတီကျောက်စာသည် ဗျည့်မက်စေခဲ့သည့် သမိုင်းခြေရာခံခြင်း အစပြုသည်။

အနော်ရထာမင်းကား ရာဇကုမာရ်၏ အဘိုးတော်၌ ကျန်စစ် သားမင်းသည် ဖခမည်းတော် တော်၏။ သမိုင်းတန်ဖိုးကို များစွာ ပေးစွမ်းသော ရာဇကုမာရ်၏ မြစေတီကျောက်စာကို မေ့ထား၍ မဖြစ်ပေ။ ထို့အပြင် အနော်ရထာ၊ ကျန်စစ်သားနှင့် သားတော်ရာဇ ကုမာရ်တို့၏ ဇာတ်လမ်းတို့မှာလည်း ပုဂံရာဇဝင်တွင်သာမက ကမ္ဘာ ကပင် အသိအမှတ်ပြုလောက်အောင် ရှိခဲ့သည်။

အနော်ရထာမင်းမှအစပြု၍ သမိုင်းအတိတ်ကို ဆောင်း၍ကြည့်မည်ဆိုသော် ... ဝမ်းသာ၊ ဝမ်းနည်း၊ ကြေကွဲဆို့နင် အဖြစ်အပုံပုံနှင့် စုံလင်စွာ ခံစားရမည်သာတည်း။

◆ ◆ ◆ ◆ ◆

# မြန်မာ့သမိုင်းထဲမှ ဥယျာဉ်မှူး

ပုဂံခေတ်တွင် အနော်ရထာမင်းသည် ပုဂံ၊ ကျောက်ဆည်နယ်တစ်ပိုက်မှ ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအထိ ကျယ်ဝန်းလာအောင် နိုင်ငံသစ်ကို တည်ထောင်ခဲ့သည် မှန်သော်လည်း၊ ထိုမင်း နတ်ရွာစံတော်မူပြီးနောက်၊ ထိုနိုင်ငံသစ်ကို တည်တံ့ခိုင်မြဲလာအောင် ဆက်လက်ဆောင်ရွက်နိုင်သူ မပေါ်ပေါက်ခဲ့သော် ... မြန်မာနိုင်ငံသည် အဘယ်သို့ဖြစ်အံ့သည်ကို တွေးဆမရပေ။ သို့ရာတွင် နိုင်ငံသစ်ကို ရှိသေလေးစား၍ တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်နိုင်သော မင်းတစ်ပါး ပေါ်ပေါက်ခဲ့သည်။

ထိုမင်းကား ... အခြားမဟုတ် ကျန်စစ်သားမင်းပေတည်း။

သူ့အား မြန်မာ့သမိုင်းထဲ ဥယျာဉ်မှူးကြီးတာ တင်စားခေါ်ဝေါ်ကြသည်။ ကျန်စစ်သားမင်းအကြောင်းကို ဦးကုလား၏ မဟာရာဇဝင်

[illegible]ကြီး စသော ရာဇဝင်များသာမက၊ ယခုခေတ်တွင် ကျမ်းကျောက်စာများမှလည်း သိခွင့်ရလာပြီဖြစ်သည်။

အထူးသဖြင့် ထိုမင်းနှင့် စပ်လျဉ်း၍ ရာဇဝင်များ၌ မပါရှိသေးသော အချက်အလက်များကို ထိုမင်းလက်ထက်တွင် မွန်ဘာသာဖြင့် ရေးထိုးခဲ့သော ကျောက်စာများမှလည်းကောင်း၊ အချို့အချို့သော မြန်မာဘာသာဖြင့် ရေးထိုးခဲ့သော ကျောက်စာများမှလည်းကောင်း သိသာနိုင်ကြပြီဖြစ်သည်။ "ဒေါက်တာဗလက်ဂဒင်"သည် ကျန်စစ်သားမင်းကြီးလက်ထက် ရေးထိုးခဲ့သော မွန်ကျောက်စာများကို လေ့လာ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။

ကျောက်စာဝန်များဖြစ်ကြသော မစ္စတာတော်စိန်ခို၊ ပါမောက္ခ ဒူးရွာဇဲနှင့် ဦးမြတို့သည်လည်း ကျန်စစ်သားမင်းအကြောင်းနှင့် စပ်လျဉ်း၍ လေ့လာချက်များ ရေးခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ် ရှေးခေတ်မြန်မာနိုင်ငံသမိုင်းနှင့် အာရှအရှေ့များသမိုင်းဆိုင်ရာပါမောက္ခ၊ မြန်မာနိုင်ငံ သုတေသနအသင်း ရွှေတံဆိပ်ရ (ဂျီ၊ အိတ်၊ လုစ်)သည်လည်း ထိုမင်းအကြောင်းနှင့် စပ်လျဉ်းသော မိမိ၏လေ့လာချက်များကို "ရှေးခေတ်မြန်မာနိုင်ငံ"ဟူသော သမိုင်းကျမ်း၌ တင်ပြခဲ့ပြီးဖြစ်သည်။

ကျန်စစ်သားမင်းအကြောင်းကို မြန်မာရာဇဝင်များအရ





လည်းကောင်း၊ ကမ်းညွှန်းကျောက်စာ သုတေသနပုဂ္ဂိုလ်အသီးသီးတို့၏ လေ့လာတွေ့ရှိချက်များအရလည်းကောင်း ညှိနှိုင်းလျက် အမှန်ကန်ဆုံးဖြစ်အောင် ရေးသားတင်ပြကြကုန်သည်။ ပါးစပ်ရာဇဝင်ထက် သမိုင်းအထောက်အထားတို့ကို ကိုင်ဆုပ်ကိုးကားနိုင်ပြီဖြစ်သဖြင့် မှုံ့ရာဇဝင်ကို တုတ်မှုန်ဆန့်ပြောရန် မလိုတော့ပြီဟု ယူဆသည်။

အနော်ရထာမင်းနှင့် ပဉ္စကလျာဏီမင်းသမီးတို့မှ ဖွားမြင်သော ကျန်စစ်သားသည် ရာဇဝင်တွင် ထင်ရှားကျော်စော၍ နှလုံးရည်လက်ရုံးရည်နှင့် ပြည့်စုံသောမင်းတစ်ပါးဖြစ်သည်။ သူ့အား မဖွားမြင်မီ သူ၏မယ်တော် ပဉ္စကလျာဏီအား အနော်ရထာမင်း အမျက်သိုသဖြင့် ချင်းတွင်းမြစ်ကမ်းရှိ "ပရိမ္မ"ရွာသို့ ပို့ထားရလေရာ ထိုရွာ၌ပင် ကျန်စစ်သားမင်းကို ဖွားမြင်ခဲ့သည်။ ထို့ကြောင့် ကျန်စစ်သားသည် ငယ်စဉ်ကပင် ဆင်းရဲနွမ်းပါးစွာ နေထိုင်ခဲ့ရသဖြင့် ဆင်းရဲသားလူတန်းစားတို့နှင့် သင့်တင့်စွာ နေထိုင်နိုင်လေသည်။

ကျန်စစ်သားကား ဘုန်းတန်ခိုးနှင့် ပြီးပြည့်စုံသူဖြစ်၏။ သူ့အား ပဋိသန္ဓေနေသောအခါ ပုဂံတစ်ဝိုက်၌ မြေငလျင်ကြီး ပြင်းစွာလှုပ်လေ၏။ ထိုအခါ အနော်ရထာမင်းသော်လည်း ထိုမြေငလျင် လှုပ်ရခြင်းအကြောင်းရင်းကို ဟူးရားမြူ ဟူးရားညီတို့ကို မေးလေ၏။

ဟူးရားမြို့ ဟူးရားညီတို့လည်း တွက်ချက်စစ်လတ်ပြီးသော် အနော်ရထာမင်းကြီးအား လျှောက်တင်ကြလေ၏။

"အရှင်မင်းကြီးနောက်၌ မင်းပြုမည့်သူသည် မြောက်အရပ်၌ ခိုင်သနွှေ နေလေပြီ"ဟု တင်လျှောက်ကြလေ၏။ ထိုအခါ အနော်ရထာမင်းစောလည်း မြောက်အရပ်တွင် ရှိကုန်သော သန္ဓေရှိသည့် မိန်းမတို့ကို စစ်ကြောမေးမြန်း ရှာဖွေလျက် သတ်စေကုန်၏။ အနော်ရထာမင်းစော၏အမိန့်ကြောင့် မင်းလုလင်တို့ လက်ချက်ဖြင့် ကိုယ်ဝန်ဆောင် ခုနစ်ထောင်တို့သည် သေပွဲဝင်ကြရကုန်လေ၏။

ထို့နောက် ဟူးရားမြို့ ဟူးရားညီတို့အား လများမကြာမီ၌ ထပ်မံ၍ "ဤမင်းလောင်းကား - သေပြီလော"ဟု"အနော်ရထာမင်းစော မေးပြန်လေ၏။ ဟူးရားမြို့ ဟူးရားညီတို့လည်း နက္ခတ်စန်းလာဘ်ကို ကြည့်ပြီးသော် ...

"အရှင်မင်းကြီး၊ မင်းလောင်းကား မသေပြန်သေး ... အမိဝမ်းမှပင် ဖွားမြင်ပြီးလေပြီ"ဟု နားတော်လျှောက်ကြလေ၏။ ထို့ကြောင့် အနော်ရထာမင်းစောလည်း မင်းလုလင်တို့အား "သူငယ်နို့စို့အရွယ်၊ ပုခက်တွင်းရှိ ကလေးတို့အား စစ်မေး၍ သတ်စေ"ဟု အမိန့်ပေးပြန်လေ၏။ ထိုပုခက်တွင်းမှ သူငယ်နို့စို့အရွယ်တို့သည်လည်း မင်းလုလင်တို့လက်ချက်ဖြင့် ခြောက်ထောင်ကျော်မျှ သေကြ





ပြန်လေ၏။

ကာလကြာလတ်သောအခါတွင်မှ ထိုမင်းလောင်းအရေးကို သတိတရဖြစ်လာပြန်ရာ ... အနော်ရထာမင်းစောသည် ဟူးရားမြို့ ဟူးရားညီတို့အား ညီလာခံသဘင်တွင် မေးပြန်လေ၏။

"အရှင်မင်းကြီး၊ ဤမင်းလောင်းကားဘေးသေဘေးမှ လွတ်လျက် ယခုအခါ ဒွါးကျောင်းသားသူငယ်အရွယ် ရှိလေပြီ"ဟု လျှောက်ထားကြပြန်လေ၏။ ထိုအခါတွင်လည်း အနော်ရထာမင်းစောသည် များစွာ တုန်လှုပ်မှုဖြစ်လျက် စာသင်ကျောင်းသားအရွယ်တို့ကို ရှာဖွေ၍ သတ်စေပြန်လေ၏။ မင်းလုလင်တို့၏ လက်ချက်ဖြင့် ငါးထောင်ကျော်သော သူငယ်တို့ သေဆုံးကြရပြန်လေ၏။

အမိအဘတို့ ဖက်၍ထွေးကြသဖြင့် ကျန်စစ်သားမှာ သတ်ရာတွင် ပါရှိမသွားပေ။ ရာဇဝင်ကျမ်းတို့၌ ဤသို့ အနော်ရထာမင်းကြီး သတ်ရာတွင် မပါရှိဘဲ ကျန်ရစ်သည်ကို အကြောင်းပြု၍ (ကျန်ရစ်သား) ဟု ခေါ်တွင်ကြောင်း ရေးသားကြသည်။ အချို့သော ရာဇဝင်ကျမ်းတို့၌ "ဤသူငယ်ကား ကြန်အင်လက္ခဏာနှင့် ပြီးပြည့်စုံသည်ကို အကြောင်းပြု၍ စစ်မှန်သော ကြန်အင်္ဂါရှိသူ ဖြစ်သော ကြောင့် (ကြန်စစ်သား)ဟု ခေါ်တွင်ကြောင်း ပြဆိုပြန်၏။ စစ်ကိုင်းတိုင်း မြိုင်မြို့နယ်အတွင်းရှိ(ပရိမ္မ)အရပ်တွင် ဖွားသောကြောင့် "ပရိမ်

စစ်သား"ဟူ၍လည်း ခေါ်တွင်ကြောင်း ရေးသားကြသည်။

ကျွန်စစ်သား၏ မယ်တော်ပဥ္စကလျာဏီသည် ဝေသာလီပြည်ရှိ ဝေသာလီမင်းမှ အနော်ရထာကို ဆက်သသော မင်းသမီးဖြစ်သဖြင့် "ဘာသာခြားမင်းသမီး"တစ်ဦးသာလျှင် ဖြစ်ချေသည်။ ထိုမင်းသမီးသည် ကျွန်စစ်သားအား အရွယ်ရောက်လေလျှင် ဆရာတော်တစ်ပါးထံတွင် အပ်နှံ၍ မင်းဘေးအဏ်မှ လွတ်စေခြင်းအလို့ငှာ ရဟန်းဝတ်ပေးထားလေ၏။ အနော်ရထာမင်းစောလည်း ဟူးရားဖြူ ဟူးရားညိုတို့အား အမှတ်တရ ရှိလာသောအခါ မင်းလောင်းကိစ္စအား မေးမြန်းလေ၏။

ထိုအခါ ... ဟူးရားဖြူ ဟူးရားညိုတို့သည် မိမိတို့သိမြင်သည့်အတိုင်း "အရှင်မင်းကြီး၊ ယခုအခါ ထိုမင်းလောင်းမှာ မသေမပျောက်သည့်အပြင် ရဟန်းဝင်ပြုလျက် ရှိနေလေပြီ"ဟု လျှောက်တင်ကြလေသည်။

"ဤသို့ဆိုလျှင် ငါသည် အဘယ်သို့အကြောင်းဖြင့် ထိုအရှင်ကို သိမြင်ရမည်နည်း"

"အရှင်ဘုရား၊ သိခွင့်ရစေရန် ရဟန်း၊ ပဥ္စင်းတို့အား နန်းတွင်းသို့ ပင့်ကြားလျက် ဆွမ်းလုပ်ကျွေးတော်မူခြင်းဖြင့် သိနိုင်ပါသည် ဘုရား"



"အိမ်း၊ ကောင်းလေစွ"

"ထိုသို့ ဆွမ်းပင့်ကျွေးပြီးအဆုံး၌ အရှင်မင်းကြီးကိုယ်တိုင် ကရားဖြင့် ရေတိုက်တော်မူလျှင် မင်းဖြစ်မည့်သူ၏ ခံတွင်းမှ စက်ရောင်ပြောင်ရှင်း၊ အလင်းတို့ထွက်လာသည်ကို ရှုမြင်ရမည် ဖြစ်ပါသည် ဘုရား"

အနော်ရထာမင်းကြီးလည်း မိမိ၏နန်းစည်းစိမ်အား လုယူမည့်အရေးကို စိတ်မအေးသောကြောင့် ဟူးရားဖြူ ဟူးရားညိုတို့ လျှောက်တင်သည့်အတိုင်း ပုဂံအရပ်ရှိ ရဟန်း၊ ပဥ္စင်းပျိုတို့အား နန်းတော်တွင်း၌ပင် ဆွမ်းပင့်၍ အလုပ်ကျွေးပြုလေ၏။ ဆွမ်းစားပြီးသည်နှင့် မင်းကြီးသည် ရွှေကရားဖြင့် ရေကို တစ်ပါးချင်းစီ ဆက်ကပ်ပြန်၏။ ရေသောက်ခြင်းအမှုကို ပြုကြသောရဟန်းပျိုတို့၏ မျက်နှာနှင့် အာခံတွင်းအား စေ့ငုသေချာ ရှုစိမ့်လေ၏။ ဤသို့ဖြင့် အနော်ရထာမင်းကြီးသည် အစဉ်အတိုင်း ရဟန်းပဥ္စင်းပျိုတို့အား ပင့်၍ ဆွမ်းလုပ်ကျွေးကာ ရေတိုက်တော်မူလေ၏။

တစ်နေ့သ၌ ကျွန်စစ်သားလုလင် ရဟန်းပျိုအပါအဝင် ရဟန်းပဥ္စင်းပျိုတို့ နန်းတော်သို့ ဆွမ်းစားဝင်ရန် အလှည့်ကျရောက်လာလေတော့သည်။ ထိုရဟန်းပျိုတို့လည်း အစဉ်အတိုင်း ဆွမ်းစား၊ ရေဆက်ကပ်တော်မူကြပြီးနောက် ကျွန်စစ်သားပဥ္စင်းပျိုအလှည့်

ရောက်လေ၏။ ဆွမ်းဘုဉ်းပေးပြီးသဖြင့် အနော်ရထာမင်းစောသည် ရွှေကရားမှရေကို ငုံ့ကာ ကပ်တော်မူလေ၏။

"အရှင်ဘုရား၊ သောက်ရေသုံးဆောင်ရန် ကပ်တော်မူပါသည်"

ကျန်စစ်သားပဥ္စင်းပျိုလည်း မင်းကြီးကပ်သော ရေခွက်ကို ယူ၍ နှုတ်ခမ်းတွင် တေ့လိုက်သည်နှင့် အာခံတွင်းမှ စက်ပြောင် ဝင်းသောအလင်းတို့ လျှံသည်ကို မျက်ဝါးထင်ထင် ရှုမြင်ရလေ၏။

ထိုအခိုက် အံ့ဩထိတ်လန့်ဖြစ်သဖြင့် လက်တွင် ကိုင်ဆုတ်ထားသော ရွှေကရားပင် လွှတ်ကျ၍ လန်လေ၏။ **(ကရားလန်သောကြောင့် ကရားလန်စစ်သားတူ၍လည်းကောင်း၊ နောင်တွင် ကျန်စစ်သားတူ၍လည်းကောင်း မည်တွင်ကြောင်း သမိုင်းတောင်း တစ်ခုတွင် ရေးမှတ်ထားရှိခဲ့သည်။)**

အနော်ရထာမင်းကြီးလည်း ကျန်စစ်သားပဥ္စင်းပျိုအား ဤသို့ မေးလေ၏။

"အရှင် အဘယ်အရပ်တွင် သီတင်းသုံးလေသနည်း။ အရှင်၏ ဘွဲ့နှင့် ဥပဇ္ဈယ်ဆရာတို့ကို သိလိုပါသည်"

ကျန်စစ်သားပဥ္စင်းပျိုလည်း မင်းကြီးမေးသမျှကို ဖြေဆိုပြီးသော် မိမိကျောင်းရှိရာသို့ ပြန်ကြွလေ၏။ ထိုအခါမှ အနော်ရထာသည် မိမိမြင်တွေ့ရသော အာခံတွင်းမှ စက်လျှံအညီးညီးဖြင့် ပြောင်လင်း





...မ်းလက်သော ထိုရှာန်းကို အကြောင်းပြု၍ ဟူးရားဖြူ ဟူးရားညို ...ို့အား အမေးရှိလေသည်။

"ဤရှာန်းပျိုကား ... ငါ၏ စည်းစိမ်ကို လုမည်လော"


ဟူးရားဖြူ ဟူးရားညိုတို့သည် နက္ခတ်တာရာနှင့်တကွ နိမိတ် ...သူးထူးကို မိမိပညာစွမ်းဖြင့် အကဲဖြတ်ပြီးသော် ဤသို့ လျှောက် ...င်လေသည်။

"အရှင်မင်းကြီး၊ ... စိုးရိမ်တော် မမူပါလင့်၊ အရှင်မင်းကြီး ...နှံပြီး၊ နောက်တစ်ဆက်သောမင်းအဆုံး၌ ဤပဥ္စင်းပျိုသည် ...နန်းရိုက်စိုးစံ အရာခံမည်ဖြစ်ကြောင်း တွေ့မြင်ရပါသည်ဘုရား"

လျှောက်တင်ချက်အဆုံး၌ အနော်ရထာမင်းစောသည် များစွာ ...ဝေဂဖြစ်ကာ ညည်းတွားလေ၏။

"သင်တို့ ယခုမှသည် စကားကို ငါ့အား လျှောက်ကြ၏။ ...နောက် တစ်ဆက်လွန်မှသော် မည်သူပင် မင်းပြုပြု ငါမမှု။ ...မွေးပင်ပြုပြု ဝက်ပင်ပြုပြု ငါ အရေးမထား။ ယခုသော် ... ငါ့ ...ည်းစိမ်ကို လုလိမ့်မည်အထင်ဖြင့် များစွာသော သူငယ်တို့ကို ...ငါ သတ်မိလေပြီတကား"

ဤသံဝေဂသည် အနော်ရထာမင်းကြီးအား ထိတ်လန့်တုန်လှုပ် ...သွားစေလေ၏။



အနော်ရထာမင်း၏ ဘွဲ့တံဆိပ် အုတ်ခွက်စာ

◆ ◆ ◆ ◆ ◆

# အနော်ရထာမင်း ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ပုံအဆင့်ဆင့်

ကျန်စစ်သားနှင့် ရာဇကုမာရ်တို့၏အကြောင်းကို ရေးသားရာတွင် အဘိုးနှင့် ဖခင်တော်ဝပ်သော အနော်ရထာမင်းတောအကြောင်းကို ချန်လှပ်ထားခဲ့၍ မဖြစ်ပေ။ ဆက်စွယ်နေသောကြောင့် အနော်ရထာမင်းလက်ထက် ပထမမြန်မာနိုင်ငံတော်ကြီးကို ဘယ်ကဲ့သို့ အဆင့်ဆင့် သိမ်းသွင်းတည်ထောင်ခဲ့ကြောင်း အကျဉ်းမျှ တင်ပြလိုက်ပါမည်။

အနော်ရထာမင်း ၁၀၄၄ ခုနှစ်တွင် ပုဂံပြည်ထီးနန်းကို သိမ်းပိုက်သောအချိန်တွင် ရှမ်း၊ မွန်၊ ရခိုင်စသော လူမျိုးတို့သည် ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်စွာ တစ်သီးတခြား နေထိုင်လျက်

ရှိကြသည်။ အနော်ရထာမင်းပြုသော ပုဂံပြည်ကား … ဧရာဝတီမြစ်ဝှမ်းအလယ်ပိုင်းတွင် တည်ရှိ၍ အဆိုပါ မွန်၊ ရှမ်း၊ ရခိုင်တိုင်းနိုင်ငံများက ဝိုင်းရံလျက်ရှိကြသည်။

အနော်ရထာသည် "စည်းလုံးခြင်းသည် ခွန်အားဖြစ်သည်" ဆိုသော စကားအတိုင်း၊ ဤသို့ အကွဲကွဲအပြားပြားဖြစ်လျက်နေသော တိုင်းငယ်ပြည်ငယ်တို့ကို သိမ်းသွင်းပြီး၊ ခွန်အားတောင့်တင်း၍ အခြားနိုင်ငံတို့က လေးစားခန့်ညားရသော မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရန် အကြံရှိလေသည်။

ထိုအခါ တိုင်းငယ်၊ ပြည်ငယ်များကို သိမ်းသွင်းပြီး မြန်မာနိုင်ငံတော်ကြီးကို တစ်လုံးတစ်စည်းတည်းဖြစ်အောင် ဆောင်ရွက်ရာ၌ မိမိနိုင်ငံက စစ်သည်အင်အားတောင့်တင်းမှ အောင်မြင်လိမ့်မည်ဖြစ်သည်။

စစ်သည်အင်အားတောင့်တင်းမှုတွင် အရေးကြီးသောအချက်မှာ စစ်သည်တော်တို့အား လုံလောက်သော ရိက္ခာများကို ထောက်ပံ့နိုင်ခြင်းပင်ဖြစ်သည်။ ရိက္ခာလုံလောက်ရန်မှာ နိုင်ငံတော်၏ စီးပွားရေးခိုင်ခံ့မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် အနော်ရထာမင်းသည် စီးပွားရေးကို ဦးစားပေးလျက် ဆည်မြောင်း၊ ကန်ချောင်းတို့ကို ပြုပြင်တည်ဆောက်၏။ ယင်းနောက် ၁၀၀၀ မြို့ ၅၀၀ ပြုစသော မြို့ရွာများကို စီမံ

စိုးဘာဝေ



တည်ထောင်စေခြင်းအားဖြင့် စစ်သည်စုဆောင်းရေးတွင် လွယ်ကူစေသည်။

ထို့အပြင် သူရသတ္တိနှင့် ပြည့်စုံသော လူစွမ်းကောင်းများကိုလည်း မွေးမြူထားရှိ၏။ ဤသို့ ဆောင်ရွက်စရာရှိသည့် ကိစ္စများကို ဆောင်ရွက်ပြီး အဆင်သင့်ရှိသောအခါ နယ်ချဲ့စစ်ပွဲများကို စတင်တိုက်ခိုက်တော့လေသည်။

## ပဲခူး၊ သထုံနှင့် ရခိုင်တို့ကို သိမ်းသွင်းခြင်း

သက္ကရာဇ် ၁၀၅၇ ခုနှစ်တွင် ရှေးဦးစွာ ဗိုလ်ကြက်တော်ကို အကြောင်းပြု၍ မွန်တို့၏ မင်းနေပြည်တော် သထုံမြို့ကို ချီတက်တိုက်ခိုက်ရာ အောင်မြင်လေသဖြင့် မွန်တို့ အနော်ရထာလက်အောက်သို့ ရောက်ရတော့သည်။ သထုံကို ချီတက်ရာတွင် ဥသာပဲခူးမှာ စစ်ချီရာလမ်းကြောင်းတွင် ကျရောက်နေသောကြောင့် ပဲခူးကိုပါ တိုက်ခိုက်သိမ်းယူခဲ့သည်။

ဥသာပဲခူးသို့ ဗမာစစ်သည်များ လာရောက်တိုက်ခိုက်သောကြောင့် ဥသာမင်းက အနော်ရထာထံ စစ်ကူတောင်းသည်ဆိုရာ၌ လက်အောက်ခံမင်းအနေဖြင့် အကူအညီတောင်းခြင်းမျှသာဖြစ်သည်။ မွန်တို့နိုင်ငံ သထုံ၊ ပဲခူးတို့ကို သွတ်သွင်းပြီးနောက် မင်းဘူး၊ ထဲ

စိုးဘာဝေ

မြို့များမှ အန်းတောင်ကျော်လမ်းကိုဖြတ်ပြီး ရခိုင်ပြည်မြောက်ပိုင်းသို့ ချီတက်ခဲ့သည်။ စစ်တွေရှိ မြင်စာအရပ်တွင် ရခိုင်မင်းမှ အညံ့ခံလေသဖြင့် ရခိုင်ပြည်မြောက်ပိုင်း တစ်ခုလုံးကို ရလေသည်။

ထို့နောက် အနော်ရထာမင်းသည် တိုင်းခမ်းလှည့်လည်လေရာ ရှမ်းပြည်နယ်ထိတိုင်ရောက်၍ ရှမ်းစော်ဘွားများက အလိုအလျောက် ခိုဝင်လာကြပြန်သည်။ ရှမ်းပြည်မှ ဆက်လက်၍ ယူနန်နယ် (နန်ချောင်)တာလီဖူမြို့သို့ ချီတက်ရာ၊ ယူနန်မင်း "ဥတည်"က ကောင်းမွန်စွာ ဧည့်ခံပြုစု၍ မြဆင်းတုတစ်ဆူပင် ကိုးကွယ်ရန် ပေးလိုက်သည်။ နန်ချောင်မှအပြန် မောရှမ်း(မိုးကောင်း)သို့ဝင်ပြီး ရှမ်းစော်ဘွားတို့၏ အပူအပြောကို ခံတော်မူလေ၏။ မောစော်ဘွားက သမီးတော် "စောမွန်လှ"ကို ဆက်သလိုက်သည်။

ထို့နောက် အနော်ရထာမင်းသည် ဝင်းမယ်ကို ဆက်လက်သိမ်းယူပြန်၏။ ထိုမှတစ်ဆင့်၊ ယိုးဒယားနယ်၊၊ ကမ္ဘောဒီးယားနယ်စသော အရှေ့တောင်ရှိ နယ်များကို သိမ်းယူသည်။ ယိုးဒယားရာဇဝင်၌ ကိုချင်ချိုင်းနားပြည်အထိ အနော်ရထာမင်းဇော ချီတက်တိုက်ခိုက်ကြောင်း ပါရှိသည်။

ထို့အပြင် ... ဘင်္ဂလားနယ်၊ စစ်တကောင်းမြို့သို့လည်း အနော်ရထာမင်း ရောက်ခဲ့သည်။ ဝေသာလီမင်းသမီး ပဥ္စကလျာဏီ



အား ဆက်သခံရခြင်းကိုထောက်၍ ဘင်္ဂလားအရှေ့ပိုင်းထိ အနော်ရထာမင်း၏ တန်ခိုးဩဇာလွှမ်းမိုးကြောင်း သိရသည်။ ထို့ကြောင့် အနော်ရထာမင်းနှင့် ဝေသာလီမင်းသမီး ပဥ္စကလျာဏီတို့မှ ဖွားမြင်သော ကျွန်စစ်သားသည် အဖဘက်မြစ်၊ အမိဘက်မြစ်ကို ကြည့်ခြင်းအားဖြင့် လူမျိုးခြားသွေးပါကြောင်း ငြင်း၍မရပေ။

ဤသို့ဖြင့် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ရာ၌ အနော်ရထာမင်းသည် ရခိုင်နယ်အောက်ပိုင်းကို ချန်လှပ်၍ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းငယ်၊ ပြည်ငယ်အားလုံးကို သိမ်းသွင်းပြီး မိမိ၏ဘုန်းတန်ခိုးဩဇာအာဏာသည် ဇင်းမယ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနားစသော နယ်များသို့လည်းကောင်း၊ မလေးကျွန်းဆွယ်မြောက်ပိုင်း၊ တနင်္သာရီ၊ ထားဝယ်၊ မြိတ်နယ်များတိုင်အောင် ပျံ့နှံ့ခဲ့သည်။

သထုံပြည်သည် မွန်လူမျိုးတို့၏ အချက်အချာမြို့ မွန်မင်းများစံရာမြို့တော်လည်းဖြစ်သည်။ အနော်ရထာသည် သထုံမြို့ကို မင်းနှင့်တကွ သိမ်းယူရရှိသောအခါ မွန်လူမျိုးအားလုံးသည် အနော်ရထာ၏ လက်အောက်ခံဖြစ်လာတော့သည်။ မကျိုးမနွံသေးသော တိုင်းငယ်ပြည်ငယ်များမှ မင်းများသည်လည်း အနော်ရထာအား ကျိုးနွံလာရကာ အနော်ရထာလက်အောက်သို့ ခိုဝင်လာကြကုန်၏။

ဤသို့ တိုင်းငယ်၊ ပြည်ငယ်များ ဝင်ရောက်ခိုလှုံလာကြသဖြင့် လူအင်အား၊ စစ်သည်အင်အား တောင့်တင်းလာသောကြောင့် ရှမ်းပြည်၊ ရှိုင်ပြည်စသည်တို့ကို ချိတက်တိုက်ခိုက်နိုင်ခြင်းဖြစ်သည်။ အနော်ရထာမင်း၏ ပိုင်နက်နယ်ပယ်များ ကျယ်ဝန်းလာသဖြင့် တန်ခိုးအာဏာသြဇာမှာ ကြီးမားလွှမ်းမိုးလာလေသည်။

## ဗုဒ္ဓဘာသာထွန်းကားလာသောပုဂံ

အနော်ရထာသည် သထုံပြည်မှ ပိဋကတ်တော်များ ရရှိလာသဖြင့် ရှင်အရဟံ၏ဆန္ဒ ပြည့်စုံကာ၊ ပုဂံပြည်၌ ကောင်းစွာ သာသနာပြုနိုင်လေသည်။ သထုံပြည်မှ ကျမ်းဂန်တတ်မြောက်သော ရဟန်းတော်များလည်း ပါလာသောကြောင့် သာသနာပြုကိစ္စတွင် ရှင်အရဟံအား များစွာ ကူညီကြသဖြင့် ဗုဒ္ဓသာသနာတော်ကြီးသည် ပုဂံပြည်တွင် အထူးတိုးတက်ထွန်းကားလာတော့သည်။

များမကြာမီ ... အရည်းကြီးတို့၏ မဟာယာနဗုဒ္ဓဘာသာမှာ ပျက်စီးကွယ်ပျောက်ပြီးလျှင် ဟိနယာနထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ် ထွန်းကားလာပြီးသော် အရှေ့တစ်လွှားတွင် ပုဂံပြည်သည် ဗုဒ္ဓဘာသာ၏ ဗဟိုအချက်အချာမြို့ကြီး ဖြစ်လာတော့သည်။

ရှေးအခါက အရည်းကြီးတို့ ဩဇာလွှမ်းမိုးသော ခေတ်ကာလ





တွင် ပုဂံပြည်သူပြည်သားတို့သည် တရားအမှန်ကို မရရှိနိုင်ကြသောကြောင့် အကျင့်သီလမရှာဘဲ၊ ရုန့်ရင်းကြမ်းတမ်းသော စိတ်သဘောရှိကြ၏။ အနော်ရထာမင်း သထုံပြည်ကို စစ်နိုင်ပြီးနောက်ပိုင်း၌မူကား ... ဗုဒ္ဓဘာသာ၏ တရားအစစ်အမှန်ကို ရရှိပြီး ရဟန်းတော်များ၏ အဆုံးအမကို ခံယူရကြသောကြောင့် စိတ်နှလုံးသိမ်မွေ့နူးညံ့လာကြတော့သည်။

အရည်းကြီးတို့၏ မှားသောအယူဝါဒကို စွန့်ပယ်လိုက်ကြသဖြင့် သေရည်သေရက် သောက်စားမူးယစ်ခြင်း၊ ကြက်ငှက်တို့ကို သတ်ဖြတ် ယစ်ပူဇော်ခြင်း စသော မဖွယ်ရာသည့် အကျင့်အကြံအပြုအမူများ ပပျောက်ပြီးလျှင် ဘာသာတရား၌ စိတ်ဝင်စားကာ တရားအားထုတ်ခြင်း၊ ကျောင်းကန်ဘုရားများ ဆောက်လုပ်လှူဒါန်းခြင်း၊ အလှူဒါနပေးကမ်းစွန့်ကြဲခြင်း စသော ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြလေသည်။

သထုံပြည်မှ ကျမ်းတတ်ပုဂ္ဂိုလ်၊ ရှင်၊ လူ၊ ရဟန်းများစွာ ပါလာလေသဖြင့် ပုဂံပြည်တွင် တပေလိုက်စားကြကုန်၏။ ရှေးက ကျမ်းဂန်များကို သသ်ကရိုင်ဘာသာနှင့် ရေးထားသည်ကို ပါဠိဘာသာဖြင့် ပြန်လည်ရေးသားကြသည်။ ပုဂံပြည်သူပြည်သားတို့သည် တပေဝါသနာ ပါလာပြီး တပေကို လေ့လာဆည်းပူး

ကြသည်။ အများအားဖြင့် ပါဠိဘာသာဖြင့် ကျမ်းပြုကြသည်ကို တွေ့လာရသည်။ မြန်မာစာကိုလည်း ရေးသားစပြုလာပြီး မြန်မာဘာသာသက်သက်နှင့်လည်း ဘွဲ့လင်္ကာများကို စီကုံးရေးသား လာကြသည်။

နက္ခတ်၊ ဗေဒင်၊ အင်္ဂရိတ် စသော လောကီအတတ်ပညာများကိုလည်း လေ့လာဆည်းပူးလာကြသည်။ သထုံမှ ပုဂံသို့ ခေါ်ဆောင်လာသော သုံ့ပန်းတို့အထဲတွင် ပန်းချီ၊ ပန်းပဲ၊ ပန်းပု၊ ပန်းရံတတ်သူ လက်မှုပညာသည်များ ပါလာကြသည်။ နောက်ကာလတွင် ပုဂံကောင်းစားသော ခေတ်အတွင်း အိန္ဒိယ၊ သီဟိုဠ်စသော နိုင်ငံများမှ လက်မှုပညာသည်များ အကူအညီဖြင့် အံ့ဩလောက်အောင် လှပတင့်တယ်၊ ကြီးကျယ်ခမ်းနားသော ဘုရား၊ ပုထိုး၊ လိုဏ်ဂူ၊ စေတီတော်ကြီးများကို ပန်းချီ၊ ပန်းပုတို့ဖြင့် မွမ်းမံခြယ်လှယ်ကာ တည်ဆောက်ခဲ့ကြလေ၏။

ဤကား အနော်ရထာမင်း သထုံကို တိုက်ခိုက်အောင်မြင်ခြင်း၏ အကျိုးကျေးဇူးတို့ဖြစ်သည်။



## အင်အားတောင့်တင်းလာသော မြန်မာ့မြေ

ပုဂံပြည်ကို တည်ထောင်ကာစမှ မြန်မာမင်းများသည် တန်ခိုးသြဇာများစွာ မရှိဘဲ ပုဂံပြည်သူပြည်သားများသည် ယဉ်ကျေးမှု အဆင့်အတန်းလည်း မမြင့်မားသေးပေ။ သို့သော် နှစ်ပေါင်းများစွာ ပျူလူမျိုးတို့နှင့် ရောနှောနေထိုင်ရင်း ပျူတို့ထံမှ ယဉ်ကျေးမှုများ ရရှိခဲ့သည်။ ထို့နောက် မြန်မာတို့သည် ပျူတို့နှင့် သွေးနှောကာ ပျူလူမျိုးတို့ တဖြည်းဖြည်း ကွယ်ပျောက်သွားပြီး မြန်မာများသာ ကျန်ရစ်၏။

အနော်ရထာမင်း နန်းတက်စအချိန်ကာလ၌မူကား ပျူနှင့် မြန်မာဟူ၍ လူမျိုးနှစ်မျိုး မခွဲခြားဘဲ မြန်မာလူမျိုးတစ်မျိုးတည်း ဖြစ်လာသဖြင့် မြန်မာတို့လူဦးရေများပြားလာပြီး အင်အားတောင့်တင်း လာလေသည်။

[ဦးကြည် ရာဇဝင်ကထိက၊ ပညာရေးတက္ကသိုလ် ရေးသားခဲ့သော မြန်မာရာဇဝင် သိအပ်ဖွယ်ရာအကြောင်းအရာ။ ၁၉၆၂ ခုနှစ်။]

ရှေးကမြန်မာတို့သည် မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းတွင် အနှံ့အပြား နေထိုင်ကြ၏။ ကျောက်ဆည်၊ မြင်းခြံ၊ ပုဂံ၊ တောင်တွင်းကြီး၊ မုံရွာ၊ ရွှေဘို စသောနယ်များတွင် တစ်သီးတခြား နေထိုင်ကြသည်။ ပုဂံတွင် အုပ်စိုးသော ပုဂံမင်းတို့သည် ပုဂံ

ပတ်ဝန်းကျင်၌ နေထိုင်သော မြန်မာများအပေါ်၌သာ ဩဇာရှိ၍ အခြားဒေသများ၌ နေထိုင်သောမြန်မာများအပေါ်တွင် ဩဇာရှိပုံ မရချေ။

အခြားဒေသများတွင် နေထိုင်ကြသော မြန်မာတို့သည် သူတို့၏ အကြီးအကဲများကိုသာ လေးစားကြဟန်တူ၏။ ထို့ကြောင့် မြန်မာများသည် တစ်စည်းတစ်လုံးတည်း မဖြစ်ကြသေးပေ။

၁၀၄၄ ခုနှစ်၊ အနော်ရထာမင်းစော နန်းတက်သောအခါ တွင်ကား မြန်မာတို့သည် တစ်ကွဲတစ်ပြား နေထိုင်ကြသော်လည်း မြန်မာလူမျိုးဟူသော လူမျိုးစု စိတ်ဓာတ်ဖြစ်ပေါ်လာဟန်တူလေ၏။ မြန်မာပြည်အရပ်ရပ်တွင် နေထိုင်ကြသော မြန်မာအားလုံးကို တစ်စည်းတစ်လုံးတည်းဖြစ်အောင် လုပ်ပေးနိုင်သော ခေါင်းဆောင် ပေါ်ပေါက်လာမှုကား ... မြန်မာတို့ကို လွယ်ကူစွာ စည်းလုံး နိုင်သော အချိန်အခါဖြစ်သည်။

အနော်ရထာမင်းသည် ဘုန်းတန်ခိုးနှင့် ပြည့်စုံ၍ မြန်မာတို့ကို စည်းလုံးခေါင်းဆောင်နိုင်သော အရည်အချင်းရှိ၏။ ထို့ကြောင့် အနော်ရထာမင်း နန်းတက်လာသောအခါ မြန်မာများကို စည်းလုံး နိုင်သောကြောင့် မြန်မာ့မြေသည် စည်းလုံးညီညွတ်မှု ရှိလာသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းသည် မည်မျှပင် အရည်အချင်းနှင့် ပြည့်စုံ



သော်လည်း ယင်းအား ကူညီမည့် အမှုထမ်းအရာထမ်းကောင်းများ မရှိလျှင် အုပ်ချုပ်ရေးတွင် မအောင်မြင်နိုင်ချေ။

အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စစ်ရေးများတွင် ကျွမ်းကျင်သော အရာထမ်း၊ အမှုထမ်း၊ မှူးမတ်သေနာပတိများသည် ဘေကရာဇ် တို့၏ ဘုန်းတန်ခိုးတိုးတက်ကြီးမြင့်အောင် ဖန်တီးပေးသောသူများ ဖြစ်သည်။ ထို့ကြောင့် ရှင်ဘုရင်၏ သစ္စာတော်ကို စောင့်သိရိုသေ အမှုထမ်းကောင်းများ ရှိဖို့ လိုအပ်ပေသည်။

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ရာတွင် အနော်ရထာ မင်း၌ လက်ရုံးသဖွယ် အားကိုးရသော သူရဲကောင်းအမှုထမ်းများ ရှိခဲ့သည်။ နိုင်ငံတည်ထောင်ရာ၌ စွမ်းရည်သတ္တိနှင့် ပြီးပြည့်စုံ၍ စစ်ရေးကျွမ်းကျင်သော သစ္စာရှိ သူရဲကောင်းများ လိုပေသည်။ အနော်ရထာသည် ထိုအရည်အချင်းများနှင့် ပြီးပြည့်စုံသော သူရဲ ကောင်းများကို လက်သပ်မွေးမြူထားသောကြောင့် သူ၏ တိုက်ပွဲ များတွင် အောင်မြင်မှု ရရှိ၏။ ကျန်စစ်သား၊ ငှသင်ဦးဗီး၊ ငထွေးရူး သုံးလက်ဖယ်စသော လူစွမ်းကောင်း စစ်သူကြီးများသည် အနော် ရထာ၏ လက်ရုံးသဖွယ် အားကိုးရသော အမှုထမ်းကောင်းများ ဖြစ်ကြသည်။

မြန်မာ့သမိုင်းအစပိုင်းကို ပြန်ကြည့်လျှင် မြန်မာလူမျိုးတို့

မြန်မာပြည်သို့ ဝင်မလာမီ နှစ်ပေါင်းများစွာမှစ၍ မွန်တို့သည် မြန်မာပြည်အောက်ပိုင်းတွင် အခြေစိုက်ကာ ကိုယ့်မင်းကိုယ်ချင်းနှင့် နေခဲ့ကြသည်။ မွန်တို့ကား ... ယဉ်ကျေးမှုအရာ၌ မြန်မာတို့ထက် စောစွာရရှိခဲ့ကြောင်း တွေ့နိုင်သည်။ မြန်မာတို့တွင် ဘုရင်မရှိသေးဘဲ အကြီးအကဲများ အုပ်ချုပ်နေသောအချိန်တွင် မွန်တို့သည် ဘုရင်၊ မြို့စား၊ ရွာစားများနှင့် အုပ်ချုပ်လျက် ရှိကြသည်။

သို့သော် မွန်လူမျိုးအားလုံးသည် ရှင်ဘုရင်တစ်ပါးတည်း၏ လက်အောက်ခံကျေးကျွန်များ မဟုတ်ချေ။ မွန်ဒေသတွင် တိုင်းငယ် ပြည်ငယ်များရှိ၍ မွန်ဘုရင်များသည် ထီးဖြိုင်နန်းဖြိုင် အုပ်စိုးကြ၏။ သထုံကို အုပ်စိုးသော မွန်မင်းရှိသကဲ့သို့ ဟံသာဝတီကို အုပ်စိုးသော မွန်မင်းလည်း ရှိခဲ့သည်။ အနော်ရထာမင်း ပုဂံပြည်တွင် မင်းဖြစ်စ အချိန်၌ မွန်မင်းများသည် တစ်ပါးနှင့်တစ်ပါး မသင့်မြတ်ကြဘဲ စစ်မက်ပြုနေကြသည်ကို တွေ့နိုင်သည်။

ဟံသာဝတီမွန်မင်းဖြစ်သော ဓမ္မစေတီရေးထိုးခဲ့သည့် ကလျာဏီကျောက်စာတွင် မွန်တို့ဒေသ၌ ပဋိပက္ခမှုများ ဖြစ်ပေါ်လာသောကြောင့် သထုံပြည် ပျက်စီးရကြောင်း ရေးထိုးဖော်ပြထားသည်။ အနော်ရထာမင်း နန်းတက်သောအချိန်တွင် မွန်တို့သည် စည်းလုံးညီညွတ်မှု မရှိဘဲ တစ်ဦးကိုတစ်ဦး တိုက်ခိုက်သတ်ဖြတ်ကာ တစ်ကွဲ



တစ်ပြား ဖြစ်နေကြသောကြောင့် အင်အားနည်းလျက် ရှိကြ၏။

ထို့ကြောင့် အနော်ရထာခေါင်းဆောင်သော မြန်မာတို့သည် သထုံကို အောင်မြင်စွာ တိုက်ခိုက်သိမ်းယူနိုင်ခဲ့ကြခြင်းဖြစ်သည်။ မွန်နိုင်ငံတွင် သထုံသည် အင်အားအကြီးဆုံးဖြစ်၍ သထုံကို တိုက်ခိုက်အောင်မြင်လိုက်သည်နှင့် ကျန်သော မွန်ပြည်နယ် အသီးသီးတို့သည် အလိုအလျောက် မြန်မာတို့၏လက်အောက်သို့ ရောက်လာကြတော့သည်။ မွန်တို့အင်အားနှင့် မြန်မာတို့အင်အားကို စုပေါင်းပြီး မြန်မာပြည်ရှိ ကျန်ဒေသများကို တိုက်ခိုက်သိမ်းသွင်းရန် လွယ်ကူသွားလေ၏။

ဤသို့ဖြင့် အနော်ရထာမင်းစောသည် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ စုစည်းတည်ထောင်နိုင်ခဲ့လေသည်။

◆ ◆ ◆ ◆ ◆

# ပုဂံပြည်၏အလင်းရောင်

"ဓမ္မဒဿီ"ဘွဲ့အမည်ရှိသော (ရှင်အရဟံ)သည် သထုံပြည်သား မွန်ရဟန်းတစ်ပါးဖြစ်သည်။ ပုဂံပြည်သို့ မရောက်မီ သထုံပြည်၌ သီတင်းသုံးတော်မူ၏။ ထိုအချိန်က မြန်မာပြည်အောက်ပိုင်း မွန်တို့ဒေသတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလျက်ရှိသည်ဖြစ်၍ ရဟန်းပညာရှိ၊ လူပညာရှိ စသည်တို့ ပေါ်များလေ၏။

ထိုစဉ်အခါက သထုံပြည်၌ ပိဋကတ်တော်အစုံ ၃၀ ပင် ရှိလေသည်။ မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းတွင်ကား အရည်းကြီးတို့၏ မသန့်ရှင်းသော ဗုဒ္ဓဘာသာပျက်တို့နှင့် နတ်၊ မြွေနဂါး စသည်တို့ကို ကိုးကွယ်နေဆဲဖြစ်သည်။ ပုဂံပြည်တွင် အရည်းကြီးရဟန်းတို့သည် အကျင့်သီလကင်းမဲ့ပြီး ဗုဒ္ဓဘာသာ



တရားတော်နှင့် ဆန့်ကျင်သောတရားများ ဟောကြားလျက်ရှိကြသည်။

လူတစ်ယောက်သည် အပြစ်တစ်ခုကို ကျူးလွန်ခဲ့သော် သင့်လျော်သော ပရိတ်ကို ရွတ်ဖတ်လျှင် ထိုအပြစ်မှ လွတ်မြောက်၏ဟု ဟောကြား၏။ သူတစ်ပါးအသက်ကို သတ်သောသူပင်လျှင် သင့်လျော်သောပရိတ်ကို ရွတ်ဖတ်ခြင်းအားဖြင့် ပါဏာတိပါတကံမှ လွတ်မြောက်နိုင်၏ဟူသောတရားတို့ကို ဟောကြားခဲ့ကြသည်။ ထို့အပြင် အရည်းကြီးရဟန်းတို့သည် တပည့်များ မြောက်များစွာ မွေးမြူကာ သေရည်သောက်စားခြင်း၊ လက်ဝှေ့ထိုးခြင်း၊ မြင်းစီးခြင်းစသော ရဟန်းသိက္ခာနှင့် မညီသောအမှုများကို ပြုကြလေ၏။ ထိုအရည်းကြီးရဟန်းတို့၏ မဟုတ်၊ မတရား လွဲမှားသော ဝါဒများကြောင့် ပုဂံပြည်သူပြည်သားတို့သည် စာရိတ္တပျက်ပြားလျက် ရှိချေသည်။

ထိုအခြင်းအရာများကို သိရှိတော်မူသော ရှင်အရဟံသည် ပုဂံပြည်သူပြည်သားတို့အား တရားစစ်၊ တရားမှန်ကို ဟောကြားလိုသောဆန္ဒ ပြင်းပြတော်မူလေသဖြင့် ၁၀၅၆ ခုနှစ်တွင် ပုဂံပြည်သို့ သာသနာပြုရန် ကြွတော်မူလာခဲ့သည်။ ထိုအချိန်၌ ပုဂံပြည်တွင် အနော်ရထာမင်း နန်းစံနေစဉ်ဖြစ်ပြီး၊ ထိုမင်းသည် အရည်းကြီးရဟန်းတို့၏ အယူဝါဒ၊ အပြုအမူများကို စက်ဆုပ်လျက်ရှိသည်။ သို့သော်

အရည်းကြီးရဟန်းတို့သည် ပုဂံပြည်သူပြည်သားများအပေါ်တွင် အလွန်ဩဇာရှိသောကြောင့် အနော်ရထာသည်လည်း ဘာမျှ မတတ်နိုင်သေးပေ။

ရှင်အရဟံ ပုဂံသို့ရောက်ပြီး များမကြာမီ၌ ... အနော်ရထာမင်းကြီးအား ဗုဒ္ဓဘာသာတရား အစစ်အမှန်ကို ဟောကြားပြသလေရာ နားကြားရသော မင်းကြီးသည် ဗုဒ္ဓတရားတော်ကို အလွန်နှစ်သက်သွားလေသည်။ ရှင်အရဟံကိုလည်း အလွန်ကြည်ညိုသဖြင့် မင်း၏ဆရာအဖြစ်နှင့် ဆည်းကပ်ကိုးကွယ်ထားလေသည်။ အနော်ရထာသည် ပုဂံပြည်သူပြည်သားတို့အား ဗုဒ္ဓဘာသာ အစစ်အမှန်ကို ကိုးကွယ်စေလိုသည်။

သို့သော်လည်း ပုဂံပြည်တွင် ပိဋကတ်တော် မရှိသည့်အတွက် သာသနာပြုလုပ်ငန်းတွင် အခက်အခဲများနှင့် ကြုံတွေ့နေရတော့၏။ ယင်းကြောင့် ၁၀၅၇ ခုနှစ်တွင် သထုံမှ ပိဋကတ်တော်များနှင့်အတူ ကျမ်းဂန်တတ် မွန်ရဟန်းတော်များ ပုဂံသို့ ရောက်လာသောအခါ ရှင်အရဟံ၏ သာသနာပြုလုပ်ငန်းများကို များစွာအထောက်အကူ ဖြစ်စေခဲ့သည်။ အနော်ရထာသည်လည်း တစ်ဘက်မှ အရည်းကြီးတို့ လွှမ်းမိုးမှုကို နည်းမျိုးစုံ တွန်းလှန်ဖျက်ဆီးခဲ့ပြီး၊ အရည်းကြီးဂိုဏ်းကို ဖြိုခွဲခဲ့သည်။



ဗုဒ္ဓဘာသာကို တစ်တိုင်းပြည်လုံး ကိုးကွယ်စေမှု ပြုခဲ့သည်။ ဤသည်၏နောက်ပိုင်း အရည်းကြီးဘာသာသည် ပုဂံပြည်၌ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီးလျှင် ဗုဒ္ဓဘာသာ ထွန်းကားဖြန့်ပွားလာလေတော့၏။ ပုဂံပြည်တွင် သာသနာထွန်းကား တိုးတက်လာစည်လာသည်နှင့်အမျှ ကျောင်း၊ ကန်၊ ဘုရားများသည်လည်း ကိုးပွားများပြားလာခဲ့သည်။

ဘုန်းကြီးကျောင်းများတွင် စာသင်ကြားခြင်း၊ သင်အံလေ့ကျက်ခြင်းကို ပြုလာကြသဖြင့် သာသနာတော်ကို အကြောင်းပြု၍ စာပေ အရေးအသားလည်း တိုးတက်လာသည်။ ကျမ်းဂန်တတ်မြောက်သူများလည်း ပေါ်များလာခဲ့သည်။ သာသနာတော်ကို မေ့လျော့၍ မပြုမစုနေသော မင်းများကိုလည်း ရှင်အရဟံသည် ဆုံးမတော်မူ၍ သာသနာတော်ကို ပြုစုစေခဲ့သည်။ ရှင်အရဟံ၏ အားထုတ်မှုကြောင့် ပုဂံပြည်သည် ဗုဒ္ဓဘာသာတို့၏ အချက်အချာဖြစ်လာပြီးလျှင် များစွာသော စေတီ၊ ပုထိုးကျောင်းကန်များဖြင့် လှပတင့်တယ်လာလေတော့သည်။

ထိုရှင်အရဟံကား ပုဂံပြည်ကို အလင်းရောင်ပေးစွမ်းနိုင်ခဲ့သော ရဟန်းတစ်ပါးဖြစ်ပြီး အနော်ရထာမင်း၊ စောလူးမင်း၊ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့ မင်း ၄ ဆက်တိုင်တိုင်

ပုဂံပြည်၌ သာသနာပြုခဲ့ပြီး အလောင်းစည်သူလက်ထက်တွင် ပျံလွန်တော်မူခဲ့သည်။

အနော်ရထာမင်းကြီး၌ မိဖုရားကြီး ၄ ပါးသည် ထင်ရှား၏။

၁။ ပဥ္စကလျာဏီ = ဝေသာလီမင်း၏ သမီးပျို၊ ဗြာဟ္မဏ မျိုးနွယ်

၂။ စောမွန်လှ = မိုးကောင်းစော်ဘွားသမီးပျို

၃။ မဏိစန္ဒာ = ဥသာပဲခူးမင်း၏ သမီးတော်

၄။ မဂ္ဂမဟောသီ = စောလူးမင်း၏မယ်တော်

ယင်းတို့အနက်မှ ဝေသာလီမင်း၏ သမီးပျို ဗြာဟ္မဏမျိုးနွယ် ပဥ္စကလျာဏီနှင့် ရရှိခဲ့သော ကျန်စစ်သားမင်းသည် ပုဂံပြည်နှင့် မြန်မာ့ရာဇဝင်တွင် ဆက်လက်ထင်ရှား ကျော်စောခဲ့သည်။

◆ ◆ ◆ ◆ ◆

# အနော်ရထာမင်းစော၏ ဘဝအဆုံးသပ်

ပထမမြန်မာနိုင်ငံကို စုစည်းတည်ထောင်ပြီး ပုဂံတွင် ထေရ ဒဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ပြုလုပ်ခဲ့သော အနော်ရထာ င်းကြီးသည် ပုဂံတစ်ဝိုက်၌ ဘုရား(၇)ဆူ တည်သွားခဲ့ကြောင်း တွေ့ရသည်။ ထိုထိုသော ဘုရားတို့အနက် ပုဂံစွယ်တော်ရှင် ၄ ဆူမှာ ယခုတိုင် ကျော်ကြားဆဲ၊ ထင်ရှားဆဲဖြစ်သည်။

အနော်ရထာသည် ပုဂံပြည်ထေရဝါဒ ဗုဒ္ဓသာသနာတော် ိုးတက်ပြန့်ပွား အဓွန့်ရှည်စွာ ရပ်တည်ရေးအတွက် တရုတ် ည်တွင် ကိန်းဝပ်လျက်ရှိသော လက်ဝဲအထက် စွယ်တော်အား

ပင့်ဆောင်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ တရုတ်တို့ ပေးအပ်လိုက်သော မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်ကိုသာ ပင့်ဆောင်၍ ပြန်ခဲ့ရချိန်မှစ၍ စိတ်နှလုံးမသာမယာ ရှိခဲ့သည်။ မင်းအနော်ရထာ၏ နှလုံးသားတွင်းဝယ် စွယ်တော်မြတ်တစ်ဆူကို မည်သည့်တိုင်းနိုင်ငံမှဖြစ်စေ၊ ရယူပင့်ဆောင်ပူဇော်လိုသော သဒ္ဓါစိတ် ရင့်သန်လျက် ရှိလေ၏။

သီဟိုဠ်ကျွန်းတွင်လည်း စွယ်တော်မြတ်တစ်ဆူ ကိန်းဝပ်ပူဇော်ထားရှိသည်ဟု ကြားသိရသောအခါ သီဟိုဠ်မင်းဖြစ်သည့် ဓာတုသေနမင်းထံ သံတမန်တို့နှင့်တကွ လက်ဆောင်ပဏ္ဏာများနှင့်အတူ စွယ်တော်ခေတ္တ ပင့်ဆောင်ယူရန် စေလွှတ်တော်မူခဲ့သည်။ အနော်ရထာမင်း စေလွှတ်သော ပုဂံသံအဖွဲ့တို့ သီဟိုဠ်ကျွန်းသို့ ရောက်၍ ဓာတုသေနမင်းထံ ဝင်ရောက်ပြီး သဝဏ်လွှာနှင့်တကွ ပေးအပ်လိုက်သော ဆင်ဖြူတော်ကိုပါ ဆက်သလျှက် လာရင်း အကြောင်းကို လျှောက်ထားကြသည်။

သီဟိုဠ်ဘုရင်လည်း အနော်ရထာမင်းကြီး၏ ဘုန်းလက်ရုံးဖြင့် ပြည့်စုံသည့်အပြင် သာသနာတော် ရှင်သန်ပြန့်ပွားရေးအတွက် ဖြစ်သဖြင့် စွယ်တော်မြတ်အား သီဟိုဠ်မှ ပုဂံသို့ ပင့်ဆောင်ပူဇော်ခွင့် ပြုခဲ့သည်။ ဓာတုသေနမင်းကြီးကိုယ်တိုင် ရိုကျိုးစွာဖြင့် စွယ်တော်



ကျောင်းဆောင်မှ မြတ်စွယ်တော်အား မိမိဦးခေါင်းထက်ရှိ ရတနာပန်းတောင်းထဲ၌ ကိန်းဝပ်တည်ရှိသောအခါ သင်္ဘောဆိပ်သို့ ယူဆောင်လေ၏။ ရေဆိပ်သို့ရောက်လျှင် မင်းကြီးသည် သင်္ဘော ရပ်တန့်ရာသို့ လည်ပင်းရေထိသည်အထိဆင်း၍ မြတ်စွယ်တော်အား ပို့ဆောင်ပြီးနောက် ... သူကဲ့သို့ပင် ပုဂံပြည်ရှင်မင်းသည်လည်း စွယ်တော်မြတ်အား ကြိုဆိုပင့်ဆောင်ပါလေဟု မှာကြားလေ၏။

သံအဖွဲ့လည်း စွယ်တော်မြတ်ကို သင်္ဘောဖြင့် ပင့်ဆောင်လာပြီဖြစ်ကြောင်းနှင့် ဓာတုသေနမင်း မိန့်မှာပုံ၊ ကြိုဆိုရန်တို့ကို အနော်ရထာမင်းကြီးထံ စာသဝဏ်လွှာ အလျင်ကြိုလျက် ပို့ဆောင်ခဲ့သည်။ အနော်ရထာမင်းကြီးလည်း ဝမ်းသာပီတိဖြစ်လွန်း၍ စွယ်တော်မြတ်ကို ကြိုဆိုပင့်ဆောင်ရန် ရှင်အရဟံနှင့် ဆွေးနွေး စီစဉ်လေ၏။

စွယ်တော်မြတ် ပင့်ဆောင်လာသော သင်္ဘောပုဂံရှိရာ ဧရာဝတီ ဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်၌ အနော်ရထာမင်းကြီးသည် "ပုလဲမြူ" အမည်ရှိသော ဆင်ဖြူတော်ပေါ်မှ ဆင်းသက်လျက် သင်္ဘောရှိရာသို့ လည်ပင်းရေအထိ ဆင်းပြီးသော်၊ ဦးခေါင်းထက်တွင် ရတနာပန်းတောင်းကိုရွက်၍ စွယ်တော်မြတ်အား ပင့်ဆောင်ကြိုဆိုလေ၏။ ကမ်းသို့ ရောက်သည်နှင့် ဆင်၊ မြင်း၊ မှူးမတ်၊ ဗိုလ်ပါ၊ သူကြီး၊

ကာလနှ၊ သူဌေး၊ သူကြွယ်၊ မင်းညီမင်းသားအပေါင်းတို့က အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ပုဂံနန်းအရောက် ပင့်ဆောင်ခဲ့ကြသည်။

နန်းတော်သို့ ရောက်သည်နှင့် အသင့်ဆောက်လုပ်ထားသော နန်းရင်ပြင် မင်္ဂလာမြေ၌ ရတနာများစွာဖြင့် မွမ်းမံခြယ်လှယ်ထားသော ပြာသာဒ်ကျောင်းတော်ထက် ကိန်းဝပ်စံပယ်စေလေ၏။ တစ်ဖန် ဖလ်ကျောင်းဆောင်ဖြင့် မိမိကျိန်းစက်ရာ ဆောင်းရင်းတွင်လည်း တင့်တယ်စွာ ကိန်းဝပ်ပူဇော်ထားရှိပြန်သည်။ ထိုအခါ ရှင်အရဟံသည် အနော်ရထာမင်းကြီးအား ဤသို့ လျှောက်တင်လျက် ညွှန်ပြဆုံးမတော်မူလေ၏။

"တကာမင်းမြတ်၊ စွယ်တော်မြတ်ကို နန်းတော်တွင် မိမိတစ်ဦးတည်း ပုဂ္ဂလိကဓိဋ္ဌာန်ကိုးကွယ်ပူဇော်ရုံမျှနှင့် အဘယ်မှာ သာသနာပြန့်ပွား စေညည်လာပါမည်နည်း။ သာသနာတော် ထီးတောင်တိုင်တိုင် ခံသိမ်းသော သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာ စေတီတည်သော် အကျိုးများစွာ ဖြစ်လတ္တံ့။"

ရှင်အရဟံ၏ မိန့်တချက်အတိုင်း အနော်ရထာမင်းကြီးသည် နာယူတော်မူလျက် စေတီတော်များ တည်ထား၍ မြတ်စွယ်တော်ကို ဌာပနာရန်၊ သတ္တဝါအပေါင်း၏ အကျိုးငှာလည်းကောင်း၊ သာသနာတော် ပြန့်ပွားတည်တံ့ရေးအတွက်လည်းကောင်း၊ မြင်းမြဲသော ဆန္ဒဖြင့် စွယ်တော် ၅-ဆူကို စေတီတို့၌ပွားလျက် တည်ထားတော်မူလေ၏။



မူလစွယ်တော်မြတ်အား ရွှေစည်းခုံစေတီတော်မြတ်တွင် ဌာပနာထားရှိသည်။ ဒုတိယစွယ်တော်ပွားတစ်ဆူကို တန့်ကြည့်တောင်ထိပ်တွင် စေတီတည်ထား ဌာပနာခဲ့ပြန်၏။ တတိယစွယ်တော်ပွားတစ်ဆူကိုမူ ... လောကနန္ဒာစေတီတော်၌ ဌာပနာထားရှိခဲ့သည်။ စတုတ္ထစွယ်တော်ပွားကိုမူ တုရင်းတောင်ထိပ်တွင် စေတီတစ်ဆူ တည်ထားကာ ဌာပနာခဲ့သည်။ နောက်ဆုံးသော ပဉ္စမမြောက်စွယ်တော်ပွားတစ်ဆူကို ကျောက်ဆည်နယ်မှ မြတ်တောင်ထိပ်မှာ စေတီတစ်ဆူ တည်ထား၍ ဌာပနာထားရှိခဲ့သည်။

အနော်ရထာမင်းသည် စည်းလုံးညီညွတ်မှုနှင့်အတူ ပုဂံပြည်ကြီး ဘာသာ၊ သာသနာပြန့်ပွားစေရည်ဖို့ရန် များစွာလုံးပမ်းအားထုတ်ခဲ့ပြီး သက်တော် ၇၅ နှစ်အရွယ်၌ အနိစ္စရောက်ခဲ့သည်။ အနော်ရထာ၏ ဘဝဆည်းဆာ၊ ကံတော်ကုန်ချိန်ကို သမိုင်းဆရာများ အမျိုးမျိုး ရေးကြသကဲ့သို့ ပါးစပ်ရာဇဝင်များလည်း အမျိုးမျိုးပြောကြသည်။ မြန်မာရာဇဝင်အစောင်စောင်၊ သမိုင်းသုတေသီတို့၏ ဖော်ပြမှုအမျိုးမျိုးတို့မှ ယုတ္တိတန်သော၊ ဖြစ်ဖွယ်ရှိသော သာဓကတို့ကိုသာ အမှန် ယူဆလိုပေသည်။

အချို့တို့ကား ယုတ္တိမတန်သည့်အပြင် ခေတ်လွန်အယူအဆ များ ပါဝင်နေကြောင်း တွေ့ရသည်။ အဋ္ဌာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန် များလည်း တွေ့ရပေသေးသည်။ ယင်းတို့အထဲမှာမှ "သုဓေဿဓိတ မတာရာဇဝင်ကြီး"မော်ပြချက်ကိုသာ ကိုးကားယူပြလျက် အနော် ရထာ၏ ဘဝနိဂုံးကို မည်သို့မည်ပုံ ချုပ်သိမ်းကြောင်း ဖော်ပြလို ပေသည်။

ကောဇာသက္ကရာဇ် ၄၀၁ ခုနှစ်တွင် အနော်ရထာမင်းကြီးသည် ညောင်ရွှေအင်းတိမ်၌ ပေါ်ရိသတ်ဘုရားကိုတည်၍ အပြန်တွင် ဘုရား ရှင်၏ မျက်ကွင်းတော်မာတ်ကို မွှာသောကမင်းကြီး တည်တော် မူသော မုဋ္ဌောစေတီတော်သည် ပျက်ပြား၍ တောချုံ၊ ရဂုံဖုံးအုပ် လျက်ရှိသည်ကို တွေ့ရလျှင် ... စေတီမှ ဥဒေါင်းပမာထာမှ လောက်သော ရွှေယင်အယောင်ဆောင် ဖန်ဆင်း၍ တန်ခိုးတော်ပြလျှင် မင်းကြီးလည်း ဝမ်းမြောက်စွာ ထပ်မံ တည်တော်မူလေ၏။ ထို ဘုရားကို ရွှေယင်မှော်ဘုရားဟု သမုတ်တော်မူလေ၏။

ထိုမှ ပြန်ခဲ့သည်တွင် ဟိုင်းတက်မြို့သို့ ဝင်ပါတူ၍ ဘုရားရှ ဘုရားညီ၊ ပုဏ္ဏားရှိတို့ကဆိုလျှင် အနော်ရထာမင်းစောလည်း မြို့သို့ ဝင်တော်မူလေ၏။ ထိုမြို့တွင် စေတီတော်လည်း တည်တော် မူလေ၏။ ဘုရားလှုတ၍ သမုတ်လေသည်။ ကိုယ်လုပ်တော်တို့





ကလည်း ရင်လှူ၊ ခံနံ့ကျည်ဂူ၊ ဘုရားဂူတို့ကို တည်ကြကုန်လေ၏။ အမတ် မြို့တည်မင်းရဲ စစ်ဆင်သော၍ နတ်ဖြစ်သည်ကိုလည်း "မင်းရဲဂူ"ဟု သမုတ်၍ တည်သည်။ မြို့၏မြောက်ဘက်တွင်လည်း နတ်ကွန်းဆောက်၍ မြို့သူမြို့သားတို့ ကိုးကွယ်ရသည်။

နယ်တွင်းဝင်ရှာပေါင်း ၂၀၊ မြေတိုင်းအယောက် ၂၀ ကိုလည်း ခန့်ထားတော်မူသည်။ ထိုမှတစ်ပါး မြန်မာပြည်အားလုံး၌ ဆည် မြောင်း၊ ကန်ချောင်းဖြစ်ကောင်းသောအရာကိုလည်း ဆည်မြောင်း ကန်ချောင်း ဖြစ်စေ၏။ တောင်ဘက် လယ်တွင်းသို့ ရောက်တော် မူသောအခါ "သာလျောင်းတောင်"ထက်သို့တက်၍ ကြည့်သော် ကရွတ်တောင်က ကျသောရေကို အတန့်တန့်ဆည်၍ လယ် သောက်ကန် လုပ်ရသည်ရှိသော် သာသနာတော် ငါးထောင်ပတ်လုံး ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားများလတ္တံ့သည်ကို မြင်တော်မူ၍ ပန်းယောဝ်မြစ်မှာလည်း ကင်းတားတစ်ဆည်၊ ငနိုးသင် တစ်ဆည်၊ ပြောင်းပြာတက်ဆည်၊ ဂူမည်းတစ်ဆည်၊ ထိုလေးဆည်ကို စစ်သည်အများ၊ ပြည်သူအများနှင့်တကွ ဆည်တော်မူ၏။

အနော်ရထာမင်း ပြုစုတော်မူသော လယ်တွင်း ၁၁ ရွာမှာ ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံး၊ ပန်၊ မကွေးရာ၊ တပြက်သာ၊ သင်တောင်း၊ တမုတ်ဆိုး၊ ခံလူး စသည်တို့ဖြစ်သည်။

ဤသို့သော ဆည်မြောင်း၊ ကန်ချောင်းတို့ကို ပြုစုတော်မူပြီးမှ **"ငါသည် ပုဂံရာမ၌ မင်းတစ်ကြိမ်ဖြစ်သောအခါ ပေရေ ပေါက်စေသော"**ဟူ၍ ရက္ခိုး၊ ဘူမ္မိုဗ်းတို့ကို တိုင်တည်၍ "မြက်" တောင်ခြေတွင် ပေစိုက်တော်မူ၏။ တစ်နေ့သောအခါ အနော်ရထာ မင်းကြီး စံနေတော်မူသော ယာယီတဲနန်းအောက်တွင် ဖားငယ် တစ်ကောင်သည် အဆက်မပြတ် အော်လေ၏။ အနော်ရထာမင်း လည်း ထိုဖားငယ်အော်ရခြင်းအကြောင်းကို ဟူးရားဖြူ ဟူးရားညို နှင့် ပညာရှိပုဏ္ဏားတို့ကို မေးလေသော် ...

"အရှင်မင်းကြီး၊ ဤဖားကား ဖားမတည်း။ သူ၏ ချစ်လှ စွာသော ဖားဖိုသေသဖြင့် လင်ကောင်ကို ကျောထက်ပိုး၍ ငိုနေခြင်း အော်နေခြင်းသာ ဖြစ်ပါသည်"

"ဤအတိတ်နိမိတ်ကား အကောင်းလော ... အဆိုးလော"

ထိုအမေးအား ဟူးရားတို့သည် မှန်စွာကို လျှောက်တင်ကြ လေ၏။

"ဘုန်းတော်ကြီးမြတ်သောအရှင်သည် အရှိမှာ၊ ပုဂံရာမ နေပြည်တော်သို့ မရောက်မဝင်ခင်၊ ရန်သူ့လက်တွင် အပျက်မြင် ပါသည်ဘုရား။ နတ်ပြည်စံတော်မူရပါလိမ့်မည်"

ဤသို့ လျှောက်တင်ချက်ကို အနော်ရထာမင်းသည် မနှစ်သက်၊





ယုံတော်လည်း မမူချေ။ ထိုကဲ့သို့သော ဘုန်းလက်ရုံးနှင့် ပြီးပြည့်စုံ သောမင်းအား ဤစကားကို လျှောက်တင်ဝံ့သလောဟု ကြီးစွာ အေါ်သဖြစ်လေ၏။ ထို့ကြောင့် သင်းတို့ပြောသည့်အတိုင်း တုတ်၊ မဟုတ် အော်နေသော ဖားမငယ်ကို ရှာကြရန် မင်းချင်းတို့အား မိန့်လေ၏။ မင်းချင်းတို့လည်း မြေကျစ်တာတို့ကို လှန်လှော၍ တရစပ် အော်မြည်နေသော ဖားမကို ရှာဖွေကြရာ အကယ်ပင် လင်သေဖားဖိုကို ကျော၌ပိုး၍ တကွပ်ကွပ် အော်မြည်နေသော ဖားမငယ်ကို တွေ့မြင်ရလေ၏။

အနော်ရထာသည် မင်းတို့၏မာနဖြင့် အမျက်တော်မပြေနိုင် ကား ဟူးရားဖြူ ဟူးရားညိုတို့နှင့် ပုဏ္ဏားပညာရှိတို့အား သံခြေကျင်း ခတ်ပြီးလျှင် နှောင်အိမ်၌ ထားလေ၏။ ထို့နောက် ဝင်အင်္ဂါလေးပါးနှင့်တကွ ဆင်ပြောင်တော် "သန်မြင်စွာ"ကို စီးတော်မူ၍ အမတ်တို့ ဝန်းရံလျက် နေပြည်တော်ပုဂံရာမသို့ ပြန်တော်မူ၏။ ပုဂံရာမသို့ ရောက်တော်မူ၍ သရပါတံခါးအဝင်တွင် မုဆိုး တစ်ယောက်က ဤသို့ နားတော်လျှောက်လာလေ၏။

အရှင်မင်းကြီး၊ အောင်သာ၊ မြစ်ခြေဟူသောအရပ်၌ တွေ့မြင်ရ အမည်ရှိသော ကျွဲရိုင်းတစ်ကောင်သည် လူသွားလာနိုင်အောင် နေ၍ နှောင့်ယှက်လျက် ရှိပါသည်။

မင်းကြီးလည်း ပြုတော်မူဖူးသော ကုသိုလ်ကံသည် အပြီးသို့ ရောက်ပြီဖြစ်၍ သရုပ်ပါတ်ခါးသို့ ဆင်တော်လက်ယာလက်တစ်ဖက်ပင် ဝင်ပြီးမှ–

"ထိုကျွဲရိုင်းကို ဝံ့ဆင်နှင့် တိုက်သတ်တော်မူအံ့"ဟု ကြံပ်းထား ပြီးသော် အလုံးအရင်းနှင့်တကွ နန်းတော်သို့ မဝင်ဘဲ ပြန်လှည့် တော်မူ၍ မြစ်ခြေ၊ အောင်သာသို့ ချီတော်မူလေ၏။ ရောက်သော် ကျွဲရိုင်းကို မြင်တော်မူ၍ စီးတော်ဆင် သန်ပြင်စွာကို ချွန်းဖွင့်တော် မူလေ၏။ ထိုကျွဲရိုင်းကား ပကတိကျွဲရိုင်းမဟုတ်။ ရှေးကပြုခဲ့ ဖူးသော အကုသိုလ်ကံကြောင့်ဖြစ်သော ကျွဲဖြစ်သောကြောင့် ဆင် တော်ထက်သို့ပင် လှမ်းခတ်လိုက်လေရာ အနော်ရထာမင်း၏ ရင်ဝသို့ ခတ်မိသဖြင့် အနိစ္စရောက်တော်မူလေ၏။

နောက်တော်တွင်ပါသော ရဲမက်ဗိုလ်ပါတို့လည်း ကျွဲခတ် သောကြောင့် ရန်းရင်းဆန်ခတ်ဖြင့် ပရမ်းပတာ ပြိုကွဲသွားကြကုန် လေ၏။ ထိုကျွဲရိုင်းကား ... ရှေးဘဝ၌ ရန်သူဖြစ်သော သူ တစ်ယောက်သည် ထိန်ပင်စောင့်နတ်ဖြစ်၍ ထိန်ပင်တွင် နေနှင့် သည်ကို အနော်ရထာမင်းစော တရုတ်ပြည်သို့ ချီတက်တော်မူသော အခါ ထိုထိန်ပင်သို့ ရောက်တော်မူ၍ "ငါသို့သော မင်းလာသည် ကို ထိန်ပင်စောင့်နတ်သည် ထိန်ပင်ကမဆင်း၊ ကိုယ်ထင်မပြ၍



နေသည်။ နေစေရာလော"

ဓိဓိလက်မှ အရိန္ဒမာကြိမ်လုံးကို ကျန်စစ်သားမင်းအားပေး၍ ကြိမ်ဒဏ်ရိုက်စေ၏။ ထိုနတ်လည်း သကြားမင်းဆက်သသော အရိန္ဒမာကြိမ်ဒဏ်ကို မိမိတန်ခိုးဖြင့် မကာကွယ်နိုင်ရကား ထိန်ပင်မှ ဆင်းပြေးရလေ၏။ ထိုနေ့မှစ၍ အနော်ရထာမင်း စီးပွားမဲ့ရန် ကိုသာ ကြံစည်တော့၏။ ကုသိုလ်ကံအားကြီးသောအခါ မကြံနိုင် သော်လည်း အကုသိုလ်ကံ အခွင့်ရသောအခါ၌ ကြံနိုင်လေသဖြင့် ယခုကဲ့သို့ အနိစ္စရောက်ရခြင်း ဖြစ်ပေသည်။

အနော်ရထာမင်းစောကား အိမ်နိမ့်စံ ၃၃ နှစ်၊ နန်းစံသက် ၄၂ နှစ်၊ သက်တော် ၇၅ နှစ်တွင် အနိစ္စရောက်ရှာလေသတည်း။



အနော်ရထာ တံတော်ရာ၊ တားလင်ကောင်ပိုးတွေ့သောနေရာ၌ တည်ထား သော "တားလင်ကောင်ပိုး"ဘုရားစေတီ။ (၁၂၉၉ ခု၊ မြာသို လဆွင်ရိုက်သော ဓာတ်ပုံ၊ ရှေ့ရှုရန် ပြင်းဆင်ထား၍ အထက်ပိုင်း ကောင်းစွာမပေါ်ပါ)

စဥ့်ကိုဝ်မြောက်နား ဆီးတောကျောင်းအတွင်း၌ရှိသည်။ ပေါက်မြော ထားရာ အရပ် "ပုဏ္ဏားပညာရှိတို့ကို မမှန်လျှင် သတ်မည်ဟု ခြိမ်း လျောဝ်ထားရာအရပ်" ပုဏ္ဏားချုံရွာမှာ ဘုရားအနောက်နားတွင် ရှိသည်။ ယခုတိုင် ပုဏ္ဏားအများ နေကြသည်။

နောက်ပေါက်မြောချက်မှန်၍ ပုဏ္ဏားအများ အသက်လွတ်သောအခါ အထိမ်း အမှတ်ပြု၍တည်သော သက်လွှတ်ဘုရားမှာ စဥ့်ကိုင်အနောက်နားတွင်ရှိသည်။

◆ ◆ ◆ ◆ ◆



# ချစ်ကံခေသော

# ပဥ္စကလျာဏီမင်းသမီး

ကျွန်ုပ်စာသားဓါ်မယ်တော်ဖြစ်သော ပဥ္စကလျာဏီမင်းသမီး ချစ်ကံခေသူဟု ဆိုရပေမည်။ အနော်ရထာမင်းစော နန်းတက်၍ သောလီမြှည်မှ ဆက်သသော ပဥ္စကလျာဏီတို့၏ အချစ်ဇာတ်လမ်း ကို ရာဇဝင်တို့၌ စိတ်ဝင်စားဖွယ် တွေ့ရသည်။

အနော်ရထာမင်း နန်းတက်စဉ် ...

"စောလူးမယ်တော်မိဖုရားမှတစ်ပါး၊ ဝါနှင့်ထိုက်တန်သော မင်းသမီးကို ဗမ္မဒီပါမြေအပြင်ဝယ်ရှာ၍ ဆက်သကြလော့"

ဤသို့ မိန့်တော်မူလျှက် အမတ်ကြီးရာဇတမန်ကို လက်ဆောင် များ လူသူလက်နက်အများဖြင့် ရပ်ရွာခွင်သို့ စေလွှတ်တော်မူ လေ၏။ အမတ်ကြီးရာဇတမန်သည်လည်း မင်းကြီးနှင့်ထိုက်တန်သော

သူကို မေးမြန်းစုံစမ်း၍ ရာလေသော် ... ဝေသာလီပြည့်ရှင် မင်းကြီး၏ သမီးတော်ပဥ္စကလျာဏီ၏ ဂုဏ်သတင်းကျော်စောခြင်းကို ကြားသိရလေ၏။ ထို့ကြောင့် ဝေသာလီပြည်သို့သွား၍ လက်ဆောင် လက်နက်အများ ဆက်သပြီးသော် "ပေါက္ကံရာမပြည်ကြီးကို အစိုး ရသော အနော်ရထာမင်းစောတွင် မိဖုရားမရှိ၍ ပဥ္စကလျာဏီ မင်းသမီးကို တောင်းရန်လာသည်" ဟု လျှောက်လေ၏။

ဝေသာလီမင်းလည်း အနော်ရထာမင်းစော ပန်ကြားလာသည် ဖြစ်၍ မပေးဘဲမနေသာသဖြင့် အခြွေအရံ၊ ကိုယ်လုပ်မောင်းမ ရှစ်ကျိပ်နှင့်တကွ သမီးတော်ကို ဝေါတွင် တင်ပေးလိုက်လေ၏။ အမတ်ရာဇတမန်လည်း ပဥ္စကလျာဏီမင်းသမီးအား အထိန်းအအုပ် တို့နှင့်တကွ ပေါက္ကံရာမသို့ ဆောင်ယူခဲ့လေသည်။ ထိုမင်းသမီး၏ အဆင်းသည်ကား အပြစ်ခြောက်ပါးလွတ်ကင်း၍ ကောင်းခြင်း ငါးပါးနှင့်လည်း ပြည့်စုံလေ၏။

အသားအရေမှာ ဝင်းဝါ၍ ရွှေအဆင်းကဲ့သို့ရှိလျက် နူးညံ့ သိမ်မွေ့လေ၏။ အမတ်ရာဇတမန်သည်လည်း ပဥ္စကလျာဏီမင်းသမီး ကို မြင်ပါများသော် မစောင့်ထိန်းနိုင်သော စိတ်ရှိသည်ဖြစ်၍ တစ်နေ့ သ၌ ရောနှောမိကြလေ၏။ အမတ်ရာဇတမန်ကား ဤသို့ ကြံလေ၏ ဤအခြွေအရံအပေါင်းနှင့်တကွ ပေါက္ကံရာမသို့ ရောက်သည်ရှိသော်





င်းကြီးထံသို့ သူနှင့်ပဥ္စကလျာဏီတို့ ရင်းနှီးကျွမ်းဝင်မှုကို လျှောက် င်သံဖြင့် မင်းကြီးကြားလတ်သော် ငါ၏ပျက်စီးခြင်းသည် အဆုံး ရှိ။

ထို့ကြောင့် မင်းသမီးနှင့်အတူ ပါလာသော အခြွေအရံတို့ကို စ်မြို့တစ်ယောက် တစ်ရွာတစ်ယောက် အစဉ်အတိုင်း ထားခဲ့၍ ခဲ့လေရာ ညေဝတီသို့ ဆိုက်ရောက်လေ၏။ ထိုအခါတွင်မှ ဇတမန်သည် မိမိပြန်လာပြီဖြစ်ကြောင်းကို အနော်ရထာမင်းစောထံ ျှောက်ကြားစေသော် မင်းကြီးလည်း စစ်အင်္ဂါလေးပါးနှင့် ကွ ကြိုဆိုတော်မူပြီး မင်းသမီးအား အဆက်အသခံတော်မူလေ၏။

နေပြည်တော်သို့ရောက်လျှင် ဝေသာလီမင်းဆက်သလိုက်သော ဥ္စကလျာဏီမင်းသမီးအား ရွှေနန်းတော်သို့ သွင်းမည်ရှိသည်တွင် ဝန်ယူ ခေါ်ဆောင်လာသော အမတ်ရာဇတမန်က ဤသို့ အနော် ာမင်းအား တင်လျှောက်လေ၏။

"အရှင်မင်းကြီး၊ ဝေသာလီကား နယ်နယ်ရရ တိုင်းပြည် ဟုတ်ချေ။ ရှေးမင်းကောင်းမင်းမြတ်တို့ စံနေတော်မူသော တိုင်းကြီး ည်ကြီးဖြစ်ချေ၏။ ပြည့်ရှင်သမီးအရင်းဖြစ်ချေကလည်း ဤကဲ့သို့ ိမ်သိမ်ငယ်ငယ် မဆက်မပေးတန်ကောင်း။ ရွှေဘုန်းတော်ရှိန်ကို ဲ့၍ ဆက်သလေသော်လည်း မှူးကြီးမတ်ကြီးတို့ အုပ်ကွက်လျက်

တာတော်မယား၊ အထိန်းအယ၊ အစေအပါး၊ သူကောင်းသားသမီး၊ အလုပ်အကျွေး၊ အထုံးအဖြိတ်၊ အချုပ်အလုပ်၊ အချယ်အလှယ် တတ်သသူ မပါရှိ။

နန်းမေလေ့၊ နန်းအရိုက်အရာ၊ ဘာသာအလိုက် ထည်ထည် လိမ်လိမ် ပါရသင့်သည်မပါ။ ထို့ကြောင့် ယခုဆက်သလိုက်သော မင်းသမီးသည် ဝေသာလီမင်း၏ သမီးရင်းခြာ မဟုတ်လောက်ပါ ဘုရား"

ရာဇတမန်၏ ဤသို့သော လျှောက်တင်ချက်ကို ကြားတော်မူလျှင် အနော်ရထာမင်းလည်း ဆွေးနွေးစုံစမ်းတော်မမူ၊ ယုံကြည်တော် မူလေ၏။ "ဤသို့သော မင်းကို မိမိသမီးကိုကားမဆက်၊ မွေးစားသောသမီးကို ဆက်သလော"ဟု အမျက်တော်ထွက်၍ ပဉ္စကလျာဏီမင်းသမီးအား အနောက်ရုံးတော်တွင် ထားပြီးမှ ပရိမ္မအမတ်ကိုအပ်လျက် ပရိမ္မအရပ်သို့ ပို့စေလေ၏။ ပရိမ္မအရပ်သို့ ရောက်လျှင် အနော်ရထာမင်းတော့နှင့် ယှဉ်သော ပဋိသန္ဓေရှင့်မှာ ခြင်းသို့ ရောက်လေ၏။ ထိုအခါ လျှပ်ကြီးပြင်းစွာ လှုပ်လေ၏။ ထိုသန္ဓေသားကားနောင်တွင် ကျန်စစ်သားလောင်းလျာတည်း။

[ဦးဖိုးကျား၏ ခေတ်မှီမြန်မာရာဇဝင်၊ တံသာဝတီ ဦးဘရင်၏ မြန်မာရာဇဝင်အကျဉ်း၊ ဦးကြည်၏ မြန်မာ



ရာဇဝင်တောင်းကျမ်းတို့၌ ... မရှိမသေသော ဝေသာလီ ပြည်မှ ပဉ္စကလျာဏီကို ဆက်သရာ၊ သွားရောက် ဆောင်ကြဉ်းရသော ရာဇတမန်အမတ်သည် လမ်း၌ ထိုမင်းသမီးနှင့် ချစ်ကြိုက်မိကြသည်။

ပုဂံသို့ရောက်၍ မင်းကြီးသိမ်းပိုက်ပြီးမှ ဘိသိက် ခြွန်းတော နန်းသိမ်းပွဲခံ၊ နန်းအပ်တော့မည်ရှိရာ ... ရာဇတမန်က မိမိအပြစ်ကို ကာကွယ်ရန် အကောက် ကြံ၍ ထိုမင်းသမီးသည် မင်းသမီးအစစ် မဟုတ်ပါဟု လှည့်ဖြား လျှောက်တင်လေ၏။ မင်းကြီး ယုံကြည် အမျက်ထွက်သည်နှင့် ထိုမင်းသမီးကို မြောက်ဘက် အရပ် ပရိမ္မနယ်တွင် ပို့ထားလေသည်။

ထိုမင်းသမီးတွင် အနော်ရထာနှင့်ရသော သန္ဓေ ပါလာ၍ မြေလျှင်ကြီးစွာ လှုပ်လေ၏။ ထိုသန္ဓေကား ကျန်စစ်သားတည်း။]ဟု ဖော်ပြထားကြောင်း တွေ့ရသည်။

ထိုအချင်းအရာတို့ကို ထောက်ရှုလျက် ပဉ္စကလျာဏီမင်းသမီး ... နန်းစည်းစိမ်ကို ခံစားခွင့်မရခဲ့ဘဲ ပရိမ္မအရပ်တွင် ...းတောသူအဆင့်ဖြင့် နေခဲ့လျက် ကျန်စစ်သားကို ဖွားမြင်ရ ...ည်။ ကျန်စစ်သားသည်လည်း ဖခင်အနော်ရထာကို မမြင်ဖူးဘဲ

နှင့် ရဟန်းဝတ်လောက်သည့်အရွယ်သို့တိုင် ပဥ္စကလျာဏီနှင့် လက်ပွန်းတတီး နေခဲ့ရပေမည်။ မင်း၏ မိဖုရားအရာကို မရသော် အရပ်သူဘဝဖြင့် ရုန်းကန်နေရှာရမည့် ပဒိုမ္မအရပ်မှ ပဥ္စကလျာဏီ ဘဝမှာ သနားဖွယ်ပင်ဖြစ်သည်။



အနော်ရထာမင်း၏ အုတ်ခွက်ဆင်းတုတော်နှင့် ဘုရားလောင်း လောကနာထပုံတော်များ (အပေါ်)၊ အောက်ခြေရှိ ရွှေတောင်း နာဂရီအက္ခရာ ပုံနှိပ်စာ။

◆ ◆ ◆ ◆ ◆

# မင်းခယောက်ျားကျန်စစ်သား

အနော်ရထာမင်းသည် နန်းတွင်းသို့ ရဟန်းပျိုတို့အား အဆင့် အတိုင်း ဆွမ်းပင့်ဖိတ်ကျွေးပြီးနောက် ရေတာကောင်းမှ ရေကပ်တော် မူရာ ကျန်စစ်သားရဟန်းအား အာခံတွင်းမှ အလျှံပြောင်ညီးညီး အာဏာစက်ကို မြင်ရာမှ အမေးရှိတော်မူပြီး မိမိသားအဖြစ် သိလေ၏။ ထို့ကြောင့် ကျန်စစ်သားအား ရဟန်းမှ လူထွက်စေ၍ မိမိအပါး တော်ဝယ် ခစားစေလေ၏။

ရာဇဝင်အစောင်စောင်တို့၌ ကျန်စစ်သား၊ ပုဂံပြည်ရှင်မင်း ဖြစ်သော ခမည်းတော်အနော်ရထာထံတွင် မည်သည့်နှစ်တွင် အမှုထမ်းကြောင်း၊ မည်သည့်အသက်အရွယ်တွင် ခမည်းတော်နှင့် ဆုံတွေ့ကြောင်း မဖော်ပြထားကြပေ။ ရဟန်းဘောင် ဝတ်နိုင်သည့်

အရွယ်တူ ဆိုသဖြင့် အသက် ၂၀ ကျော်အရွယ်ဟုသာ မှတ်ထား ရပေသည်။ ထို့အတူ မိခင်ရင်းဖြစ်သော ပဥ္စကလျာဏီ၏ အခန်း ကဏ္ဍမှာလည်း မထင်ရှားတော့ပေ။ သားတော်ကျွန်စံမင်းနှင့်အတူ ရွှေနန်းတော်သို့ ပြန်လည်ခေါ်ယူသလော၊ မိဖုရားအရာထား ပြန်လည်ချီးမြှင့်သလောဆိုသည်ကို ဖော်ပြထားခြင်း မရှိပေ။

ရာဇဝင်မှတ်တမ်းတို့တွင် ကျွန်စံသားအကြောင်းသာလျှင် အသားပေးဖော်ပြလျက် တွေ့ရပြီး ပဥ္စကလျာဏီ၏ အခန်းကဏ္ဍ မှေးမှိန်ကွယ်ပျောက်သွားခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် လူစွမ်းကောင်း ၄ ဦး ပေါ်ထွက်ခဲ့ပြီး တစ်ဦးမှာ ကျွန်စံသားပင် ဖြစ်သည်။ အခြားတို့ကား ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး တို့ဖြစ်ကြသည်။ ငထွေးရူးကား မြင်းမူအရပ်သား ထန်းတက် သမားဖြစ်သည်။ ထန်းပင်အပင်တစ်ရာကို တက်ခါဆင်းခါ လိုသည် မှာ တစ်နံနက်ခင်းမျှပင် ပြီးစီးနိုင်သည်။

လုံးလက်ဖယ်ကား ပုပ္ပါးအရပ်သားဖြစ်ပြီး နွားအရှိုး ၃၀ ကို ထွန်ကွံ့တပ်၍ ထွန်ရေးမှန်အောင် တက်ချည်ဆင်းချည် အနှံ့ ထွန်နိုင်သူဖြစ်သည်။

ညောင်ဦးဖီးကား ညောင်ဦးအရပ်သားဖြစ်ပြီး ညောင်ဦးကမ်းခြေ မှ ပြေးဆင်း၍ ဧရာဝတီတစ်ဘက်ကမ်းသို့ လက်ပစ်ကူးနိုင်သည်။



အနောက်ဘက်ကမ်းသို့ရောက်သော် မြေမထောက်ဘဲ တစ်ဘက်သို့ ပြန်၍ ကူးလာနိုင်သည့်အပြင် ကမ်းထိပ်သို့ ပြေးတက်နိုင်သေး၏။

ထို ၄ ဦးတို့အပြင် နောက်ထပ်ဗျတ္တ၊ ရွှေဖျင်းကြီး၊ ရွှေဖျင်း ငယ်တို့လည်း ရှိကြသေး၏။ ဗျတ္တကား ဗျတ်ဝိ၊ ဗျတ္တပတာမောင် ကုလားညီနောင်နှစ်ယောက်သည် ပင်လယ်တွင် သင်္ဘောပျက်ရာမှ သထုံသို့ မျောပါခဲ့သည်။ သထုံမင်း၏ ဆရာတော်ထံတွင် ခိုဝင် နေကြစဉ် ဝိဇ္ဇာဓော်ဂျီ ဖိုလ်ဝင်သားကိုစား၍ လူစွမ်းကောင်း ဖြစ်ကြကုန်လေ၏။ သထုံမင်းက စိုးရိမ်သဖြင့် ဖမ်းဆီးစေရာ အစ်ကို ဗျတ်ဝိကို မယားအိမ်၌ အိပ်ပျော်နေစဉ် ဖမ်းမိ၏။ ယင်းကိုသတ် ပြီးလျှင် မြို့ကို ရန်သူမဝင်နိုင်အောင်ဟု ခြေ၊ လက်အင်္ဂါအသီးသီးကို ချက်၍ မြို့ပတ်ပတ်လည်တွင် မြှုပ်ထားစေ၏။

ညီဗျတ္တသည်ကား ... လက်လွတ်ထွက်ပြေး၍ ပုဂံအနော် ရထာမင်းထံ၌ ခစားလေ၏။ အစွမ်းကောင်းသည်နှင့် ပုဂံအရှေ့ ဖိုင် ၃၀ ခန့်ဝေးသော ပုပ္ပါးတောင်သို့ တစ်နေ့လျှင် ဆယ်ခေါက်၊ ဆယ်ခေါက်သွား၍ စကားပန်းကို ယူငင်ဆက်သနိုင်လေ၏။ ထို့ကြောင့် ပန်းတော်ဆက်အရာကို ခန့်အပ်ခဲ့လေ၏။

ဗျတ္တသည် ပုပ္ပါးအရပ်သို့သွားရဖန်များလေသော် ထိုအရပ်ရှိ ဘီလူးမတစ်ယောက်နှင့် ချစ်ကြိုက်မိရာမှ သား ၂ ယောက်

[illegible] ယင်းတို့မှာ ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းလေးတို့ဖြစ်သည်။ ထိုသားငယ်နှစ်ယောက်ကို ချစ်ခင်သူယ၊ ချီးပိုးနေသည်နှင့် အမှုထမ်း လစ်လပ်ဖန်များသောအခါ အခြားမလိုသူ အမတ်သူရဲကောင်းတို့တ အနော်ရထာကို လျှောက်တင်သည်နှင့် ဖူတွာအသတ်ခံရခဲ့သည်။

ကျန်ရစ်သော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့သည် မင်းကြီးထံ၌ ဆက်လက်ခစားနေရာ၊ မင်းကြီးသည် တရုတ်ပြည်သို့ စွယ်တော် သွားတောင်းရာမှအပြန်၊ တောင်ပြုံးရပ်အနီး၊ ငါးရင်းတုတ်ရွာ၌ ဘုရားတည်ရာတွင် အုတ် ၂ ချပ် လပ်မှုဖြင့် အသတ်ခံရပြန်လေ သည်။ ယင်းတို့သည်လည်း တောင်ပြုံးအရပ်၌ နတ်ဖြစ်လျက် ရှိလေ၏။

တစ်နေ့သ၌ လက်ထုပ်အရပ်တွင် မြင်း ၄ စီးတို့သည် သူတို့ဖမ်း၍ လမ်းမရနိုင်၊ အရှင်လည်း မရှိတူ၍ မင်းကြီးအား နားတော်လျှောက်လာကြလေ၏။ ထိုအခါ အနော်ရထာမင်းကြီးလည်း ကျန်စစ်သား၊ ငထွေးရုး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ ၄ ယောက်အား ရအောင်ဖမ်းခဲ့ချေဟု စေတော်မူ၏။ သူရဲကောင်း ၄ ယောက်တို့သည်လည်း မြင်း ၄ စီးကို ရေသို့မောင်းချပြီး ရေသို့ကျလေလျှင် ကူးစေ၍ မောသောအခိုက် လူရအောင် စီး သဖြင့် မြင်း ၄ စီးစလုံး ရလေ၏။



သူရဲကောင်းတို့ မြင်း ၄ စီးကို အနော်ရထာအား ဆက်သသော် "သင်တို့ ၄ ယောက် ဤမြင်းကိုမွေး၍ ငါ့အမှုတော်ကို ထမ်းကြကုန်လော့"ဟု အပ်နှင်းတော်မူလေ၏။ ထိုမြင်း ၄ စီးသည် လည်း နတ်မြင်းပျံကဲ့သို့ ကြွားရွားလှပတင့်တယ်၍ သန်စွမ်းကြ ကုန်လေသဖြင့် တန်ဖိုးပင် ဖြတ်မနိုင် ရှိချေ၏။

အနော်ရထာမင်းလက်ထက် နတ်မြင်း ၅ စီးရှိကြောင်း ရာဇဝင် ကို၌ ပြဆိုန်းရာ။

၁။ အနော်ရထာမင်းစီးသော (ခန္တီကလက်လှ)မြင်း။

၂။ ကျန်စစ်သားမင်းစီးသော (နှလုံးကွန့်ခေါင်)မြင်း။

၃။ ငလုံးလက်ဖယ်စီးသော (လေမိုးယဉ်ခေါင်)မြင်း။

၄။ ငထွေးရူးစီးသော (နှလုံးလျှင်တိုင်း)မြင်း။

၅။ ညောင်ဦးဖီးစီးသော (နှလုံးအတုမရှိ)မြင်း။

ဟူ၍ တိုက်ပွဲဝင် နတ်မြင်း ၅ စီးရှိကြ၍ လွန်စွာမှ ကျော်ကြား လေကုန်၏။

◆ ◆ ◆ ◆ ◆

# မင်းကျွန်စစ်နှင့် မဂဒိစန္ဒာ

ကျွန်စစ်သားသည် လက်ရုံးရည်နှင့် ပြည့်စုံသော သူရဲကောင်း တစ်ယောက်ဖြစ်သဖြင့် ခမည်းတော်အနော်ရထာမင်း၏ တိုက်ပွဲပေါင်း များစွာတို့တွင် ပါဝင်တိုက်ခိုက်ခဲ့ရာ အောင်ပွဲအလီလီ ရခဲ့သဖြင့် အားထားရသော သားတစ်ယောက်ဖြစ်ခဲ့သည်။ အနော်ရထာမင်းသော် သည်လည်း သူရဲကောင်းတို့အား များစွာချီးမြှင့်မြှောက်စားထား လေ၏။

တစ်နေ့သောအခါ၌ လက်အောက်သစ္စာခံဖြစ်သော ဥဿာပဲခူး သို့ ဖွမ်းစစ်သည်များ ချီလာ၍ တိုက်ခိုက်ရန် အရေးဖြစ်လာသဖြင့် ဥဿာမင်းသည် အနော်ရထာမင်းထံ "စစ်ကူတော်မူပါ"ဟု တမန် လွှတ်၍ လျှောက်ထားလေသည်။ အနော်ရထာမင်းတောလည်း ဤသို့



ဆိုလေ၏။

"စိတ်မပူလေနှင့်၊ မြင်းသည်ကောင်း ၄ သိန်း စစ်ကူလာစိမ့် မည်ဟု ပြန်ကြားလေလော့"

ဤသို့ မိန့်ဆိုတော်မူလေသဖြင့် လျှောက်ကြားလာသူတို့ ပြန်လေသော် ကျွန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်နှင့် ညောင် ဦးဖီးတို့ စစ်သူကြီး ၄ ဦးအား နတ်၏တန်ဆာကဲ့သို့ ချပ်ဝတ် တန်ဆာတို့ကို ဆင်ယင်စေပြီး အလုပ်အကျွေးကုလားခြေလျင် ရှစ်ကျိပ်နှင့် ဥဿာပဲခူးသို့ စစ်ကူစေလွှတ်တော် မူလေသည်။

စစ်သူကြီးတို့ ဥဿာပဲခူးသို့ ရောက်သောအခါ များစွာသော စစ်သည်တို့ စစ်ကူလာလိမ့်မည်အထင်ဖြင့် ဥဿာပဲခူးမင်းသည် ကြိုလင့်လေရာ၊ မြင်း ၄ စီးကိုသာမြင်၍ များစွာစိတ်မသက်သာ ဖြစ်လေ၏။

"ပုဂံမင်းသည် ငါ့အား စစ်သည် ၄ သိန်း စစ်ကူလွှတ်မည် ဆိုငြားလည်း မြင်းသည် ၄ ဦးသာ လွှတ်ဘိ၏။ ငါသည် ဤဖွမ်း စစ်သည်တို့အား အသို့တိုက်ခိုက်နိုင်ပါအံ့နည်း"

ဤသို့ ညည်းတွားသည်ကို မြင်းစစ်သည် ၄ ဦးတို့ ကြား လေလျှင် ...

"ငါတို့နှင့် ငါတို့ အရှင်အား အဘယ်သို့သော စကားကို

ဆိုဘိလေသနည်း၊ ထိုတို့ကဲ့သို့သော စစ်သူကြီး ၄ ဦး၏ လက်ရုံး ရည်ကို သင်းတို့ မယုံသလော"

ကျွန်စစ်သားအမှူးရှိသော စစ်သူကြီး ၄ ဦးလည်း အထူးထူး သော ဓားလှံ၊ လက်နက်တို့ဖြင့် စစ်ကစားကာ တန်ရေးအသွယ်သွယ် ပြကြကုန်လေ၏။ မြင်းစစ်သည် ၄ ဦး၏ ဖြတ်လတ်လျင်မြန်မှု ကျွမ်းကျင်တတ်မြောက်မှုကို မြင်ရသောအခါ ဥဿာမင်းနှင့်တကွ ပြည်သူပြည်သားအားလုံးသည် အံ့ဩဘနန်း ဖြစ်ကြကုန်လေ၏။

"ဤသူ ၄ ဦးကား လူမဟုတ်တန်၊ နတ်နှင့် နတ်မြင်းတို့သာ ဖြစ်တန်သည်တည်း"ဟု ချီးမွမ်းကြကုန်လေ၏။ ဥဿာမင်းလည်း ယခုမှပင် စိတ်မချမ်းသာမှုတို့ လျော့ပါးသွားကုန်လျက် မြင်းသည် ၄ ဦးအား ယုံကြည်စိတ်ဝင်လေ၏။

မကြာမီ၌ပင် ... ရွှမ်းစစ်သည်တို့သည် များစွာသော ဆင်လုံး မြင်းလုံးနှင့်တကွ ခြေလျင်စစ်သည်အင်အားများစွာဖြင့် ဥဿာမြို့ တံခါးဝသို့ ရောက်လာကြကုန်သည်။ နတ်မြင်းသည် ၄ ယောက် တို့လည်း ရွှမ်းစစ်သည်တို့ကို ၄ စုကွဲအောင် အလယ်ကိုထွင်း၍ တိုက်ခိုက်ထိုးခုတ်ကြလေ၏။ ခဏအတွင်း၌ပင် ရွှမ်းစစ်တပ်ကြီး ၄ စုကွဲသွားပြီးသော် ရွှမ်းတို့၏ စစ်သူကြီးဖြစ်သော-

၁။ အောက်ဖြရုံ





၂။ အောက်ဖြရဲ

၃။ အောက်ဖြဘုံ

၄။ အောက်ဖြပိုက်

ဤစစ်သူကြီး ၄ ယောက်တို့ကို အရှင်ဖမ်းယူလိုက်နိုင်ကြ လေ၏။ ရွှမ်းစစ်သည်တို့လည်း မိမိတို့၏ ခေါင်းဆောင်တို့ ဖမ်းမိ သွားသည်နှင့် တစ်ပြိုင်နက် တပ်ပျက်ကာ ပြိုကွဲ၍ ခြေဦးတည့်ရာ ဆုတ်ပြေးကြကုန်လေ၏။

ကျွန်စစ်သားအပါအဝင် စစ်သူကြီး ၄ ဦးတို့လည်း မိမိ အသီးသီး ဖမ်းမိသော ရွှမ်းစစ်သူကြီးတို့အား ဥဿာမင်းကို ဆက်သကြလေသည်။ ထိုအခါ ဥဿာမင်းလည်း လွန်စွာအားရတော် မူသည်ဖြစ်၍ ကြီးစွာသော ဆုလာဘ်ပကာပေးပြီးသော် အနော် ရထာမင်းစောအား ဥဿာမင်းအဆက်ဆက်တို့ ရွှေကြုတ်တွင် သည့်ကိုးကွယ်တော်မူသော ဓာတ်တော်တို့ကို ဆက်သလိုက်လေ၏။

ထို့အပြင် ချစ်လှစွာသော မိမိ၏သမီးဖြစ်သည့် ရွှေအဆင်း ကဲ့သို့ရှိသော ခြေသင့်ရုပ်အလေးမျှသာရှိသော မဏိစန္ဒာမင်းသမီးအား ဆက်ပါတည်း ဆက်သလိုက်လေ၏။ ကျွန်စစ်သားအမှူးပြုသော နတ်မြင်းသည်လေးယောက်တို့သည် မဏိစန္ဒာမင်းသမီးအား အလယ် လှယ်ဖြင့် အလှည့်ကျစောင့်ထိန်းလျက် ခေါ်ဆောင်လာခဲ့ကြသည်။

တစ်နေ့သ၌ ကျန်စစ်သားတော်လှည့်ကျသောည၌ မဏိစန္ဒာမင်းသမီးနှင့် လက်ပွန်းတတီးရှိကာ ချစ်ကြိုးနှောင်မိကြလေ၏။ ယင်းနောက် တစ်ဦးနှင့်တစ်ဦး ကျူးလွန်သောပါပအမှုကို ပြုလုပ်မိကြလေသည်။ ပုဂံနန်းသို့ရောက်သောအခါ မဏိစန္ဒာမင်းသမီးကို အနော်ရထာမင်းအား အပ်နှင်းလေ၏။ ထိုအခါ အနော်ရထာသည် ခြသေ့်ရုပ်အလေးနှင့် တူညီသည်ဟူသော ရွှေအဆင်းရှိသည့် မဏိစန္ဒာကိုယ်အလေးချိန်မှာ ပိုသာနေကြောင်း တွေ့ရလေ၏။ ထို့ကြောင့်

"မောင်မင်းများ၊ ခြသေ့်ရုပ်အလေးသည် ပေါ့၍ မဏိစန္ဒာကိုယ်မှာ လေးဘိသည်၊ ... ဤအရေးသည် အသို့ရှိသနည်း"

စစ်သူကြီးတို့အား အသီးသီး စစ်မေးသည်ရှိသော် ကျန်စစ်သားမှအပ ကျန်သောစစ်သူကြီး ၃ ဦးတို့က သိမြင်သည့်အတိုင်း မင်းကြီးအား မခြွင်းမချန် လျှောက်ထားကုန်၏။

"အရှင်မင်းကြီး၊ အရှင့်သားကျန်စစ်သား အိပ်ဝန်စောင့်လှည့်တွင် ဖြစ်ပျက်ခြင်းအမှုကြောင့် သူ့ကိုသာလျှင် စစ်မေးတော်မူပါဘုရား"

ကျန်စစ်သားနှင့် မဏိစန္ဒာတို့ ရည်ငံချိန်တွင် လွန်ကျူးကြောင်းကို လျှောက်ထားသောကြောင့် အနော်ရထာလည်း အမျက်ကြီးစွာထွက်လျက်



"ငါကဲ့သို့သော မင်းကို မခန့်မရည်း ကျင့်သည်မဟုတ်လော"

ကျန်စစ်သားအား ကြိုးဖြင့် တုတ်နှောင်လျက် စစ်မေးတော်မူ၏၊ ယင်းနောက် ကြီးစွာသော အမျက်ဒေါသဖြင့် လက်စွဲတော်အရိန္ဒမာလှံရှည်ဖြင့် ပစ်လွှတ်တော်မူလိုက်ရာ ကျန်စစ်သားလည်း ကံသည် သေကံမရောက်သေးသည်ဖြစ်၍ နှောင်ကြိုးကိုသာ ထိမိလျက် ကြိုးပြတ်ကာ လွတ်လေသည်။ ကျန်စစ်သားသည် လွှတ်ကြောင်းသိလျှင် ရုတ်ချည်းပင်ထိုးသော အရိန္ဒမာလှံကို ကောက်ယူပြီး ပြေးလေ၏။

ညောင်စဉ့်တံခါးမှထွက် မြစ်ကမ်းစုတ္တတောဆိပ်သို့ ရောက်လျှင် မြစ်လယ်တွင် မြင်တွေ့ရသော တံငါလှေတစ်စင်းအား ခေါ်၍ အောင်သာဘက်၊ ကုလားကျောင်းသို့ ကူးပြေးလေသည်။ အနော်ရထာမင်းလည်း ကုလားခြေလျှင် ၇ ယောက်တို့ကို ... ၍ သတ်ချေတု စေတော်မူ၏။

ထိုကုလားခြေလျှင် ၇ ယောက်တို့လည်း ကျန်စစ်သား၏ ... လက်ရုံးနှင့် ကျော်စောသတင်းကို ကြားသိရသည် ဖြစ်ရကား ... ထင်ထင် ဖမ်းချေသော် ရအံ့မထင်။ ဖမ်းနိုင်ပို့ဝေးစွ၊ အနားပင် ... မကပ်ဝံ့ မလွယ်ကူမှန်း သိကြလေ၏။ ထို့ကြောင့် ကျန်စစ်သား

နောက်သို့ နောက်ယောင်ခံလိုက်လျက် သူအိပ်သောအခါတွင်မှ ဖမ်းဆီးသတ်ပုတ်ကြအံ့ဟု တိုင်ပင်ကြလေ၏။

ကျွန်စစ်သားလည်း စားတော်မခေါ်ရသည်နှင့် ပင်ပန်းနွမ်းနယ်လျက်ရှိလေရာ တောအုပ်တစ်ခုသို့အရောက်တွင် အိပ်စက်အနားယူတော့အံ့ဟု အကြံဖြင့် နေရာရှာ၍ အရိန္ဒမာလှံကို မြေတွင်စိုက်လေ၏။ ထိုအခါ လှံသည်စိုက်တိုင်း လဲလေ၏။ စိုက်ပြန် လဲပြန်နှင့် ဖြစ်နေသောအခါ ကျွန်စစ်သားလည်း စိတ်အမျက်ထွက်လေသဖြင့် လှံတံကိုယူပြီး တောအုပ်အတွင်းသို့ ပစ်သွင်းလိုက်လေသည်။ ကျွန်စစ်သားနောက်သို့ နောက်ယောင်ခံလိုက်နေသော ကုလားခုနစ်ယောက်လည်း ကျွန်စစ်သားအိပ်စက်လျှင် ဝင်ဖမ်းမည်ဟု ချုံအတွင်းမှ ချောင်းမြောင်းနေကြရာ ... လှံဖြင့် သီသကဲ့သို့ ထိုးမိလေ၏။ ကျွန်စစ်သားလည်း လှံတံကို နံနက်မိုးလင်းမှ ကောက်တော့အံ့ဟု ကြံ၍ အိပ်စက်လေသည်။

ကျွန်စစ်သားအိပ်ပျော်၍ နိုးသောအခါ မိမိပစ်သွင်းရာ အရိန္ဒမာလှံကို ကောက်ယူရန် တောတွင်းရှာဖွေစဉ် ကုလားခြေလျင်ခုနစ်ယောက်တို့လည်း သီတန်းတွင်သီ၍ ထားသကဲ့သို့ သေနေကြသည်ကို တွေ့ရလေ၏။ ဤအဖြစ်ကိုမြင်သော်မှ ကျွန်စစ်သားစိတ်တွင် ဆင်ခြင်မိသည်မှာ ...





"ငါ၏သခင် အနော်ရထာသည်ကား ... ငါ့ကိုသေစေလိုသော ...ကြောင်းဖြင့် ဤကုလားခြေလျင် ခုနစ်ယောက်ကို စေလွှတ် ...သည်မှာ ထင်ရှားလေပြီ။ အသက်ကို ရန်ရှာသော မင်းနှင့်ဝေးစွာ ...ခြင်းသာလျှင် ကောင်းအံ့"ဟု တွေးတောလျက် မိမိအရိန္ဒမာ ...တန်ကို နှုတ်ပြီးသော် မြောက်ဘက် "ကြောင်ဖြူ"အရပ်သို့ ...က်ခဲ့လေ၏။ မြန်မာရာဇဝင်တို့၌ ကျွန်စစ်သားသည် မဏိစန္ဒာ ...သမီးနှင့် မငြိစွန်းပါဟူသော အကြောင်းမြွက်ချက်တို့ မတွေ့ရပေ။ ...င်သောအခါတွင် အနော်ရထာမင်းသည်လည်း မဏိစန္ဒာအား ...ဘာထားကြီးစွာဖြင့် မိဖုရားအရာတွင် ထားရှိ၍ အဆောင် ...ယောင်တို့နှင့်တကွထားကြောင်း တွေ့ရသည်။

အနော်ရထာကွယ်လွန်၍ ထိုမဏိစန္ဒာမင်းသမီးအား စောလူးမင်း ...ရားအရာထားခဲ့ပေသေးသည်။ စောလူးမင်းမရှိသည့်နောက် ...နစ်စစ်သားနန်းရသောအခါ မဏိစန္ဒာမင်းသမီးကို ထပ်မံ မိဖုရား ...က်ခဲ့ပြန်သေးသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ကျွန်စစ်သား ...ည် မဏိစန္ဒာအပေါ် မည်မျှချစ်မေတ္တာ ဖွဲ့နှောင်ကြောင်း သိသာ ...သည်။ စောလူးမင်းလက်ထက်၌လည်း မဏိစန္ဒာနှင့် သံသယ ...ဖြင့် အရာမှနုတ်သိမ်း၍ အဝေးသို့ ကျွန်စစ်သားကို ပို့ထားခြင်း ...သေးသည်။

ကျွန်စစ်သားနှင့် မဏိစန္ဒာတို့၏ အကြားသွယ်များ မသိနားမလည် နိုင်သည့် ချစ်မေတ္တာနှောင်ဖွဲ့မှုမျိုး အတိတ်တွင် ရှိ မရှိ၊ မည်သူမျှ မပြောနိုင်ပေ။

ကျွန်စစ်သားသည် မဏိစန္ဒာနှင့်ပတ်သက်သော ဒုက္ခတို့ကို မညည်းမညူ ခံခဲ့ရသကဲ့သို့၊ မဏိစန္ဒာသည်လည်း ကျွန်စစ်သား မင်းဖြစ်သောအခါ မင်းရင်ခွင်တွင် ခိုဝင်ခြေသိမ့်နိုင်ခဲ့သည်က ယင်းတို့ နှစ်ဦး၏ ချစ်မေတ္တာထုထည်ကို ဖော်ပြနေပေသည်။

◆ ◆ ◆ ◆ ◆



# မင်းကျွန်စစ်၏ကံကြမ္မာ

အနော်ရထာမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီးမှ စောလူး င်းသားကို ဖွားမြင်သည်။ ပဉ္စကလျာဏီမှ ကျွန်စစ်သားကို ဖွားမြင် ြီး ရဟန်းလူထွက်ခါမှ နန်းတွင်းအမှုတော်ကို ထမ်းရွက်ရသူ ဖြစ်သည်။ သို့သော်လည်း ကျွန်စစ်သားသည် လက်ရုံးရည်အရာ ာင် အစွမ်းထက်သူဖြစ်သည်။ နန်းရိုက်၊ နန်းလျာအရာ၌ စောလူး င်းသည် နေရာရသူပီပီ အနော်ရထာမျက်ကွယ်ပြုလျှင် နန်းစံ မည့်သူဖြစ်သည်။

ကျွန်စစ်သားအဖို့ အသက် ၂၀ ကျော်အရွယ်မှ သားနှင့်အဖ န်ဆုံတွေ့ကြပြီး၊ နန်းတွင်း၌ စစ်သူကြီးအရာဖြင့် အမှုတော် ဘမ်းနေစဉ်၌ပင် ဥဿာမင်း ဆက်သသော မဏိစန္ဒာမင်းသမီး

အရေးကြောင့် ခမည်းတော်၏ ရာဇမာန်အရှိန်ရှိန်ပြန်သည်။ ထို့ကြောင့် အရိန္ဒမာ လှံတစ်ချောင်းဖြင့် ကြောင်မြူးအရပ်သို့ ရှောင်တိမ်းခဲ့ခြင်း ဖြစ်သည်။

ထိုကြောင်မြူးအရပ်တွင် "မထီး"ဟူသော ဘွဲ့အမည်ရှိ ရဟန်း တစ်ပါးသည် တောကျောင်း၌ သီတင်းသုံးနေတော် မူလေ၏။ ထိုရဟန်း၌ အဆင်း၊ ကြန်အင်လက္ခဏာနှင့် ပြီးပြည့်စုံသော သမ္ဘူလ အမည်ရှိ တူမတော်တစ်ယောက်သည်လည်း အတူနေ၍ ဝေယျာဝစ္စကုသိုလ်ယူလျက် ပြုစုလုပ်ကျွေးလျက် ရှိလေ၏။ ဦးရှီးရဟန်း မထီးသည် ဗေဒင်၊ ဆန်းအတတ်တို့ကို တတ်ကျွမ်းသူဖြစ်ရကား ... မိမိတူမတော်၏ ဇာတာလက္ခဏာကို တစ်နေ့တွင် ကြည့်ရှု စစ်ဆေးမိ၏။

"ငါ့သမီး၊ သင်၏ ရုပ်လက္ခဏာကြန်အင်ကား ကြီးမြတ်သူ တို့၏ နိမိတ်တည်း။ သင်ငယ်စဉ်က ငါကောက်သွားစဉ် လက်ပံ ပင်ရင်း ခေတ္တနားနေ အိပ်စက်စဉ်၊ ထဘီအနားသို့ ပျားတို့ လာစွဲဖူးသည်။ ယင်းအတိတ်နိမိတ်ကား ငါ့သမီးထံသို့ ဘုန်းကံ ကြီးသောသူ လာရောက်မည့်အကြောင်းတည်း။

ငါ့သမီး သမ္ဘူလ ... သင့်အား အများသူငှာတို့ ဦးခိုက် လေးစားခံရအံ့။ ရှိခိုးခြင်းကိုပင် ခံရအံ့။ သင်၏ အကြင်ယာ



လောင်းလျာသည် ဤသည်၏ နေ့ရက်သို့ ရောက်သောအခါ အနောက်တောင်ထောင့်မှ ရောက်လာ၍ သမီးထံမှ ရေတောင်း ပေလိမ့်မည်။ ထိုရေတောင်းလာသူသည် သမီး၏ကြင်ယာ အစစ်ပင် တည်း။ ထိုနေ့ ထိုရက်တွင် စားကောင်းသောက်ဖွယ်တို့ကို ရှာဖွေထားလျက် ပြုစုလုပ်ကျွေးရန် မမေ့လေနှင့်"

သမ္ဘူလသည် ဦးရှီးရဟန်း ဟောကြားနိမိတ်တို့ကို အစဉ် မှတ်သား၍ ထားလေ၏။ တစ်နေ့သ၌ ထိုဦးရှီးရဟန်းဆိုသော နေ့သို့ ရောက်သောအခါ ကျန်စစ်သားလည်း အရိန္ဒမာလှံကို ကစားလျက် သမ္ဘူလတို့ တူဝရီးနေထိုင်ရာ ကျောင်းသင်္ခမ်းအနီးသို့ ရောက်လာလေသည်။ ကျောင်းသင်္ခမ်းအဝင်တွင် ရပ်လျက်နေသော သမ္ဘူလကို မြင်သည်နှင့်

"ဤမိန်းမငယ်ကား ... သွင်ပြင်လက္ခဏာထူးသူဖြစ်၏။ ဤကဲ့သို့ လူသူမနီးသောအရပ်၌ အဘယ်သူနှင့် နေဘိသနည်း။ အုပ်ထိန်းသူကား အသူနည်း"

ကျန်စစ်သားသည် အတွေးစဉ်တန်းလျက် သမ္ဘူလအနီးသို့ ချဉ်းကပ်သွားပြီးသော်

"အို ... နှမ၊ ရေကြည်တစ်ပေါက်မျှ သောက်ခွင့်ပြုပါ"

ရေတစ်ခွက်မျှ ခွင့်တောင်းယူလေ၏။ သမ္ဘူလလည်း ရေတောင်း

လာသူ လုလင်အား ရွှန်းရွှန်းစားစား ကြည့်လျက်-

"အရှင်ကား ... ခရီးဝေးမှ လာတန်ရှိ၍ မောပန်းလာပေ သည်။ ရေအေးအေးသာမက၊ သီးနှံဝံလင်နှင့် စားဖွယ်ရာတို့ကို စားလျက် ခေတ္တ ဤမှာနားနေပါဦးလော့"

သမ္ဗုလသည် ဖိတ်မန္တကပြု၍ ဦးရိုးတော်၏ ကျောင်းသင်္ခမ်းသို့ ဝင်ဆောင်ခဲ့လေသည်။ ရေအေးအေးတစ်ခွက်ကို ကျွန်စစ်သား လက်သို့ ကမ်းပေးပြီးနောက်၊ စားသောက်ဖွယ်ရာနှင့် အသီးအနှံ တို့ကို တည်ခင်းကျွေးမွေးလေ၏။

ကျွန်စစ်သားသည် ရေကိုသာတောင်းယူသောက်လျက် သမ္ဗုလ တည်ခင်းသော အသီးအနှံတို့ မစားပေ။ တစ်ခဏ၌ ကျွန်စစ်သား သည် ကျောင်းသင်္ခမ်းအစပ်တွင် ပေါက်လျက်ရှိသော သံပရာချဉ်ပင်မှ သံပရာသီးတို့ကို နူးယူ၍စားလေ၏။ ချဉ်တူးသော သံပရာသီးကို ကျွန်စစ်သားစားနေသည်မှာ ချိုမြိန်သော အသီးတစ်မျိုးကို စားနေ ရဘိအလား အသွင်သဏ္ဌာန်ရှိသဖြင့် ရှင်မထီးသည် အံ့ဩလေ၏။

"ဤသံပရာသည် မချဉ်သလော"

ဦးရိုးတော်မထီးမေးလာသည်ကို ကျွန်စစ်သားသည် လက်တွင်း မှ သံပရာချဉ်သီးတစ်လုံးအား အရိုအမှာလုံ့ဖြင့် ခွာပေးလိုက်၏။ ရှင်မထီးလည်း စားကြည့်လေရာ၊ အလွန်ချိုမြိန်သော သံပရာသီး





အရွမ်းကို ခံစားရသဖြင့် များစွာအံ့အားသင့်သွားလေ၏။

"ငါ၏ချဉ်သည့် သံပရာသီးပင်လျှင် သူ၏လက်တွင်းရောက် လေလျှင် သံပရာချို ဖြစ်ရ၏။ ဤသူငယ်ကား ... သာမန်လူ မဟုတ်၊ ဘုန်းကံကြီးသော သူသာလျှင်တည်း"

တစ်မုဟုတ်ချင်းမှာပင် ဦးရိုးတော်မထီးရဟန်းသည် ကျွန်စစ် မင်းသား၏ ကြန်အင်လက္ခဏာတို့ကို ဝေဖန်ပိုင်းခြား ကြည့်လေ၏။

"ဤသူကား ... ငါကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်း ဘုမတော်သမ္ဗုလ၏ ကြင်ယာတော် ဖြစ်ထိုက်သူသာတည်း"

ထို့ကြောင့် တူမတော်သမ္ဗုလအား ရိုသေပျဝပ်စွာ လုပ်ကျွေး စေ၍ သတိပေးလေ၏။

"သမီးသမ္ဗုလ၊ ... သမီးနှင့်ထိုက်တန်သောသူကား ဆိုက် ရောက်လာပေပြီ၊ အလုပ်အကျွေးပြု၍ ရင်းနှီးကျွမ်းဝင်အောင်နေ လျက် နှစ်သက်စကားကိုဆိုလော့"

ရဟန်းမထီးလည်း လောကီလူတို့လေ့ကို မျက်နှာလွှဲလျက် မိမိအားထုတ်မြဲဖြစ်သော တရားကမ္မဋ္ဌာန်းအတွက် တောနက်ရာသို့ ရှောင်ထွက်ပေးလေ၏။ ထိုအခါ သမ္ဗုလသည် ဦးရိုးတော်နိမိတ် ဖတ်ဖူးသော "အနောက်တောင်ထောင့်မှလာ၍ ရေလာတောင်းသူ သည် ကြင်ယာခင်ပွန်းဖြစ်လတ္တံ့" ဟူသောစကားကို ပြန်လည်

သတိရလေပြီး ကျွန်စဝ်မင်းသားအား ရွှန်းရွှန်းစားစားကြည့်လေ
ခန့်ညားသောဥပဓိရုပ်နှင့် နှစ်လိုဖွယ်ကောင်းသော သွင်ပြင်လက္ခ
တို့ကြောင့် အားကိုးထိုက်သူဟု ယုံကြည်လျက် ချစ်ခင်ဖွယ်ကော
သောစကားတို့ဖြင့် ဆိုလေ၏။

"အရှင်သားသည် ခရီးသွားတန်ရှိ၏။ ဤနေရာအရပ်
တည်းခိုနားနေပြီးမှ အလိုရှိရာ ဆက်သွားလိုက သွားပါ
နှမတည်ခင်းသော စားဖွယ်တို့ကိုလည်း မြိန်ယှက်စွာ သုံးဆော
တော်မူပါ"

ကျွန်စဝ်သား၏ ရင်တွင်းမှ ထုတ်ဖော်မပြောသည့်တိုင် နှ
နန်းစားနှင့် ကိုင်စွဲလာသော အရိုးမှာလှံတို့ကို ကြည့်ပြီး၊ သာ
လူမဟုတ် ... မင်းမှုထမ်းတစ်ဦးဦးဖြစ်ကြောင်း သိမိ၍ သမ္ဘူ
သည် ကျိုးနွံစွာ စကားဆိုခြင်းဖြစ်သည်။

ကျွန်စဝ်သားလည်း အရိုးမှာလှံတံကို ကျောင်းသင်္ခမ်းထော
တွင် ထောင်ထားစေ၍

"ချစ်နှမ၊ ... ငါသည် ရှေ့ခရီးကို ဆက်ရန်မရှိ။ ဤအရ
တွင် ကာလကြာစွာ တည်းခိုနေခွင့် ပေးခဲ့သော် ကောင်းပါ

"ဦးရိုးရဟန်းအား သဘောမေး၍ တည်းခွင့်ပြုမည်ဆိုလျှ
အတိုင်းအတာမရှိ အရှင့်သား တည်းခိုပါ"





ဤသို့ဖြင့် ကျွန်စဝ်သားနှင့် သမ္ဘူလသည် ရင်းနှီးစွာပင်
ခင်လေပြီး၊ ဦးရိုးတော်ပထီးရဟန်းအား ပြောကြား၍ တည်းခိုခွင့်
ပြုလေသော် ကျွန်စဝ်သားလည်း အနော်ရထာ၏ အမျက်ပြေသည့်
တိုင် ဤအရပ်၌ ခိုနေတော့မည်ဟု ဆုံးဖြတ်လေ၏။

တစ်နေ့သ၌ သမ္ဘူလသည် ကျွန်စဝ်မင်းသားအား ဤသို့
မေးလေ၏။

"အရှင့်သား၊ ... ရောက်ခါစ ချဉ်သော သံပရာကို
ဖူးဆွတ်စားသော်၊ အရှင့်လက်တွင်းရောက်သော် အဘယ်ကြောင့်
ချိုကုန်ကြရလေသနည်း ... အရှင်ကား ... ဘုန်းကံကြီးသူလော"

ထိုအခါ ကျွန်စဝ်မင်းသားသည် အရိုးမှာလှံကို ဆွဲကိုင်ပြလေ၏။

"ချစ်နှမ ...၊ ဤအရိုးမှာလှံကား ဘုန်းကံကြီးသော သူတို့
သာ ဆွဲကိုင်နိုင်ပေ၏။ ဤလှံသည် ရိုးရိုးလှံမဟုတ်။ ငါ၏ခမည်း
တော်အား သိကြားမင်းဆက်သော လှံပေတည်း။ ဤလှံနှင့် တို့
သော် အရာရာကို ပြီးစေ၏။ အောင်မြင်စေ၏။ ငါ၏ဘုန်းကံနှင့်
သိကြား၏လှံတို့ ပေါင်းစပ်သောအခါ စွမ်းအားသည် နှိုင်းဆလွန်ကဲ
ပါတည်း"

ဤသို့ဖြင့် သမ္ဘူလနှင့် ကျွန်စဝ်သားတို့သည် ကျောင်းသင်္ခမ်း၌
လက်ပွန်းတတီး အတူနေကြပြီးသော် ရက်မကြာမီ၌ သင့်မြတ်

ကြလေ၏။ တစ်ဦးကိုတစ်ဦး သံယောဇဉ်နှောင်ဖွဲ့မိကြသော အခါ ကျန်စစ်သားသည် ပွင့်လင်းစွာ စကားဆိုလေ၏။

"ချစ်နှမသည် ဖို့အား လုပ်ကျွေးသင့်၏။ သင့်အား ဖို့အသက်ပေး နိုင်ပါ၏"

"အရှင့်သား၊ ဤသို့ဆိုလျှင် နှမ၏အားကိုးရာအဖြစ်ရှိတော် မူပါ ... အသွေးအသားကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း အပ်နှင်းတော်မူပါ၏"

သမ္ဘူလနှင့် ကျန်စစ်သားလည်း ဦးရှိုးတော်မထီး ရဟန်းထံ ခွင့်တောင်းလျက် အကြင်လင်မယားအဖြစ် ချစ်ခင်စွာနေကြကုန် လေ၏။ သမ္ဘူလကား ... တောတွင်းကျောင်းသင်္ခမ်း၌ ဦးရှိုးရဟန်း၏ အဆုံးအမဖြင့် ကြီးပြင်းလာရသူဖြစ်၍ ယဉ်ကျေးသိမ်မွေ့၏။ အလို ရှုက်နည်းခြင်း၊ ရိုးသားတည်ကြည်ခြင်းတို့ကြောင့် ကျန်စစ်သား၏ ချစ်ခင်မှုကို ဖြစ်စေခဲ့သည်။

ကျန်စစ်သားလည်း ပုဂံနေပြည်တော်နှင့် အဆက်ပြတ်တာ ဤကြောင်းမြို့အရပ်၌ပင် သမ္ဘူလနှင့်အတူ ပေါင်းသင်းနေထိုင်၍ အတန်ကြာခဲ့လေတော့သတည်း။

◆ ◆ ◆ ◆ ◆



# မင်းပြောင်းမင်းလွှဲ

အနော်ရထာမင်းစောသည် မြစ်ခြေအောင်သာအရပ်တွင် ကျွဲကိုင်း နန်းကို နှိမ်နင်းရာမှ ကျွဲခတ်ခံရပြီး နတ်ရွာစံခဲ့ရလေ၏။ အနော် ရထာမင်း၏ နိုင်ငံချဲ့ထွင်မှု၊ လက်ဝယ်ရရှိမှု ပိုင်နက်ကား များပြား ကျယ်ဝန်းလှပေသည်။ မြန်မာရာဇဝင်အသီးသီးတို့၌ အောက်ပါ အတိုင်း ဖော်ပြကြောင်း တွေ့ရသည်။

၁။ အနောက်သို့လားသော် ... စစ်တကောင်းမြို့ မြောက် ဘက်၊ မဏိပူရ၏ အနောက်တောင်ဘက်၊ ကုလားမြို့ဟု ဆိုအပ်သောအရပ်။

၂။ အနောက်မြောက်ထောင့်သို့ လားသော် ... ကတူးလူ
များ နေထိုင်ရာ တကောင်း၊ ဟုမ္မလင်း၊ ပင်လယ်
ဖန်းမောက်ဒေသအရပ်။

၃။ မြောက်သို့ လားသော် ... တရုတ်ပြည်၊ တရုတ်လူ
များ နေထိုင်ရာအရပ်။


၄။ အရှေ့မြောက်ထောင့်သို့ လားသော် ... အဂ္ဂလ
ဘာသာဝစ်ပါရိုစီ(ပန်းသေး)လူမျိုးများ နေထိုင်ရာဒေ

၅။ အရှေ့သို့ လားသော် ... တရုတ်နိုင်ငံ၊ ယူနန်
အတွင်း။

၆။ အရှေ့တောင်သို့ လားသော် ... ဂျွမ်းတိုင်းပြည်
ခေါ်တွင်သော ခမာလူမျိုးများ နေထိုင်ရာအရပ်။

ဟူ၍ ကျယ်ပြန့်စွာ ပိုင်ဆိုင်ထားကြောင်း တွေ့နိုင်သ






အနော်ရထာမင်း၏ နယ်မြေပိုင်ဆိုင်မှု အမှတ်အသား

အနော်ရထာနတ်ရွာစံသည်နှင့် အဂ္ဂမဟေသီ မိဖုရားကြီးနှင့် ဖွားမြင်သော သားတော်စောလူးမင်းသည် သက္ကရာဇ် ၁၀၇၇ ခုနှစ် နန်းတက်လာသည်။ အနော်ရထာ နတ်ရွာစံချိန်၌ ကျန်စစ်သားမှာ သမ္ဗူလနှင့်အတူ ကြောင်ဖြူအရပ်တွင် ရှိနေဆဲဖြစ်သည်။ စောလူးမင်း၏ နန်းစဉ်နန်းဆက်ကိုလည်း ယခင်ကပင် နန်းတွင်းပုရောဟိတ်တို့ နိမိတ်ဖတ်ကြား ဖြစ်ခဲ့ကြသည်။

စောလူးမင်းကို ယခင်က မင်းလုလင်ဟုခေါ်ကြပြီး တွေ့ရှိရသော ကျောက်စာများတွင်လည်း "မင်းလုလင်"ဟု ရေးထိုးကြောင်း တွေ့ရသည်။ ထိုမင်း နန်းတက်သောအခါ ၂၆ နှစ်ရှိပြီဟု မှတ်တမ်းများက ဆို၏။ သို့သော် ပုဂံရာဇဝင်မှတ်တမ်းတို့တွင် မူကွဲများ။ ခုနှစ်သက္ကရာဇ်များကို ကွဲလွဲစွာ တွေ့နေရပသေးသည်။

[တံသာဝတီဦးဘုရင်၏ မြန်မာရာဇဝင်မှတ်တမ်းတွင် စောလူးမင်း(မင်းလုလင်)ကောဇာသက္ကရာဇ် ၄၂၃ မှ ၄၂၆ (အေဒီ ၁၅၀၉–၁၀၆၄)တုလည်းကောင်း ဦးဖိုးကျား၏ မြန်မာရာဇဝင်အကျဉ်းတွင် ကောဇာ သက္ကရာဇ် ၄၃၉ မှ ၄၄၆ (အေဒီ ၁၀၇၇–၁၀၈၄)တု လည်းကောင်း ကွဲလွဲစွာ တွေ့ရှိရသည်။ ဦးကုလား ရာဇဝင်နှင့် မဟာရာဇဝင်ကြီးတို့၌ ကောဇာသက္ကရာဇ် ၄၂၃ တွင် နန်းတက်ပြီး ၅ နှစ်သာ စိုးစံရကြောင်း ဖော်ပြထားသည်။]



စောလူးမင်းကို ယခင်က "စားတော်ခွံ"မင်္ဂလာပြုလုပ်သော ...ခါ ... ပြင်ဆင်ထားသော ပွဲတော်အုပ်ဦးတွင် ကြက်ဥကို ...ားရှိသော်လည်း ထိုကြက်ဥကို မစားမိ။ အောက်တစ်ဆင့်တွင် ...ားသော ကြက်ဥကို နှိုက်ယူ စားတော်ခေါ်လေ၏။ ထိုအချင်း ...ာကို ပညာရှိပုရောဟိတ်ပုဏ္ဏားတို့ မြင်လေသော် ဤသို့ ...တ်ဖတ်ကြ၏။

"ဤမင်းသား နန်းတက်ပြီးသော် ... သူ၏မင်းစဉ်ပြတ်အံ့" ...ဖြစ်သော်ကား ... စောလူးမင်းနှင့်ရသော ရင်သွေးတို့သည် ...းအစဉ် ဆက်ခံရန် အကြောင်းမမြင်ဟု ဟောခြင်းပင်တည်း။ ...ဟောကြားသည့်အတိုင်းပင် စောလူးမင်း နန်းသိမ်းပွဲခံပြီး မကြာမီ ...ပိုင်းမှာပင် မိဖုရားခေါင်ကြီးဖြစ်သော ဦးဆောက်ပန်း ကံကုန် ...သ၏။

ထိုအခါ ဥဿာမင်း ဆက်သသော အနော်ရထာမင်း၏ မိဖုရား ...း မဏိစန္ဒာ(သိရိစန္ဒာဒေဝီ)ကို ခညီးဟူသောအမည်နှင့် ဦးဆောက် ...းအရာကို ပေးတော်မူလေ၏။ စောလူးမင်းမှာ ဘုရင်သာဖြစ် ...သော်လည်း လက်ရုံးရည်၊ နှလုံးရည်ညံ့သူဖြစ်သည်။ ထို့ကြောင့်

ရှင်အရယ်နှင့်တကွ နန်းတွင်းရှိ မှူးကြီး၊ မတ်ကြီး၊ ပညာရှိအပေါင်း တို့သည် ရှင်ဘုရင်အား ထိန်းကြောင်းကွပ်ကဲရန် လက်ရုံးရည်၊ နှလုံးရည်ရှိသူ တစ်ဦးဦးရှိမှ သင့်လျော်မည်ဟု ဆုံးဖြတ်ကြ၏။

ထိုအခါ အနော်ရထာမင်းလက်ထက် အစွမ်းအစရှိလှသော သားတော်ကျန်စစ်သားကို ပြေးမြင်ယောင်ကြသည်။ ခမည်းတော် အနော်ရထာမင်းကြီး၏ ရာဇမာန်ရှမှုကြောင့် တိမ်းရှောင်နေရသော ကျန်စစ်သားမင်းကို နန်းတွင်းပြန်ခေါ်ထားရန် တိုင်ပင်ကြသည်။ မှူးမတ်၊ ကလန်၊ သံပျင်၊ နန်းတွင်းသူ နန်းတွင်းသားအပေါင်း တို့က စောလူးမင်းအား ထိုကြောင်းကို နားတော်လျှောက်တင် ကြသည်။

"အရှင်မင်းကြီး၊ ခမည်းတော်လည်း မရှိပြီဖြစ်၍ ကျန်စစ်သား အရေးသည် ပြေငြိမ်းရာသို့ ရောက်ပေပြီ။ တိုင်းရေးပြည်ရာကို အရည်ရှ၍ စစ်သူကြီးမင်း ကျန်စစ်အား နန်းတွင်းပြန်ခေါ်ယူသင့် ကြောင်းပါ"

"ဟုတ်ပေ၏။ လူစွမ်းကောင်းတို့သည် ကိုယ်တော်နှင့် မကွာ ကောင်းသောသူဖြစ်အံ့။ သူတိမ်းရှောင်ရာအရပ်မှ ပြန်ခေါ်၍ ရွှေသော စည်းစိမ်၊ တားမြဲသောအနေတို့ဖြင့် ပြန်ရှိစေ"

မင်းအမိန့်ရသည်နှင့် ကျန်စစ်မင်းသားအား နန်းတွင်းသို့





ပြန်လည်ခေါ်ဆောင်ရန် အကြီးအမှူးတို့ကို အဆောင်အယောင်နှင့် တကွ စေလွှတ်တော်မူလေသည်။ ကျန်စစ်သားရှိရာသို့ ရောက်သော အခါ ရွှေနန်းတော်သို့ ပြန်လည်ခစားရန်အကြောင်း လျှောက်ထား ကြလေ၏။ ထိုအခါ ကျန်စစ်သားလည်း မင်းအမိန့်ပါသည်နှင့် လွန်ဆန်နိုင်သည်ကတစ်ကြောင်း၊ ခမည်းတော်အနော်ရထာမင်း ကြီးလည်း နတ်ရွာစံလေပြီဖြစ်သဖြင့် နန်းတော်သို့ လိုက်ပါအမှုတော် ထမ်းရန် ပြင်ဆင်ရပြန်လေ၏။

ထိုစဉ်အခါ၌ သမ္ဘူလ၏ ဝမ်းကြာတိုက်တွင် မိမိရင်သွေးကို ပဋိသန္ဓေ လွယ်ထားလေပြီဖြစ်၏။ ထို့ကြောင့် မိမိလက်တွင် ဝတ်ဆင်ထားသော လက်စွပ်ကို ချွတ်ပေးပြီးလျှင် –

"ချစ်နှမ၊ ငါသည်ကား နန်းတွင်းသို့ ပြန်ခစားရန် မင်းမိန့် ရှိလာလေပြီ၊ မလိုက်၍ မဖြစ်တော့။ ဤလက်စွပ်ရတနာကို သင်ယူပြီးသော် ပဋိသန္ဓေမှ သမီးဖွားလျှင် လက်စွပ်ကိုရောင်းချ၍ ကျွေးမွေးလေ။ သားယောက်ျားကလေးဖွားလျှင်ကား ... လက်စွပ် နှင့်တကွ သားကို နန်းတွင်းသို့ ခေါ်လာခဲ့ ငါ့နှမ"

"ကောင်းပါပြီအရှင်"

ကျန်စစ်သားလည်း ဦးရိုးတော်မထိးရတာန်းထံ သမ္ဘူလကို အပ်နှံထားခဲ့ပြီး၊ ဦးရိုးအား ရှိခိုးဦးခိုက်လျက် မင်းလုလင်တို့နှင့်

အတူ ပုဂံရွှေပြည်သို့ ပြန်လိုက်ခဲ့လေတော့သည်။

နန်းတော်သို့ ရောက်လေလျှင် စောလူးမင်းလည်း ယခင်ခမည်းတော်လက်ထက်ကအတိုင်း ကျန်စစ်သားအား စစ်သူကြီးအရာနှင့် အဆောင်အယောင်တို့ကို ပြန်လည်အပ်နှင်းကာ အမှုထမ်းစေလေ၏။

◆ ◆ ◆ ◆ ◆

# သံသယနှောင်အိမ်အတွင်းမှ ကျန်စစ်သား

စောလူးမင်းသည် မိဖုရားများရှိသည့်အနက် မဏိစန္ဒာမင်းသမီးကို "ခင်ဦး" ဟူသောအမည်ဖြင့် ဦးဆောက်ပန်းအရာကို ထားတော်မူကာ နှစ်သက်မြတ်နိုးလေ၏။ မွန်မင်းသမီးခင်ဦးမှာ လှပကြော့ရှင်းသည့်အပြင်၊ အပြောအဆိုအရာ၌ သိမ်မွေ့ယဉ်ကျေးသောကြောင့် …သက်စရာ ကောင်းလှပေသည်။ ထို့ကြောင့်လည်း အနော်ရထာမင်း အသုံးတော်ခံပြီးသည့်တိုင် စောလူးမင်းလက်ထက်တွင်လည်း စွန့်ပစ်ရက်စရာ မရှိပေ။

နန်းစဉ်နန်းဆက်ဖြစ်သည်ကတစ်ကြောင်း၊ လှပကြော့ရှင်း လိမ္မာခြင်းအသတိရှိသော ထိုမိဖုရားအား ဦးဆောက်ပန်းအရာပေး၍ ဆက်လက်မြှောက်စားထားခဲ့သည်။ မင်းနှင့်မိဖုရားတို့အား နေ့စဉ်

အခစားဝင်လျက် မြင်ပါတွေ့ပါများလာသည်နှင့်အမျှ မဏိစန္ဒာနှင့် ကျန်စစ်သားတို့ မျက်လုံးချင်း ဆုံကြမည်မှာ မဆန်းပေ။ သူတို့ နှစ်ဦး၏ ရင်တွင်းခံစားချက်ကိုမူ ကာယကံရှင်တို့မှလွဲ၍ သိနိုင် ကြမည်မဟုတ်။ အနော်ရထာမင်းကြီးကို ဆက်သရန် ဥသာပဲခူးမှ ခေါ်ဆောင်လာစဉ် လမ်းခရီး၌ အဘယ်သို့ နှောင်တွယ်မိကြသည်ကို မည်သူမျှ မပြောနိုင်။

ဤအရေးနှင့်စပ်လျဉ်း၍ ကျန်စစ်သားအား အနော်ရထာမင်းကြီး မျက်သဖြင့် ကြောင်ဖြူအရပ်သို့ တိမ်းရှောင်သွားရသည်မှာလည်း ဒိဋ္ဌဓမ္မပင်။ ယခု အနော်ရထာမင်းကြီး မရှိသည့်နောက် ကျန်စစ်သား နန်းတွင်း ပြန်လည်ခစားချိန်တွင် နှစ်သက်နှောင်တွယ်မိခဲ့သော မဏိစန္ဒာမင်းသမီးမှာ "ခဦး"အဖြစ်နှင့် စောလူးမင်း၏ မိဖုရားဖြစ်နေ ပြန်လေပြီ။ မင်းခယောက်ျားဆိုသည်ကား ... အမှုတော်အား သစ္စာရှိရှိ၊ ရှပ်ချွဲကျေပွန်စွာ ထမ်းရွက်မှ အရှင့်သားကောင်း ပီသမည် ဖြစ်သည်။ မဏိစန္ဒာကို ပြန်လည်တွေ့မြင်ရသော်လည်း အဆင့် အတန်းလည်း ကွာခြားလွန်းနေပေ၏။ မိဖုရားခေါင်ကြီးနှင့် စစ်သူ ကြီးဘဝ ဖြစ်နေကြပြီး မိမိတွင်လည်း သမ္မုလတူသော ဘိ... ဂဇဉ် ကြီးတစ်ချောင်းက တုတ်နှောင်ထားရှိသေးသည်။ ထို့ကြောင့် ကျန်စစ်သားနှင့် မဏိစန္ဒာတို့၏ ဒုတိယအကြိမ်





...တွေ့မှု၌ ယခင် ကကဲ့သို့ ရင်မခုန်ကြတော့ပေ။

ဆင်ခြင်နိုင်းချင့်မှုများနှင့် ဝှာဖြေ့ရှိနေကြလေ၏။

သို့သော်ကား ... မဏိစန္ဒာမင်းသမီးနှင့် ပတ်သက်လျှင် ...န်စစ်သားအဖို့ အရှုံးလက္ခဏာကို ရပ်ဝယ်ပိုက်ရန် ကံကြမ္မာ ...လာခဲ့ပြန်လေတော့၏။ တစ်နေ့သောအခါတွင် **"မိဖုရားခင်ဦး (မဏိစန္ဒာ)နှင့် ကျန်စစ်သားတို့ ရင်းနှီးကျွမ်းဝင်စကား ...ိုနေကြကြောင်း"** ယောင်းမတို့ မြင်သွားကြလေ၏။ စောလူးမင်း ...ည် အနော်ရထာလက်ထက်၌ပင် မဏိစန္ဒာနှင့် ကျန်စစ်သားတို့၏ ...တ်လမ်းကို သိထားလေသဖြင့် ယခု ကျန်စစ်သားနန်းတွင်း ...ပြန်လည်ခစားချိန်၌ မဏိစန္ဒာနှင့် ကျန်စစ်သားတို့အပေါ် စောင့် ...ကြည့်ပေးရန်နှင့် နန်းတွင်းသူအများအပြားကို ခန့်အပ်ထားရှိခဲ့သည်။

သံသယမျက်လုံးများအလယ်တွင် သူတို့နှစ်ဦးလွတ်အောင် ...ှောင်ရှောင်ခဲ့ကြသော်လည်း တစ်နေ့နေ့တွင်ကား ထိုပြဿနာသည် ...ပ်တိုက် ရင်ဆိုင်လာရပေတော့သည်။

စောင့်ကြည့်စေသော ယောင်းမ၊ နန်းတွင်းသူများ၏ လျှောက်တင် ...ကြောင့် **"မိဖုရားခင်ဦးနှင့် ကျန်စစ်သားတို့ အပြောအဆော ...ပြန်သည်"** ဟု စောလူးမင်းထံ လျှောက်တင်ကြလေသည်။ ထိုအခါ ...စောလူးမင်းသည် ယုံကြည်တော်မူသဖြင့်-

"ဒီးကို မလောင်ခင်တားအုံ့။ မိဂုရားခင်ငြိးသည်လည်း အဆောင်
ပြင်သို့ မထွက်မရှိစေနှင့်၊ အစောင့်အနေများစွာ ရှုရလှာ။ ကျွန်စ
သားကိုလည်း ခံစားခွင့်၊ ငွေကြေးစည်းစိမ်၊ အဆောင်အယော
ရုပ်သိမ်းလျက် ဒလသို့ ပို့စေ"

ဤသို့သော အမိန့်တော်ချမှတ်၍ မဂါဝန္တာ(ခင်ငြိး)နှင့် ကျွန်
သားတို့ ထပ်မံ၍ ဝေးကြရလေ၏။ ကျွန်စစ်သားအဖို့ မဂါဝ
အတွက် အရှုံးကို ရင်ဝယ်ပိုက်ကာ ဒလသို့ ထွက်ခဲ့ရပြန်လေ
ခမည်းတော်အနော်ရထာမင်းကဲ့သို့ အရိန္ဒာမာလှံဖြင့် မထိုးမသတ်
ဒလသို့ နယ်နှင်ဒဏ်လိုက်ခြင်းမင်လျှင် တော်ပေသေး၏တု မှတ်
ခဲ့သည်။ ခမည်းတော်လက်ထက်က အရိန္ဒမာလှံချက် မလွဲခဲ့သေ
ရင်ဝတွင် လှံစူး၍ ကျွန်စစ်သားအဖို့ သေပွဲဝင်ခဲ့ပြီမှာ ကြာခဲ့ပေမည်

ယခု စောလူးမင်းကိုပင် ကျေးဇူးတင်ရပေဦးမည်။

စောလူးနှင့်ကျွန်စစ်သားကား ... အဖေတူသော အမေ
သည့် ညီအစ်ကိုများသာတည်း။

◆ ◆ ◆ ◆ ◆

# ကျန်စစ်သား၏သစ္စာ

ကျွန်စစ်သားဒလသို့ ရောက်ပြီး များမကြာမီ၌ ပုဂံနေပြည်
တော်ရှိ မှူးကြီး၊ မတ်ကြီး၊ ပညာရှိအပေါင်းတို့သည် ပြည်နှင်ဒဏ်
ပေးထားသော ကျွန်စစ်သားအရေးကို လျှောက်တင်ကြပြန်လေ၏။
အကယ်စင်စစ် ကျွန်စစ်သားကား ... အပြစ်ကျူးလွန်သော
သူဝတ်သားလည်း မဟုတ်တုံသေး။ တိုင်းပြည်ကို ပုန်ကန်ခြားနား
သော ရန်သူယ်လည်း မဟုတ်တုံသေး။ ဘုရင်၏စိတ်တွင်း မကြည်လင်
သော သံသယဖြင့် နှလုံးသားအရေးကိစ္စကို ရှေ့တန်းတင်၍
အပြစ်ပေးထားခြင်းသာဖြစ်သည်။

အားလုံးသောမှူးမတ်ပညာရှိတို့က ဤသို့ စောလူးမင်းအား
င်လျှောက်ကြတုန်၏။

"ကျွန်စစ်သားသည် အရှင်ခမည်းတော် မျက်မာန်တော်ရှ သဖြင့် တစ်ကြိမ်တစ်ခါကလည်း ကြောင်ဖြူအရပ်တွင် ပုန်းရှောင် နေခဲ့ရဖူး၍ ပြန်ခေါ်လာသည်ဖြင့် မကြာသေး။ ယခု ဘုန်းတော် အရှင်မြတ်က တစ်ဖန် မျက်တော်မူပြန်၍ ဒလသို့ ပို့တော်မူပြန် လေသည်။ သူရဲကောင်းတို့မည်သည် လက်နက်နှင့်မကွာ ကောင်း သကဲ့သို့ တိုင်းပြည်ပြည့်ရှင်မင်းသည် သူရဲကောင်းတို့နှင့် ကင်း၍ မဖြစ်ကောင်း။ သို့တွက်ကြောင့် စစ်သူကြီးကျွန်စစ်သားအား ပုဂံ နေပြည်တော်သို့ ပြန်လည်ခေါ်ဆောင်လျက် မူလရာထူး၊ ဌာနေ၊ အခြေအရပ်ရပ် ခံစားခွင့်ပြုရန် သင့်ကြောင်းပါဘုရား"

အချို့သော မှူးမတ်တို့ကလည်း ဤသို့ လျှောက်တင်၏။ "ကျွန်စစ်သား ပုဂံနေပြည်တော်တွင် မရှိကြောင်း အတိုင်းတိုင်း အမင်းမင်းတို့ သိလေလျှင် ပုန်ကန်ခြားနား၊ ထိပါးလာနိုင်ဖွယ် ရှိသဖြင့် အပါးတော်မှာပင် ခေါ်ယူခစားထားရှိရန် သင့်ကြောင်းပါ ဘုရား"

ဤသို့ တိုက်တွန်းလျှောက်တင်ချက်များကို စောလူးမင်း သုံးသပ်လျက် "မင်းချင်းပညာရှိသော စကားအရာတို့သည် ဟုတ် တိုင်း မှန်ပေ၏။ ပြည်ရွာ၊ နိုင်ငံအရေးကို ရှေ့ရှု၍ ကျွန်စစ်သားအား ပြန်ခေါ်လေမှ သင့်ပေတော့အံ့"ဟု ဆုံးဖြတ်လျက် ဒလသို့ထားခံ





သော ကျွန်စစ်သားအား ရေကြောင်းမှ ရွှေလောင်းတော်နှင့် ခေါ်စေပြန်လေ၏။

ထို့နောက် အရိုက်အရာ၊ စားမြဲသောကြေးစည်းစိမ်နှင့် ဆောင်အယောင်တို့ကို ယခင်အတိုင်း အပ်နှင်းပြန်လေ၏။ ထိုစဉ် တစ်ဆက်တည်းမှာပင် အထိန်းတော်၏ သားဖြစ်သော "ရေ ကန်း"ကိုလည်း ဥသာဒပဲခူးမြို့ကိုစားရန် ပေးတော်မူလေသည်။

စောလူးမင်းနှင့် ရေမန်ကန်းတို့မှာ သက်တူရွယ်တူဖြစ်ပြီး ပေါင်းများဖြစ်ကြ၏။ တစ်နေ့သောအခါ စောလူးမင်းနှင့် ရေမန် ကန်းတို့ အပျင်းပြေစေရန် ကြွေအန်ကစားကြရာ မင်း၊ မှူးမတ်၊ လုလင်နှင့် မောင်းမမိဿံတို့ ဝိုင်းရံလျက် ကြည့်ကြကုန်၏။ ကစားကြရာ၌ ရေမန်ကန်း ကြွေအံပစ်ရာ နိုင်လေသဖြင့် ဝမ်းသာ ရထပြီးသော် လက်ခမောင်းခတ် ကြွေးကြော်လေ၏။

"ငါ့ကို သင်း နိုင်အံ့လော"

ထိုအခါ လူပရိသတ်အများရှေ့၌ ကြွေအံတစ်ပွဲနိုင်ခြင်းကို ကြောင်းပြု၍ ငါကဲ့သို့သောမင်းအား ဤသို့ မထေမဲ့မြင် လက် ခမောင်းထခတ်ရာ၏လောဟု စောလူးမင်း ခံပြင်းဒေါသဖြစ်လေ၏။ ကြောင့် ...

"ဟယ် ... ရေမန်ကန်း၊ ကြွေအံတစ်ပွဲနှင့် ဤသို့ပြုရာ

လော။ နင်ယောက်ျားကောင်း ဟုတ်သည်ရှိသော် ... နင်အပိုင်စားသော ဥဿာပဲခူးနှင့် ငါ့အား ပုန်ကန်လော့၊ နိုင်အောင်တိုက်လော့

"ရှင်မင်းကြီး၊ တကယ်လော"

"ငါ့စကားသည် မသွေဖယ်၊ ကြိုက်သည့်နေ့တွင် ပုန်ကန်လော့"

ရေမန်ကန်းလည်း ယခင်ကပင် ပုန်ကန်ခြားနားရန် ကြံရည်ရှိသဖြင့် မိမိအပိုင်စားရသော ဥဿာပဲခူးသို့ ပြန်လေ၏။ ဥဿာပဲခူးသို့ရောက်လျှင် လူသူ၊ လက်နက်အင်အားစုရုံးလျက် ရေအား ကြည်းအားဖြည့်တင်းကာ စစ်တိုက်ရန် ပြင်ဆင်လေတော့သည်။

တောလှူးမင်းနှင့် ရေမန်ကန်းမှာ ငယ်စဉ်က နို့စို့ဘက်ဖြစ်ပြီး ကစားဖော်လည်းဖြစ်၏။ တောလှူးမင်းဘုရင်ဖြစ်သောအခါ ရေမန်ကန်းသည် မနောလို မရှုစိမ့်ဖြစ်လေ၏။

ရေမန်ကန်းမှာ မျက်စိတစ်ဖက်လပ်လျက်ရှိပြီး တောလှူးမင်း၏ ကျေးဇူးကို မသိတတ်သူဖြစ်၏။ တောလှူးမင်းကား မိမိမင်းဖြစ်သော်လည်း နို့စို့ဖက်သူငယ်ချင်းအား ဥဿာပဲခူးကို အပိုင်စားပေး၍ ဘုရင်တစ်ဆူသဖွယ် မင်းမြှုစေလေ၏။ ရာဇဝင်သမိုင်းတို့၌ တောလှူးမင်းမှ ရေမန်ကန်းအား ဥဿာပဲခူးကို အပိုင်စားပေးခြင်းကို မှန်တို မကျေနပ်ကြောင်း ဖော်ပြကြသည်။ တောလှူးမင်းလက်ထက် မွန်



မြန်မာချစ်ကြည်ရေးမှာလည်း များစွာအချေအတင်ဖြစ်လျက် တင်းမာခဲ့ကြသည်။

ရေမန်ကန်းလည်း လူသူ၊ လက်နက်အင်အားနှင့် ကြည်းတပ်၊ ရေတပ် ပြီးပြည့်စုံသည်နှင့် ပုဂံသို့ စစ်ချီလာကာ သရက်မြို့အနီး၊ မင်းလှနားရှိ ပြည်တော်သာကျွန်းသို့ လာရောက်တပ်စွဲထားလေသည်။ တောလှူးမင်းသည် ရေမန်ကန်းအမှူးပြု၍ တပ်ကြီးချီလာ၍ ပြည်တော်သာကျွန်းတွင် တပ်စွဲထားသည်ဟု ကြားလေလျှင် ရဲမက် ဗိုလ်ပါ၊ ဆင်လုံး၊ မြင်းလုံးအများအပြားနှင့် ကျွန်စစ်သားကို ဦးဆောင်စေလျက် တပ်ဦးချီစေလေ၏။

တောလှူးမင်းမှာ နောက်တော်မှ တပ်မတစ်ခုကို ဦးဆောင်၍ နိုတော်မူ [illegible] တို့ [illegible] ကြလေသည်။

"ကျွန်[illegible] ... ခမ်းရေ[illegible] ကျွမ်းကျင်လိမ္မာ ပါးနပ်လှ၏။ ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်ရသည်ရှိသော် ငါတို့ မခွင်းနိုင်။ လက်ရုံးရည်အစွမ်းရှိသူအား နှလုံးရည်ဖြင့် ပရိယာယ်ဆင် တိုက်ခိုက်ခြင်းကသာ၍ သင့်လေမည်"

ထိုသို့သောအကြံဖြင့် ပရိယာယ်ဆင်လျက် ဆင်ရေး၊ မြင်းရေး တိုက်ခိုက်၍ အရေးမသာနိုင်သောနေရာကို ရွေးချယ်လေရာ၊ ရွံ့နွံ ထူထပ်သောနေရာတစ်ခုကို တွေ့လေ၏။ ထိုအခါ ငါးနှီးအတတ်ဖြင့်

ဆင်ရုပ်ကို ပြုလုပ်စေပြီးသော် အပေါ်၌လည်း ပေါင်းဝန်းတင်၍ လဲရုပ်ကိုလည်း နှိုင်း၊ လွှား၊ လှံစသည်တို့ကို ကိုင်စေလျက် ဆင်ဦးကင်းတွင် ရပ်စေလေ၏။ ထိုဆင်ရုပ်ကို ရွှံ့ညွှန်ထူထပ်သော ဗွက်အိုင်အလယ်တွင် သွားချထားသည်။

ကျန်စစ်သား၏ တပ်နှင့်စောလူးမင်းတို့၏ တပ်မနှစ်ခုပေါင်းမိ၍ ပြည်တော်သာကျွန်းအနီးသို့ရောက်လျှင် မိုးချုပ်သွားပြီဖြစ်လေ၏။ ထို့ကြောင့် နံနက်လင်းမှ စတင်တိုက်ရန် စောလူးမင်းက ကျန်စစ်သားအား မိန့်လေ၏။ သို့သော်လည်း ရေမန်ကန်းတပ်များသည် ညဥ့်၏လရောင်မှုံမှုံမွှားမွှားကို အကြောင်းပြုလျက် စစ်ရေးဝင်လာပြီး မဆင်မခြင် လိုက်လံတိုက်ခိုက်တော့သည်။

ထိုအခါ စောလူးမင်းလည်း စီးတော်ဆင်ကို ချွန်းဖွင့်လျက် ရေမန်ကန်း၏ တပ်တို့အား မွှေလေ၏။ အကယ်စင်စစ်ကား ရေမန်ကန်းဖက်မှ ရဲမက်တို့မှာ စောလူးမင်းတို့အား စစ်မြူ၍ ခေါ်ထုတ်ခြင်းသာ ဖြစ်လေ၏။ စောလူးမင်းလည်း ခပ်ဝေးဝေး၌ လရောင်မှုံမွှားမွှားတွင် မြင်တွေ့နေရသည့် ရွှံ့ဗွက်အိုင်တွင်းမှ နိုးဆင်ရုပ်အား တကယ့်ဆင်ရုပ် ထင်မှတ်လျက် ဆင်ကို ချွန်းဖွင့်လေ၏။

စောလူးမင်းမှာ "သံမြင်ထွာ"ဟူသော စီးတော်တိုက်ဆင်ကို စီးလျက် အနီးသို့ ကပ်သွားလေရာ သံမြင်ထွာမှာ ရွှံ့ဗွက်အတွင်း





ပ်ဝင်၍ ကျသွားကာ မရုန်းနိုင်တော့ပေ။ ထိုအခါ စောလူးမင်းလည်း မန်ကန်း၏ ပရိယာယ်ထောင်ချောက်အတွင်း သက်ဆင်းမိပြီမှန်း လေသဖြင့် ဆင်ပေါ်မှဆင်းလျက် နွံဗွက်တို့ကို ရုန်းကာ တောအုပ် စ်ခုအတွင်းရှိ ညောင်ခေါင်းထဲတွင် ပုန်းခိုနေလေသည်။

နွံနစ်နေသော ဆင်တော်သံမြင်ထွာကို ရေမန်ကန်း ရသွားလေ းသော် အနားဝန်းကျင်တစ်ခိုအား ရဲမက်တို့အား ပိုက်စိပ်တိုက် ရှာဖွေစေသော်လည်း စောလူးမင်းမှာ အပုန်းကောင်းသဖြင့် လွတ် ောက်သွားခဲ့သည်။ စောလူးမင်း၏ တပ်တို့သည်လည်း ဇရိုဇရဲ ပ်လျက် ခြေဦးတည့်ရာသို့ ပြေးကြလေ၏။ စောလူးမင်း မရှိတော့ သည်နှင့် ကျန်စစ်သား၏ တပ်တို့သည်လည်း နောက်ကြောင်း ကာ အပြင်းဆုတ်ခဲ့ရာ မိုးသောက်သည်နှင့် ပုဂံနေပြည်တော်သို့ ောက်လေ၏။

ပုဂံနေပြည်တော်သို့ရောက်သော် မှူးကြီးမတ်ရာတို့သည်လည်း ရှင်ဖြစ်သော စောလူးမင်း ပြန်မပါလာသည် မရှိလေသဖြင့် ကျန်စစ် ားအား ဤသို့ဆိုကြလေ၏။

"အရှင်သား၊ ... မင်းနေပြည်တွင် ယခု ဘုရင်စောလူးလည်း ဖြစ်ပြီ။ အရှင်မှတစ်ပါး ဤပြည်ကို အုပ်စိုးထိုက်သူဟူ၍ ပြီတည်း။"

အားလုံးသောမှူးမတ်တို့သည် သဘောတူညီစွာ လျှောက်တင်ကြပြီးသော် နန်းတံခါးတို့ကို ဖွင့်ပေးကြကုန်လေ၏။ ပညာရှိပုရောဟိတ်ပုဏ္ဏားတို့ကလည်း မင်းမြှောက်တန်ဆာငါးပါးကို အသင့်ကြကုန်လေ၏။ သို့သော် ကျွန်စဝ်သားသည် တွင်တွင်သာ ငြင်းဆိုလေသည်။

"သည်းခံပါပြီးလော့။ ... ငါ့အရှင်စောလူးမင်း ရှိ၊ မရှိတို ငါ ထပ်မံစုံစမ်းချေဦးမည်။ ... ငါ့အရှင်ရှိသော် ငါ့အရှင်ကို ပြန်ယူ၍ နန်းကိုပြန်တင်အံ့"

ဤသို့ ကျွန်စဝ်သားက တုံ့ပြန်ပြောဆို၍ ဆက်နှင်းလာသော မင်းမြှောက်တန်ဆာငါးပါးတို့ကို ရွှေစည်းခုံဘုရား ရှေ့တော်ဝယ် ထားရှိလေ၏။ ရေမန်းကန်မှာလည်း စောလူးမင်းနှင့် ကျွန်စဝ်သားတို့ မရလျှင် အလျှော့မပေး။ လူသူ၊ ရဲမက်ဗိုလ်ပါတို့ကို စုရုံးစေလျက် လုံခြုံစွာတပ်ကြီးတည်လျက်နေလေသည်။

ညောင်ခေါင်းအတွင်းဝင်၍ ပုန်းခိုနေရသော စောလူးမင်းမှာလည်း စားတော်မခေါ်ရသည်မှာ ၃ နပ်ပင် ရှိလေသဖြင့် များစွာ ဆာလောင်မွတ်သိပ်နေလေ၏။ ရေပင်မသောက်ရသည်ကတစ်ကြောင်း၊ လူထု လေးပါးတို့ တွေ့မြင်မည်ကို စိုးသည်ကတစ်ကြောင်းကြောင့် ပုန်းအောင်းရာမှာပင် ငြိမ်သက်လျက်နေခဲ့ရာ ငါးပန်းနွမ်းနယ်လျက်



းအင်ချိနဲ့နေလေ၏။

ထိုအချိန်မှာပင် ရေမန်းကန်းတပ်မှ တပ်သားတစ်ဦး ညောင်ပင်ဲ့သို့ ရောက်လာ၍ ထင်းခွေပြီးသော် ပါလာသောထမင်းထုပ်ကို စားနေသည်ကိုတွေ့ရသဖြင့် ဝတ်မွတ်ခြင်းဒဏ်ကို မခံစားနိုင်သော လူးမင်းသည် ညောင်ခေါင်းအတွင်းမှ ထွက်ခဲ့လေတော့သည်။

ပြီးနောက် လက်စွပ်ကို ချွတ်ယူပြီးသော် ...

"သင်စားနေသည့် ထမင်းထုပ်ကို ငါ့အားပေးပါ၊ ဤအတွက် နိုးမဖြတ်နိုင်သော ဤလက်စွပ်ကိုယူပါ၊ ... ပြီးလျှင် ငါ့ကို တွေ့သည်ဟုလည်း မပြောပါလေနှင့်"

ထမင်းထုပ်နှင့် လက်စွပ်ကို လဲလှယ်၍ နုတ်ပိတ်စကားကတိ ပါ မင်းလုလင်ထံမှ တောင်းခံလေ၏။ မင်းလုလင်လည်း အားရ သာဖြင့် စောလူးမင်း ကမ်းပေးလာသောလက်စွပ်ကို လက်တွင် ကြည့်ပြီး-

"ကောင်းလှပါဗျို့"ဟု ကတိပေးလေ၏။

"ဤသူကား ... စောလူးမင်းပင် ဖြစ်တန်ရာ၏"ဟု စိတ်မှ ဆမိလေ၏။ ထင်းခွေယောက်ျားလည်း ထိုညောင်ပင်မှ ခွာခဲ့ ပြီးလျှင် မိမိတပ်စခန်းချရာနေရာသို့ ပြန်ခဲ့လေသည်။ စောလူးမင်း လည်း မင်းလုလင်၏ ထမင်းထုပ်အား ဖြိန်ယှက်စွာ စားသောက်

ပြီးနောက် ထိုညောင်ခေါင်းမှ မခွာဘဲ လှုံခြုံတန်ရှိသည်အထိပ်
ညောင်ခေါင်းအတွင်း ပြန်ဝင်ပုန်းနေပြန်လေ၏။

ထင်းခွေယောက်ျားမင်းလုလင်သည် လက်တွင် ဝတ်ကြည့်သေ
လက်စွပ်အား သူတကာမြင်မည်စိုးသဖြင့် ပြန်ချွတ်ကာ၊ ခါးပို
ထောင်တွင် ကျစ်လစ်လျက် ဖုက်သွားလေ၏။ မိမိတဲစခန်းသ
ရောက်ပြီး မကြာခဏ လက်စွပ်အား စမ်းကြည့်နေမိသည်။ စိတ်
လည်း "ဤလက်စွပ်ပိုင်ရှင်ကား စောလူးမင်းဖြစ်တန်ရာသည်"ဟု
တစ်ဦးတည်း တွေးဆနေလေ၏။

ခဏကြာသောအခါ ထိုမင်းလုလင်သည် သူ့စိတ်ကို သူမထိန်း
နိုင်ဖြစ်ရကား ခါးကြားမှ လက်စွပ်ကို ထုတ်ကြည့်ပြီးသော် မိ
တပ်မှ ရဲဘော်၊ ရဲဘက်တို့အားပြလျက် မေးလေ၏။

"ဤလက်စွပ်ကား တန်ဖိုးမည်မျှထိုက်တန်သည်ကို အဘယ်ဟု
ပြောနိုင်ပါသနည်း"

"အဖိုးမဖြတ်တတ်ပါ သူငယ်ချင်း၊ ... ဤမျှ တန်ဖိုးကြီးသော
လက်စွပ်ကို မောင်ရင် အဘယ်သူထံမှ ရခဲ့လေသနည်း"

အဖိုးအတိုင်းအဆ မသိလေသဖြင့် လက်စွပ်အား တစ်ဦး
လက်မှ တစ်ယောက်ဆီပြောင်းကာ ကြည့်ကြကုန်လေ၏။ ဤသို့ဖြင့်
အဆင့်ဆင့်စကားဖြင့် ထိုအကြောင်းကို ရေမန်ကန်းကြားသော် ...





"ထိုမင်းချင်းအား လက်စွပ်နှင့်တကွ ငါ့ထံ လွှတ်လိုက်ပါ"ဟု
အခေါ်ရှိလေ၏။ မင်းလုလင်ထံမှ လက်စွပ်ကို ရေမန်ကန်း တွေ့မြင်
သောသော် နို့စို့ဖက်ဖြစ်သော စောလူးမင်း၏လက်စွပ်ကို မှတ်မိ
လေသည်။

စောလူးမင်းထံမှ ရယူခဲ့သော မင်းလုလင်အား ရေမန်ကန်းသည်
စစ်ဆေးမေးမြန်းလေ၏။ အစဦး၌ မင်းလုလင်လည်း ဝန်မခံပေ။
ထောက်ရသည်ဟူ၍တစ်မျိုး၊ အသည်မိန်းမတစ်ဦးပေးသည်ဟူ၍
တစ်ဖုံ အမျိုးမျိုး လိမ်လည်ပြောချေ၏။ ရေမန်ကန်းလည်း ရဲမက်တို့အား
ထိုမင်းလုလင်ကို ရိုက်နက်ကွပ်ညှပ် စစ်ဆေးစေတော့မှပင် အဖြေမှန်နှင့်
နေရာကို ပြောပြဝန်ခံလေတော့၏။

ထိုအခါ လှုပ်မြန်စွာပင် စောလူးမင်းပုန်းအောင်းရာသို့ သွားပိုင်း
ပြီးသော် ညောင်ခေါင်းတွင်းမှ စောလူးမင်းအား ဖမ်းဆီးနိုင်ခဲ့သည်။
စောလူးမင်းကို လက်ရဖမ်းမိသောအခါ ရေမန်ကန်းလည်း နှစ်ထောင်း
အားရဖြစ်လျက် ရေအား၊ ကြည်းအားဆုံ၍ မြင်းကာပါအရပ်တွင်
တပ်ကြီးတည်၍ နေလေ၏။

ထိုအဖြစ်ကို ဆက်သားတို့ လာရောက်လျှောက်ထားသဖြင့်
ကျန်စစ်သား သိလေရာ "ငါ့အရှင် မသေသေး။ ရှိသေး၏။ ငါ့
အရှင်ကို ရေမန်ကန်းလက်မှ နှိုးယူ၍ ငါနန်းရအောင် တင်ပေအံ့"

ဟု ကြုံးဝါးလျက် စောလူးမင်းအား ချုပ်နှောင်ထားရာ မြင်းကမ် အရပ်သို့ ချဉ်းကပ်သွားလေ၏။ စောလူးမင်းကို သစ်တပ်အတွင်း ချုပ်နှောင်ထား၍ အစောင့်အရှောက် များစွာဖြင့် ထားရှိကြောင်း တွေ့ရလေသည်။ မှောင်ရိပ်ခိုချိန်၌ ကျန်စစ်သားသည် သစ်တပ် အတွင်းသို့ ခဲရာခဲဆစ် ဝင်နိုင်ခဲ့ပြီးလျှင် စောလူးမင်းအား ပုခုံးထက် ထမ်းကာ ခိုးယူလေ၏။

ထိုအချိန်တွင် စောလူးမင်းသည် စိတ်တွင်း၌ ဤသို့ထင်မိ လေ၏။

"ကျန်စစ်သားအား ငါ၏ခမည်းတော် အနော်ရထာလည်း တစ်ကြိမ် မျက်ဖူးလေ၏။ ငါသည်လည်း တစ်ခါမျက်ဖူးလေ၏။ ရေမန်ကန်းမှာ ငါနှင့်နို့စို့ဖက်ဖြစ်၍ ငါ့အားသတ်လိမ့်မည်မဟုတ်။ ကျန်စစ်သားသာလျှင် ယခင် အငြိုးအတေးတို့ဖြင့် ငါ့အား သတ်ရန် ခေါ်ဆောင်ခြင်းဖြစ်တန်ရာသည်" ဟု အတွေးဝင်ပြီးသော်-

"ကျန်စစ်သား ငါ့ကို ခိုးသည် ... ကျန်စစ်သား ငါ့ကို ခိုးသည်" ဟု အစောင့်အကြပ်တို့ကြားအောင် အော်ဟစ်အကူအညီ တောင်းလေ၏။ ထိုအခါ ကျန်စစ်သားလည်း စောလူးမင်းအား ပုခုံးထက်မှ ပစ်ချကာ ...

"တယ် ... မင်းဆိုးမင်းညစ်၊ မွန်တို့လက်ကျွင် ခွေးသေ



သေ ... သေရစ်လေပေတော့" ဟု[illegible] ကိုယ်လွတ်ရုန်းလျက် ထွက်ခဲ့လေတော့သည်။ ရေမန်ကန်[illegible] စောလူးမင်းရှိနေလျှင် ပိုင်းရှိတော့မည်ဟု တွေးဆလျက် [illegible]မင်းအား ကွပ်မျက် လေသည်။

ကျန်စစ်သားကား ... မိမိအဖို့[illegible] ကိုယ်လွတ်မရုန်း အရှင်ကို ရန်သူ့လက်ထဲမှပင် ဆော[illegible]၍ နန်းတင်လိုသူ သည်။ အရှင်သခင်အပေါ် သစ္စာစောင့်သိသူဖြစ်၏။

ထီးနန်းကို အလွယ်တကူရယူနိုင်သော်လည်း ငဲ့ညှာထောက် သောစိတ်ရှိသူသာတည်း။ ။

◆ ◆ ◆ ◆ ◆

# ဒဏ္ဍာရီဆန်သော
# သမိုင်းစာမျက်နှာများ

ပုဂံရာဇဝင်ကို ကုတ်ထပ်းပြောရသည်ဟု သမိုင်းဆရာတို့ [...]
အမြစ်ဆိုကြခြင်းမှာ သက္ကရာဇ်ကွဲလွဲချက်၊ ယုတ္တိမရှိသော အကြော[...]
ပြချက်၊ ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန် တင်ပြချက်၊ အထော[...]
အထားခိုင်လုံစွာ ပြနိုင်မှု အားနည်းချက် စသည်တို့ကြောင့် အမြ[...]
ပွားရခြင်းဖြစ်ပေသည်။ ရာဇဝင်(မင်းနှင့်စပ်ဆိုင်သော)သမိုင်းအချ[...]
အလက်တို့မှာလည်း အထောက်အထားခိုင်လုံစွာ ပြနိုင်မှသာလျှ[...]
မှန်ကန်မှု ရှိပေမည်။

သို့မဟုတ်ပါက ပါးစပ်ရာဇဝင်အဖြစ်၊ ဒဏ္ဍာရီအဖြစ် စည်းသ[...]
ခြင်း ခံရဖွယ်ရှိပေ၏။ ယခု ကျန်စစ်သား၏ ဇာတိသရုပ်[...]
ဇာတ်မြစ်ရှာဖွေသောအခါ ပါးစပ်ရာဇဝင်လိုလို၊ ဒဏ္ဍာရီလိုလို၊ နိ[...]



[...]ာတ်ဇာတကလိုလို၊ ရောထွေးမှုများကို သမိုင်းအစောင်စောင်တို့၌
[...]တွေ့မြင်ရသည်။ အနော်ရထာမင်းနောက်ပိုင်း၊ ကျန်စစ်သားမင်း၏
[...]သားတော်ရာဇကုမာရ်ရေးထိုးခဲ့သော မြစေတီကျောက်စာ အထောက်
[...]အထားတွေ့ရှိပြီးမှသာလျှင် ပုဂံမင်းဆက်တို့၏ သက္ကရာဇ်အမှန်နှင့်
[...]ပိုင်းမှန်ကို သုံးသပ်နိုင်ခဲ့ကြသည်။

ယခုတင်ပြမည့် ကျန်စစ်သားနှင့် ရေမန်ကန်းအရေး၊ အလောင်း
[...]ည်သူ၏ ဇာတ်မြစ်တို့ကို ဖော်ပြရာတွင် ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်
[...]န်ဆန်များ ပါရှိကောင်း ပါရှိပေမည်။ ယင်းမှာလည်း စာရေးသူ၏
[...]ောက်ချက်များမဟုတ်၊ ရှေးရှေးသောရာဇဝင်ဆရာတို့၏ အစဉ်
[...]အဆက်လက်ခံရေးသားခဲ့မှုများကို ပြန်လည်ဖော်ပြခြင်းသာလျှင်
[...]ဖြစ်သည်။ သမိုင်းသုတေသီတို့ တပတ်သူတို့အဖို့ နှိုင်းဆချင့်ချိန်၍
[...]လက်ခံလောက်သည်တို့ကို ယူမှတ်၍ လက်မခံနိုင်လောက်သည်
[...]တို့ကို ဇာတ်သုတ်အဖြစ်သာ မှတ်ယူစေလိုပေသည်။

ကျန်စစ်သားသည် စောလူးမင်းအား ပုခုံးထက်မှ ပစ်ချခဲ့
[...]ပြီးနောက် ကိုယ်လွတ်ရုန်းလျက် မွန်တို့လက်မှ လွတ်အောင်
[...]ပြေးခဲ့ရသည်။ ရေမန်ကန်း၏ စစ်သည်ရဲမက်တို့လည်း ကျန်စစ်သား
[...]နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါလာပြီး ဝိုင်းဝန်းထိုးကြလေ၏။
သို့အခါ ကျန်စစ်သားလည်း အနောက်ဘက် ရေသို့သက်ဆင်း၍

ကူးပြေးလေသည်။ ကျွန်စစ်သားရှေ့မြင်တွင် တပင်တပန်း ကူး
နေသည်ကို မြင်ရသော မဟာဂီရိနတ်သည် ကျွန်းကဲ့သို့ ဖန်ဆင်
မြစ်တွေးငှက်ကဲ့သို့ အော်သံပြုလေ၏။

ကျွန်စစ်သားလည်း မြစ်တွေးငှက်အော်သံကြား၍ ဘေးဘီ
ကြည့်ရာ ကျွန်းငယ်ကို တွေ့သဖြင့် အရောက်ကူးကာ တက်
ခေတ္တအပန်းဖြေလေသည်။ ထိုအခါ မဟာဂီရိနတ်လည်း ထမ်း
တံငါသားအဖ ယောင်ဆောင်ပြန်၍ လှေဖြင့် လက်ယပ်ခေါ်ပြန်လေ
ကျွန်စစ်သားလည်း ထိုတံငါသားအဖ လှေငယ်နှင့်ပင် အောင်သ
ဘက်သို့ ပို့ပေးရန် ပြောဆိုလေလျက် အမြန်ကူးခတ်စေ
အောင်သာဘက်သို့ ရောက်သောအခါ မုဆိုးအရာ၌ ကျွမ်းကျင်
ပါးနပ်လှသော "စဉ္စ"ကို ရှာအံ့သောငှာ "ကြခတ်စရာ"သို့
ကူးလျက် မြောက်ဘက်သို့ ထွက်ခဲ့လေသည်။

ကျွန်စစ်သား "ထီးလှိုင်"အရပ်သို့ရောက်သောအခါ ထီးလှိုင်
ရှာသူကြီး၏ ဝိုက်ခင်းဖြစ်သော သခွားခင်းကို မြင်ရလေ၏။ သခွား
သီးတို့အား ဆွတ်ခူး၍ မရလေအောင် ဆင်တစ်ရပ်ခန့် မြင့်သည့်
သူးစည်းရိုးကြီးဖြင့် ထီးလှိုင်သူကြီးသည် သခွားခင်းအား ကာ
ထားလေ၏။ အထဲရှိ ထီးလှိုင်ရှင်ထံသို့ ကျွန်စစ်သားလည်း
အော်ဟစ်တောင်းဆိုလေ၏။



"အို ... ယာသူကြီး။ ... ကျွန်ုပ်အား သခွားသီးအနည်းငယ်
ဘေးရန် ခူး၍ ပစ်ပေးပါလော့၊ ကျေးဇူးမမေ့ပါ"

ယာသူကြီး ထီးလှိုင်ရှင်လည်း ...

"သင်စားချင်လျှင် ဝိုင်းခြံတွင်းသို့ ဝင်ခဲ့လော့"

ကျွန်စစ်သားသည် ယာခင်းသို့ဝင်ရန် အပေါက်ရှာသော်
မတွေ့ပေ။

"ဤယာခင်းတွင် ဝင်ပေါက်ထွက်ပေါက်မထား။ သင်စားချင်လျှင်
ဒေါ်ကဲ့သို့ ငွမ်းပကားရှိက ခြံတွင်းသို့ ခုန်ကျော်ဝင်၊ ခုန်ကျော်ထွက်
လော့။ ဝိုင်းခြံတွင်းသို့ ဝင်နိုင်သော် သခွားတို့အား သင်အလိုရှိ
သလောက် ဆွတ်ခူးစားပေလော့"

ထီးလှိုင်သူကြီး၏ ခွင့်ပြုသည်နှင့် ကျွန်စစ်သားလည်း အရှိန်မှာ
လုံဖြင့် ထောက်ကာ အသာကလေး ခုန်ဝင်သွားပြီး၊ သခွားသီးတို့ကို
ခူးဆွတ်စားလေ၏။ စား၍ဝသော် အနည်းငယ်ကို ဆွတ်ခူးပြီး
နှယ်ကြိုးဖြင့်သိ၍ ခြံပြင်သို့ အရှိန်မှာလုံကို ထောက်ကာ ခုန်ထွက်
ခဲ့ပြန်လေ၏။ ကျွန်စစ်သား၏ အပြုအမူတို့ကို ထီးလှိုင်သူကြီး
မျက်မြင်ဒိဋ္ဌတွေ့ရသော်-

"ဤသူကား ... လူသာမန်တုတ်အုံမထင်။ ဘုန်းကံကြီးသော
သူသာ ဖြစ်ရမည်။ ဤသူ့ထံ၌ အသက်ကို နှံရသော် အကျိုးများစွာ

ရှိလတ္တံ့"ဟု ကြိုးရွယ်ပြီးသော် ... အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံလှသော မိမိ၏သမီး "ခင်တန်"ကို ဆက်သ၍ ... မိမိ၏ ကျွန်ခံလေတော့၏။ ကျန်စစ်သားလည်း မိမိအဖြစ်ကို ဖြောင့်ဖြလျက် ထီးလှိုင်သူကြီးသမီးခင်တန်နှင့် ပေါင်းဖက်ပြီးသော် ဤအရပ်၌ပင် အခြေချပြန်လေ၏။ ထို့ကြောင့် ကျန်စစ်သားအား"ထီးလှိုင်ရှင်" ဟု ခေါ်တွင်ပြန်လေ၏။

ထိုထီးလှိုင်ရွာမှနေကာ လူသူ၊ ရဲမက်တို့ကို စုဆောင်း၍ မူလလာစဉ်က ရည်ရွယ်ချက်ဖြစ်သော မုဆိုးဖေ့ခွဲကို ရှာဖွေပြန်လေသည် မုဆိုးဖေ့ခွဲလည်း "သင့်အား ကျန်စစ်သား လိုက်လံရှာဖွေနေသည်"ဟု တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့်ကြားသော် ... ကြောက်လှသဖြင့် စေ့ခွဲကူးသို့ ကူးပြေးလေ၏။ ထိုအရပ်ကို "စေ့ခွဲကူး"ဟု ယခုတိုင်အောင် ရှိလေသည်။ ရွာသားတို့ခွဲ၍ လေးလုပ်သောအရပ်ကိုလည်း "ရွာခွဲ"ဟူ၍ ယခုတိုင်အောင် တွင်လေ၏။

စေ့ခွဲကူးအား ရှိလိုရှိငြား လိုက်လံရှာဖွေသောအရပ်ကို "ရှိမ်းမတား"ဟူ၍ ယခုတိုင် တွင်လေ၏။ မုဆိုးဖေ့ခွဲကို တွေ့ရှိသောအခါ ဖမ်းမိချုပ်ကိုင်သော အရပ်ကိုလည်း "စေ့ခွဲကိုင်" ဟူ၍ ယခုတိုင် အမည်တွင်နေခဲ့ဖြစ်လေ၏။



ကျန်စစ်သားလည်း၊ ထီးလှိုင်သူကြီးနှင့် မုဆိုးဖေ့ခွဲတို့ကို ...ဦးဆောင်လျက် ရဲမက်ဗိုလ်ပါတို့နှင့် တောင်ဘက်(၁၁)ရွာကို အုပ်ချုပ်...ချုပ်နေလေ၏။ ထီးလှိုင်သူကြီးကို ထီးလှိုင်အရပ်အား အုပ်ချုပ်...စေ၍ ယခုတိုင် ထိုအရပ်ကို "ထေးလှိုင်"ဟူ၍ ခေါ်တွင်လေ၏။ ...ဆိုးကြီးဖေ့ခွဲကိုလည်း၊ တပ်နှင့်အုပ်ချုပ်စေရသောအရပ်ကို တောင်...ဘက် စေ့ခွဲကိုင်ဟူ၍ ယခုတိုင်တွင်လေ၏။

ဆင်သံ့ညည်တော်၊ မြင်းသည်တော်၊ ခြေသည်တော်အပေါင်းတို့...သည်လည်း၊ ကျန်စစ်သား ဘုရင်ဖြစ်လိမ့်မည်ဟု ပညာရှိတို့ နိမိတ်...ဟောကြားသဖြင့် ကျန်စစ်သားလက်အောက်သို့ အသီးသီးခိုဝင်...ကြကုန်လေသည်။ ထီးလှိုင်သူကြီး၏ ဆရာရင်းဖြစ်သော "ရှင်ပုပ္ပါး"ကလည်း ကြီးမြွာသော ယတြာတို့ကို ကျန်စစ်သား...အတွက် ဆောင်ရွက်ပေးလေ၏။

ရှင်ပုပ္ပါးသည် တသံပြဒါးတို့ကို စီရင်၍ မန္တာန်နှင့်တကွ...မန်းမှုတ်ပြီးသော် ဆင်ဦးကင်း၊ မြင်းဦးခေါင်း၊ နိုင်း၊ လွှား၊ ဓား၊ ...လုံ၊ လေး၊ မြား စသည်တို့၌ နေလရုပ်များ ရေးစေပြီးနောက် ...အင်းဇယားကွက်တို့ ရံစေလေ၏။ ဤသို့ စီရင်ပြီးသည်နှင့် ...ယ်တွင်း ၁၁ ခရိုင်တွင် တပ်တည်လျက် နေလေသည်။

ရေမန်တန်းလည်း ပုဂံတွင် မင်းပြုမည်ဟူသော အကြံဖြင့်

ရေအား၊ ကြည်းအားတို့ဖြင့် မြို့အနီးသို့ ချဉ်းကပ်လာလေသည်…
သို့သော်လည်း ပုဂံမြည်တွင်းရှိ မှူးကြီး၊ မတ်ကြီး၊ ကလ…
သံမှူးတို့က ဤသို့ ဆိုလေ၏။

"ကျန်စစ်သားကား လယ်တွင်း ၁၁ ခရိုင်ကိုချုပ်၍ မင်း…
နေလေ၏။ အိုင်တစ်အိုင်ကို ကျွဲနှစ်ကောင် လူးသကဲ့သို့ ဖြစ်…
မည်။ ငါတို့ မြို့တံခါးကို မဖွင့်သာသေး။ သင် ကျန်စစ်သား…
တိုက်၍ အောင်မြင်သည်ဖြစ်မှ မင်းပြုမည်ဆိုသော ... ထို…
ဖွင့်ပေးအံ့။ ယခုသော် မဖွင့်"

ထိုစကားကိုကြားသော ရေမန်ကန်းသည် "ဟုတ်ပါပေသည်"
ဟု ဆင်ခြင်လျက်၊ ကျန်စစ်သားကို လုပ်ကြံဦးအံ့ဟု ကြံစည်…
ပြီးသော် ရေအား၊ ကြည်းအား ဆန်၍ ချီတက်လေသည်။ အင်…
တည်ရာအရပ်သို့ တပ်တည်၍ စခန်းချနေပြန်လေ၏။ ကျန်စစ်သား…
လည်း အထူးထူးသော ယကြာတို့ကိုစီရင်၍ များစွာသော စစ်သည်…
ဗိုလ်ပါအပေါင်းနှင့် ဝင်တိုက်လေရာ ရေမန်းကန်းတပ်တို့ ပျက်လေ…
၏။ ထိုအခါ ရေမန်ကန်းသည် နဝရတ်ဖောင်တော်ကိုစီး၍ အပြေး…
ပြေးလေ၏။ ကျန်စစ်သား၏ ရဲမက်အပေါင်းတို့လည်း လွတ်ထွက်…
သွားသော ရေမန်ကန်းနောက်သို့ ထပ်ချပ်မခွာ လိုက်ကြလေ၏…

ပုဂံရာမဘောဓိမြင်းကပါအရပ်သို့ ရောက်လေလျှင် ရေမန်ကန်း…



လည်း တပ်ရှေ့၍ ခံစစ်ပြုပြန်လေသည်။ ထိုအခါ ကျန်စစ်သားလည်း
အရှေ့စည်းခုံတောင်ထွင် တပ်ကြီး ခိုင်မာစွာ စွဲလျက်နေလေ၏။ ရေမန်
ကန်းတပ်များသည် တစ၊ တစဖြင့် မြင်းကပါအရပ်မှ မခံနိုင်သော
ကြောင့် ဖြည်းဖြည်းချင်း ဆုတ်ခွာလာရပြန်လေသည်။ သည့်နောက်
အခြေအနေမလှသောကြောင့် ဖောင်တော်နဝရတ်ဖြင့် အဝေးဝိုက်ပြေး
လေ၏။

ထိုသို့ ရေမန်ကန်း စွန့်ပြေးပြီဖြစ်ကြောင်းကို ကျန်စစ်သား
သိတော်မူလေလျှင် မုဆိုးကြီးဝေဠုကို လေးဖြင့်ခွင်း၍ လုပ်ကြံစေရန်
စေလွှတ်လိုက်လေ၏။ မုဆိုးကြီးဝေဠုလည်း ကုန်းကြောင်းမှ အမှီ
လိုက်ရာ "ရွာသာ"အောက်တွင် မီ၍ ရေသဖန်းပင်ထက်သို့
တက်ပြီးသော် သာယာ[illegible]သော ငှက်မြည်သံကဲ့သို့ အသံပေး
လေ၏။

ထိုငှက်မြည်သံကို ရေမန်ကန်းကြားလေသော်-

"ဤငှက်သံကား သာယာလှပါတကားတောင်း။ ဒီ့ဘယ်သို့သော
ငှက်များ အော်နေပေသနည်း"ဟု နဝရတ်ဖောင်ဦးတင်းကို ဖွင့်လှစ်၍
ရေသဖန်းပင်ရှိရာသို့ ခေါင်းပြူကြည့်လေရာ မုဆိုးကြီးဝေဠုလည်း
အသင့်ချောင်း၍နေသည့် ရေသဖန်းပင်ခွကြားမှ လေးညှို့ကို နှင်၍
ပစ်လွှတ်လေ၏။ မြားတံသည် ရေမန်ကန်း၏ကောင်းသော မျက်စိ

တစ်ဖက်ကို ဖောက်ထွင်းပြီး အနောက်သို့ ဝင်သွားလေရာ၊ ထိုနေရာ၌ပင် ရေမန်ကန်း သေဆုံးလေသတည်း။

ရေမန်ကန်းကျဆုံးသောအရပ်ကို "စေ့ကူး"ဟု ယခုတိုင်ခေါ်တွင်လျက်ရှိသည်။ စောလူးမင်းကို ပုဂံရာဇဝင်ဆရာတို့က လုပ်ရည်ကြံရည်မရှိ၊ မှူးကြီးမတ်ရာတို့ကိုလည်း နှလုံးမကြည်သာအောင် ပြုတတ်သောအလေ့ရှိ၏။ ခမည်းတော်အနော်ရထာမင်းကြီး တည်၍ မပြီးစီးသော ရွှေစည်းခုံစေတီကြီးကိုလည်း ဆက်လက်မတည်နိုင်ခဲ့။ ထို့အပြင် ပညာရှိအမတ်တို့ လျှောက်ထားသော စကားကိုလည်း မနာယူတတ်။ အပျော်အရွှင်နှင့်သာ အချိန်ကုန်နေပြီးသော် အိမ်နိမ့်စံ ၃၁ နှစ်၊ နန်းစည်းစိမ်သက် ၅ နှစ်၊ သက်တော် ၄၆ နှစ်အရွယ်၌ပင် ကံတော်ကုန်ခဲ့ရှာလေသတည်းဟု ရေးသား စွဲမှတ်ခဲ့ကြသည်။

◆ ◆ ◆ ◆ ◆



# ကျန်စစ်သား၏ ချစ်မှုရေးရာ

ပုဂံပြည်ကြီးကို ကောဇာသက္ကရာဇ် ၄၄၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၈၄ ခုနှစ်၌ ကျန်စစ်သားမင်း (ထီးလှိုင်ရှင်) နန်းတက်တော်မူလေ၏။ မင်းအဖြစ်ကို ရသည်နှင့် အရှေ့ကား ... အနော်ရထာမင်းစော နန်းတော်ရာ၊ မြောက်ကား ... ပျူစောထီးမင်းလက်ထက် ၄က်ကြီးဆိုးဒေါင်ခွဲမြှုပ်ရာအရပ်၊ အနောက်ကား မုဋ္ဌောဘုရားထိ။ ထိုအရပ်တို့မှာ မြတ်သော အရပ်တို့ဖြစ်အံ့ဟု ကြံတော်မူပြီးသော် နန်းတည်၍ စိုးစံတော်မူလေသည်။

နန်းတက်သောအခါ မိဖုရား(၄)ပါးနှင့်အတူ ဘိသိက်ခံယူ၍ နန်းသိမ်းပွဲ ကျင်းပတော်မူလေသည်။ ကျန်စစ်သားတွင် မိဖုရား ၄-ပါးရှိကြသည့်အနက် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့သူမှာ ဥသာပဲခူးမင်း

ဆက်သသော မဏိစန္ဒာ (ခင်ဦး)ဖြစ်သည်။

ကျန်စစ်သားတွင်

၁။ အပယ်ရတနာမိဖုရား

၂။ ဥသ္သာမင်းသမီးမဏိစန္ဒာခေါ်ခင်ဦး

၃။ ရဟန်းမထီး၏တူမ သမ္ဘူလ

၄။ ထီးလှိုင်သူကြီး၏သမီးခင်တန်

ဟူ၍ မိဖုရား ၄ ပါးရှိကုန်၏။

(၁) အပယ်ရတနာမိဖုရားမှာ ကျန်စစ်သားကို မွေးဖွားရာဇာတိဖြစ်သော ပရိမ္မအရပ်မှ သူကြီးသမီးဖြစ်သည်။ မိခင်ဖြစ်သူ ပဥ္စကလျာဏီအား အနော်ရထာမင်းကြီး အမျက်တော်ရှိသဖြင့် ပရိမ္မတွင် မထင်မရှားနေရစဉ် ကျန်စစ်သားကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ထိုပရိမ္မအရပ်မှာပင် ကြီးပြင်းလာသော ကျန်စစ်သားအဖို့ သူကြီးသမီး အပယ်ရတနာဖြင့် အစောဆုံး ခွဲလမ်းနှစ်သက်ခဲ့ကြသည်။ ရဟန်းဘောင်မရောက်မီမှာတွင်သော်လည်းကောင်း၊ ရောက်ပြီးမှသာလျှင်သော်လည်းကောင်း အပယ်ရတနာနှင့် ချစ်ကြိုက်ခန့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျန်စစ်သား၏ အသက် ၂၀ အရွယ်အထိမှာ သာမဏေဘဝ၊ ရဟန်းဘဝဖြင့် တောက်လျှောက်နေလာရပြီး အနော်ရထာ၏ သတ်ဖြတ်မှုဘေးရန်ကို ရှောင်ကွင်း



သောကြောင့်ဖြစ်သည်။

အပယ်ရတနာမင်းသမီးကို မိဖုရားအရာထားသည့် အချိန်နှင့် ခုနှစ်တို့ကို သမိုင်းစာမျက်နှာများတွင် ဖော်ပြထားခြင်းဖြင့် တတ်အပ်သေချာပြော၍ မရပေ။ ကျန်စစ်သားမင်းဖြစ်ပြီးမှ ရပ်မြေမှ ငယ်ချစ်ကို ကောက်ယူမိဖုရားမြှောက်ခြင်းပေလော ၍လည်း တွေးဆနိုင်ပေသည်။ အထူးခြားဆုံးမှာ ထိုအပယ် နာမိဖုရားမှ "ရွှေအိမ်သည်"ဟူသော သမီးတော်တစ်ပါးကို မွေးခဲ့သည်။

ကျန်စစ်သားသည် ရွှေအိမ်သည်ဟူသော သမီးတော်ကို အချစ် ဖြစ်ခဲ့သည်။

(၂) မဏိစန္ဒာခေါ် ခင်ဦးအား ကျန်စစ်သား၏ ဒုတိယ ဖြစ်သည်။ သို့သော်လည်း မဏိစန္ဒာမင်းသမီးနှင့် ပတ်သက်၍ စစ်မင်းသားအဖို့ အရာရာခံစားခဲ့ရ၊ အရှုံးပေးခဲ့ရသည်ချည်း ကြောင်း ရှေ့အခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ မဏိစန္ဒာနှင့် စစ်မင်းသားတို့၏ နှလုံးသားရေးရာပြဿနာကြောင့် အနော် မင်းလက်ထက်တွင် တစ်ကြိမ်၊ စောလူးမင်းလက်ထက်တွင် ကြိမ် ၂ ကြိမ်တိုင်တိုင် အဝေးသို့ ထွက်ပြေးခဲ့ရသည်မှာ သောဇော်နှောင်ဖွဲ့မှုကြောင့်ဖြစ်ကြောင်း သက်သေပင်ဖြစ်သည်။

မဏိစန္ဒာမင်းသမီးမှာ ထိုမင်း ၂ ဆက် မိဖုရားပြုပြီး ဗိ
ဘုရင်ဖြစ်ခါမှ ပူးတာမှန်၍ ပြန်ပေါင်းရသော အချစ်မျိုးမို့ များစွာပ
ထွဲထွဲလယ်းလယ်း ရှိခဲ့သည်။ အချို့သမိုင်းသုတေသီတို့ကမူ မွန်မင်းသမီ
ခင်ဦး(မဏိစန္ဒာ)ကို မိဖုရားထပ်မြှောက်ခြင်းမှာ သွေးကွဲဝပြုရေး
ဖြစ်သော မွန်မြန်မာ စည်းလုံးချစ်ကြည်မှုကို ရှေ့ရှု၍ မိဖုရား
မြှောက်ခြင်း ဖြစ်သည်ဟု ဝေဖန်ထောက်ချင့်ကြသည်။ အကယ်
စင်စစ် သူတို့နှစ်ဦးသား၏ နှလုံးသားခံစားမှုကို မည်သူမျှ တိကျစွာ
ပြောနိုင်မည် မဟုတ်ပေ။

(၃) အရိန္ဒမာလုံချက်လွှဲ၍ နောင်ကြိုးပြတ်ကာ ကြောင်ဖြူ
အရပ်သို့ ရောင်တိမ်းခဲ့ရင်း၊ ထိုအရပ်တွင် ရဟန်းမထီးတူမ သမ္ဘူလ
ကို ကျန်စစ်သား တွေ့ရပြန်၏။ ထိုသမ္ဘူလမှာ ကျန်စစ်မင်း၏
တတိယအချစ်မည်ပေသည်။ သမ္ဘူလမင်းသမီးနှင့် သားတစ်ဦး
ဖွားမြင်ခဲ့ပြီး နန်းတွင်းသို့ အလာနောင်းသဖြင့် နန်းရိုက်နန်းရာ
မရခဲ့လေသော သားတော်ရာဇကုမာရ်ဘဝမှာ သနားဖွယ်ဖြစ်သည်။

(၄) ကျန်စစ်သား၏ နောက်ဆုံးချစ်သူမှာ စောလူးမင်းအရေး
တင် ရေမန်ကန်းနောက်လိုက်ပါတိုက်ခိုက်ရင်း ထီးလှိုင်ရွာရောက်၍
ထီးလှိုင်သူကြီးဆက်သသော သမီးတော်ခင်တန်ပင်ဖြစ်သည်။

ကျန်စစ်သား၏မိဖုရား ၄ ပါးတို့အနက် ထီးလှိုင်သူကြီး



း ခင်တန်နှင့် ဖြစ်ပျက်မှုတို့မှာ ရာဇဝင်တမျက်နှာတို့၌ ထင်ရှားမှု
တွေ့ရပေ။

မှတ်ချက် ။ သုသောမိတမတာရာဇဝင်ကြီး၌ ထိုမင်း
မိဖုရားတား အပါယ်ရတနာလည်းတစ်ပါး၊
ဥဿမင်းသမီးခင်ဦးလည်းတစ်ပါး၊ ထီး
လှိုင်ရွာသူကြီးခင်တန်လည်းတစ်ပါး၊ မထီး
တူမသမ္ဘူလကိုတား နောက်မှရောက်လာ၍
ဦးသောက်ပန်းတူသောအမည်နှင့် မိဖုရား
မြှောက်သတည်း။

ကျန်စစ်သား၏မိဖုရား ၄ ပါးတို့တွင် မိဖုရားကြီးဖြစ်သော
ယ်ရတနာတွင် သမီးတော် "ရွှေအိမ်သည်"ကို ဖွားမြင်ခဲ့သည်။
ဦးသောက်ပန်း(သမ္ဘူလ)နှင့် ကြောင်ဖြူအရပ်တွင် သားတော်
ပါး ဖွားမြင်ခဲ့သည်။ နောင်တွင် ရာဇကုမာရ်ဟူသော ဘွဲ့အမည်
အမတ်ကြီးအရာကို ရခဲ့သူဖြစ်သည်။ ထိုမင်းသားကား ...
တော်ရင်းဖြစ်သော်လည်း နန်းရိုက်နန်းရာကို မရခဲ့ပေ။ ယင်း
ကြောင်းတို့အား နောက်အခန်းတို့၌ ဖော်ပြပေးသွားမည်ဖြစ်၏။

ကျန်စစ်သားမင်းကြီးမှာ အပါယ်ရတနာနှင့် မွေးဖွားသော
အိမ်သည်သမီးတော်ကလေးအား များစွာချစ်မြတ်နိုးသည်ဖြစ်၍

တပင်တိုင်မြနန်းနှင့်အကွ အထိန်းအာယတို့နှင့် ထားတော်မူလေသည်။ ရွှေအိမ်သည်အရွယ်သို့ ရောက်သောအခါ မင်းသမီး၏ ဂုဏ်သတင်း မှာ ဝေ႕ျပ်ကြားပျံ့လွင့်လေရာ ပုဂံရာမ နေပြည်တော်သာမက ဥသဘပဲခူးနှင့် မွန်တို့ဌာနေ သုဝဏ္ဏဘူမိအထိပင် သတင်းမွှေး လေ၏။

ရွှေအိမ်သည်၏သတင်းကို လူမျိုးခြား ပဋိက္ကယားမင်းသား ကြားသိလေသောအခါ အဖွဲ့ခွင်ဖက်လုသော ပတ္တမြားမျက်ရှင် အဆောင်ကို အာခံတွင်း၌ ငုံ၍ ကောင်းကင်ထက်မှ ပျံတက်ကာ ပုဂံနေပြည်တော်သို့ လာခဲ့လေ၏။ ပုဂံရွှေပြည်သို့ရောက်လျှင် ရွှေအိမ်သည်မင်းသမီး၏ တပင်တိုင်မြနန်းကို စောင့်ကြပ်ရသည့် "အာခတ်ကြီးသိုင်း" အား ငွေစင် ၁၀ တင်းတံစိုးလက်ဆောင်ပေး ပြီးသော် ရွှေအိမ်သည်ကိုရှာ၍ ချဉ်းကပ်လေ၏။

များမကြာမီ၌ပင် ရွှေအိမ်သည် မင်းသမီးနှင့် ပဋိက္ကယား မင်းသားတို့ ချစ်ကြိုက်နှစ်သက်ကြလေ၏။ ပဋိက္ကယားမင်းသား သည် ပတ္တမြားမျက်ရှင်အဆောင်ကို အာခံတွင်း၌ ငုံ၍ ကောင်းကင် ခရီးဝေးမှလာပြီးသော် ရွှေအိမ်သည်၏ တပင်တိုင်မြနန်းဆောင်ပေါ် တွင် ချစ်ရည်လူးကြလေ၏။

တစ်နေ့သ၌ ထိုအကြောင်းကို ကျန်စစ်သားမင်း ကြားသိ



...သောအခါ မှူးမတ်၊ ပညာရှိတို့နှင့်တကွ ရှင်အရဟံပါမကျန် ...လျက် ဆွေးနွေးတိုင်ပင်တော်မူလေသည်။

"ငါ၏သမီးတော်ရွှေအိမ်သည်မှ လူမျိုးခြားဖြစ်သော ပဋိက္ကယား ...သားနှင့် ရည်ငံနေသည်ဟု ကြားသိရ၏။ သမီးတော်အား ...ဋိက္ကယားမင်းသားနှင့်ပင် ပုံဖက်ပေးစားရသော် ကောင်းအံ့လော။ ...ည်းမဟုတ် ငါ့အရှင်မြစ်တော်ဖြစ်သော စောယွမ်းနှင့် ပုံဖက် ...ရသော်လည်း သင့်မည်လော"

မှူးမတ်၊ ပညာရှိတို့အား နှိုင်းယှဉ်ဝေဖန်စေလေ၏။ ထိုအခါ ...တ်တို့လည်း တစ်ညီတစ်ညွတ်တည်း ဤသို့ ဆုံးဖြတ်ကာ ...စစ်သားအား လျှောက်ထားကြကုန်လေ၏။

"ဘုန်းတော်ကြီးမြတ်သည့် အရှင်မင်းကြီး၊ ... အရှင့် ...းတော်အား လူမျိုးခြားဖြစ်သော ပဋိက္ကယားမင်းသားနှင့် ပုံဖက် ...ားတော်မူသော်၊ အရှည်သဖြင့် လူမျိုးခြားတို့ တိုးပွားစည်ပင်၍ ...ိုပြည်ဖြစ်လာဖွယ်ရှိတော့မည်။ ဤအရေးကို အရှည်မျှော်တွေး၍ ...က်ဆုံးဖြတ်သင့်ကြောင်းပါ"

မင်းကြီးအား မှူးမတ်တို့ လျှောက်တင်ချက်သည် မှန်ကန် ...သည်ဟု ဆင်ခြင်၍ ကျန်စစ်သားလည်း စောယွမ်းနှင့်သာ ...းတော်ကို ပုံဖက်ပေးစားတော်မူလေသည်။

[စောယွမ်းဟူသော မင်းသားငယ်မှာ မနုတာမင်းကြီး၏ မြစ်တော်ဖြစ်ပြီး "နာဂသမန်" ဟူသောဘွဲ့ဖြင့် ထင်ရှားသူဖြစ်သည်။]

တစ်နေ့သ၌ ရှင်အရဟံသည် မဟာဇောဓိသို့ ဝတ်ပြုမည်ဟူ၍ ကြွတော်မူလာလေ၏။ ထိုစဉ် ပဋိက္ကယာမင်းသားလည်း ရွှေအိမ်သည်ထံသို့ ပတ္တမြားမျက်ရှင်ကို ငုံ၍ လာလတ်သည်ကို တွေ့မြင်လေသော် ဟန့်တားလေ၏။

"သင်မင်းသား၊ သင်သည် ရွှေအိမ်သည်ထံသို့ မသွားသင့်တော့ပြီ၊ သင့်ချစ်သူရွှေအိမ်သည် မင်းသမီးကား မြေးတော်ဖြစ်သော စောယွမ်းနှင့် စုံဖက်ပေးတော်မူပြီးလေပြီ"

ထိုသို့သော ရှင်အရဟံ၏ ပြောစကားကို ကြားသည်ခဏ၌ ပဋိက္ကယာမင်းသားမှာ တအံ့တသြဖြစ်လျက် "ဟာ"ဟူ၍ အာမေဋိတ်သံပြု၍ အာခံတွင်းကို ဖွင့်မိလေရာ၊ ပတ္တမြားမျက်ရှင်လည်း အာခံတွင်းမှ ထွက်ကျသွားလေသဖြင့် မင်းသားကောင်းကင်မှကျပြီး အနိစ္စရောက်ရရှာလေသည်။

မှတ်ချက်။ အချို့သောရာဇဝင်များ၌ ပဋိက္ကယာမင်းသားသည် ပတ္တမြားလက်စွပ်ကိုဝတ်၍ ကောင်းကင်မှလာသောအခါ ရှင်အရဟံကို တွေ့



လေသော် ... ရွှေအိမ်သည်ကို စောယွမ်းနှင့် စုံဖက်ကြောင်း ကြားသိ၍ "ငါ ကြိုက်သောသူကို မရသော် သေပါစေတော့"ဟူ၍ ကိုယ်ကို အဟာငတ်ခံ၍ သေသည်ဟု ဖော်ပြကြသည်။

◆ ◆ ◆ ◆ ◆

# အတိတ်ဘဝမှ ဇာတ်ကြောင်းများ

ယခုဖော်ပြမည့်အခန်းမှာ ရာဇဝင်သမိုင်းအတွက် များစွာ စဉ်းစားဖွယ်ရာများဖြစ်သည်။ ရုပ်ဝါဒီသမားတို့သည် သမိုင်းအချက် အလက်ကို သက်သေပြနိုင်သော အထောက်အထားပေါ်မူတည်၍ မှားခြင်း၊ မှန်ခြင်းကို ဆုံးဖြတ်ကြသည်။ သမိုင်းသုတေသီတို့အဖို့ လည်း ဤနည်းနှင့်နှင့်ဖြစ်သည်။ ရာဇဝင်သမိုင်းတို့၌ ဇာတ်စကား များ၊ ဖြစ်ပြီးလတ္တံ့၊ ဖြစ်လာလတ္တံ့သော စကားများ ပါဝင်ရောထွေး နေရလေရာ စဉ်းစားဆုံးဖြတ်ရန် ခက်ခဲမှု ရှိလာသည်။

မည်သို့ဖြစ်စေကာမူ ဤအခန်းအား ရှေးရှေးသော ရာဇဝင် ကြီးတို့ လက်ခံထားမှုကိုသာ ဖော်ပြပေးလိုက်ပေမည်။ ဖြစ်နိုင် သည်၊ မဖြစ်နိုင်သည်ကို မိမိဉာဏ်မီသရွေ့ စဉ်းစားတွေးခေါ်ဖို့ရာမှာ





မိမိအပိုင်းပင်ဖြစ်သည်။

ပဋိက္ကူယာမင်းသားကောင်းကင်မှ မြေသို့ကျ၍ သေသောအခါ ၌င်အရုပ်လည်း ဆုတောင်းဘက်ဖြစ်၍ ပဋိက္ကူယာမင်းသား၏ အရိုးကို "ဝါး"ဟူသောအရပ်တွင်ဂူ၍ ထားတော်မူလေ၏။ ပဋိက္ကူယာ မင်းသားကွယ်လွန်၍ များမကြာမီကာလ၌ပင် ရွှေအိမ်သည် မင်းသမီး ၌ ပဋိသန္ဓေစွဲလေ၏။ နေ့စေ့လစေ့၍ ရွှေအိမ်သည်မင်းသမီး ဖွားမြင်ရာ၊ သားယောက်ျားကလေးတစ်ပါး ဖွားမြင်လာသည်။

ထိုမင်းသားကလေးကို ဖွားမြင်သောအခါ နန်းတွင်းမှ "ဥကင်သ"တံခါးလည်း အလိုလိုပွင့်တော်မူလေ၏။ နန်းစည်ကြီး လည်း မည်သူမျှ မတီးမှုတ်ဘဲ အလိုလို မြည်လေ၏။ ထို သားတော်ကလေးမှာ ဖွားမြင်သည့်နေ့မှစ၍ ပြင်းပြစွာ ငိုတော်မူ သည်မှာ မည်သူမျှ ချော့၍ မတိတ်ပေ။

ထိုအခါ ကျန်စစ်သားမင်းကြီးလည်း မြေးတော်ငိုသည်မှာ အဘယ်အကြောင်းရာနည်းဟု ပုဏ္ဏားမြို့ ပုဏ္ဏားညီတို့အား မေးမြန်း လျှောက်တင်စေ၏။ ပညာရှိပုဏ္ဏားတို့လည်း နက္ခတ်၊ ဆန်း၊ ဝေဒအတတ်တို့ဖြင့် မင်းသားငယ်အား ကြည့်ပြီးသော် ဤသို့ လျှောက်တင်လေ၏။

"အရှင်မင်းကြီး၏မြေးတော်ကလေးသည် အရှင်မင်းကြီး၏

တိုင်းခြားနိုင်ငံ၊ အပိုင်းအခြားကို သိလို၍ ငိုခြင်းဖြစ်ကြောင်းပါဘုရား

ထိုသို့လျှောက်တင်သောစကားကို ကြားရသောအခါ ကျန်စ သားမင်းကြီးလည်း စာရေးတော်ကြီးတို့အား ရှေ့တော်သို့ ခေါ်သွင်း စေလျက် ရွှေပေထက်တွင် ဤသို့ရေးမှတ်စေလေ၏။

အရှေ့သို့လားသော် ... စတိသအမည်ရှိသော ပန်းသေးပြည်အထိ။

အရှေ့တောင်သို့လားသော် ... အယောဇေယည်သော ရှ (ခမာ)တို့ပြည်အထိ။

တောင်သို့လားသော် ... သမုဒ္ဒရာအလယ်၊ နရ ပတ်ကျွန်းအထိ။

အနောက်တောင်သို့လားသော် ...ပဋိက္ကယားမည်သော ကုလားပြည်အထိ။

အနောက်မြောက်သို့လားသော်... ကတူးနေားကြီး၊ ရေမေ အထိ။

မြောက်သို့လားသော် ... ဂန္ဓာလရာဇ်အမည်ရှိ တရုတ်ပြည်အထိ။

ဤသည်တို့ကို ရွှေပေလွှာတွင် ရေးမှတ်၍ ငိုနေသော မင်းသား ငယ်ရှေ့တွင် စာတော်ဖတ်က ဖတ်လျှောက်တင်လေမှ အငိုတိတ်



လေသည်။ ထိုအချင်းရာကို ဘိုးတော်ဖြစ်သော ကျန်စစ်သားမင်းကြီး မြင်ရာ ဤသို့ မိန့်တော်မူလေသည်။

"ငါ့မြေးတော်၏နန်းကို ငါစောင့်ပါသည်"

ဟူ၍ မိန့်တော်မူလျက် မြေးတော်ကို ရင်ခွင်ပိုက်လျက် ရာဇပလ္လင်ထက် တက်၍ "သီရိဇေယသူရ" ဟူသော ဘွဲ့ပေးလျက် ရာဇဘိသေက ခံတော်မူလေ၏။ ထိုသို့ ရာဇဘိသေက သဘင် အခါ၌ ကုလားပြည်သံတောင်နှင့် ငသုံးပင်လယ်ကို နိုင်သည်ဟူ၍ စ်သူကြီးတို့က လက်ရဖမ်းဆီးမိလာသော သုံ့ပန်းကျွန်းကုလား တို့ကို ဆက်သလာလေ၏။

ထိုကျွန်းကုလားတို့ကို စွဲကူအရပ်၌ အစုအဖွဲ့ချ၍ ထားရှိ လေသည်။ ရွှေအိမ်သည့်မှ မွေးဖွားလာသော ထိုမင်းသားငယ်သည် ရာဇဝင်အဆိုအရ ပဋိက္ကယားမင်းသား ဝင်စားခြင်းဖြစ်ပြီး၊ ထိုမင်း သားမှာ ကျန်စစ်သား၏ နန်းရိုက်နန်းရာကို ရရှိခံစားသွားသော မြေးတော် "အလောင်းစည်သူမင်းကြီး" ဖြစ်ခဲ့လေသည်။

ရှေးရှေးဆုတောင်းတို့ကြောင့်

ထီးလှိုင်ရှင်အလောင်းကား ... မင်းဖြစ်သတည်း။

မြေးတော်သီရိဇေယသူရအလောင်းကား မင်းသားဖြစ် သတည်း။

ရှင်အရဟံအလောင်းကား ... ပုဏ္ဏားဖြစ်သတည်း။

မဟာဂိရိနတ်အလောင်းကား ... သူဌေးသားဖြစ်သတည်း။

သက်မင်းကတုံအလောင်းကား ... စစ်သူကြီးဖြစ်သတည်း။

ထိုထီးလှိုင်ရှင်မင်းကြီး အလောင်းတော်မင်းဖြစ်သောအခါ ဤလူ ငါးယောက်တို့သည် ဘုရားထံသွား၍ ဝတ်ပြုကြကုန်၏။ ထိုအခါ မင်းသားသည် ဤသို့ ဆုတောင်းသည်။

"လာလတ္တံ့သောတဝ၌ ဘုန်းကြီးသောမင်း ဖြစ်ရပါလို၏"

ပုဏ္ဏားသားလည်း "မင်းတို့၏ ကိုးကွယ်ရာရဟန်းဖြစ်ရပါ လို၏"ဟု ဆုတောင်း၏။ သူဌေးသားလည်း "မင်းတို့ပူဇော်ရာ နတ်ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ စစ်သူကြီးလည်း "ပြည်ထောင် ဘက်ချင်းမင်းဖြစ်ရပါလို၏"ဟု အသီးသီး ဆုတောင်းကြကုန်လေ၏။

ထီးလှိုင်ရှင်မင်းကြီးသည် ဤသူ ၄-ယောက်တို့ဖြစ်ရာ အကြိမ် အမှုးဖြစ်၍ အုပ်ချုပ်ရစေသောဟု ဆုတောင်း၏။ ထိုသို့သော အသီးသီး ဆုတောင်းသည့်အတိုင်း

ထီးလှိုင်ရှင်လည်း ကျန်စစ်သားမင်းဖြစ်လာ၏။

မင်းသားလည်း သီရိဇေယသူရဖြစ်လာ၏။

ပုဏ္ဏားလည်း ရှင်အရဟံဖြစ်လာ၏။

သူဌေးသားလည်း မဟာဂိရိနတ် ဖြစ်လာ၏။





စစ်သူကြီးလည်း သက်မင်းကတုံ ဖြစ်လာ၏။

ဤကား ရှေးအတိတ်မှ ယခု ပစ္စုပ္ပန်ဘဝ အခြေဖြစ်သတည်း။

အခါတစ်ပါး၌ စစ်သူကြီးသက်မင်းကတုံသည် ကျေးစွန်ရွာ သားတို့ကို ထိပါးလာသည်ဟူ၍ ထီးလှိုင်ရှင်မင်းကြီးအား နားတော် လျှောက်လာ၏။ မင်းကြီးလည်း "သက်မင်းကတုံကို ရအောင် ဖမ်းလေ"ဟု အမိန့်ထုတ်ဆင့်၍ ရဲမက်ဗိုလ်ပါ၊ ဆင်လုံး၊ မြင်းလုံး၊ တပ်အလုံးရင်းဖြင့် စေတော်မူလေ၏။ ထိုအခါ ရှင်အရဟံလည်း

"မင်းကြီး၊ စစ်သူကြီးသက်မင်းကတုံကား - ရှေးဘဝ၌ ဆုတောင်းဘက်ဖြစ်သည်။ အဆွေခင်ပွန်းကို မပြစ်မှားလင့်"

ရှေးအတိတ်ကိုဖော်၍ တန့်တားတော်မူလေ၏။

ထို့အတူ မဟာဂိရိနတ်လည်း ကိုယ်ထင်ပြ၍ မင်းကြီးအား တားမြစ်တော်မူပြန်လေ၏။ ထီးလှိုင်ရှင်မင်းလည်း မဟာဂိရိနတ်ကို ဤသို့ ဆိုလေ၏။

"မဟာဂိရိနတ်သည် ငါနှင့်ဆုတောင်းဘက်ဖြစ်လျက် ငါ ဆင်းရဲ သောအခါ အဘယ်ကြောင့် မ မစပါသနည်း"

မဟာဂိရိနတ်လည်း မင်းကြီးသိရန် ဤသို့ဆို၏။

"ဟယ် ... မင်းကြီး၊ သင့်အား အနော်ရထာမင်းစော ကြီးဖြင့်နှောင်တဲ၍ လှံနှင့်ထိုးလေသောအခါ ငါစောင်မ၍ ကြိုးကို

ထိုးဖြတ်မိလျှင် နောင်ကြိုးပြတ်လျက် မင်းကြီး လွတ်ခဲ့သည်
ဝါမကာယ်၍ မဟုတ်တုံလော"

"ဟုတ်ပါပေသည်"

"မင်းကြီး တောင်ခွင်တွင် တစ်ပျက်၍ ညွှန်နက်မှောင်မိုက်
တွင် ပြေးသောအခါ ဖွတ်ရေဝတ်ရုံကိုဝတ်၍ မြင်းကျားစီးလျ
မင်းကြီးရှေ့က ခရီးညွှန်ပြခဲ့သူမှာ ဝါမဟုတ်တုံလော"

"ဟုတ်ပါပေသည်။ ဝါမှတ်မိ၏"

"မင်းကြီးစောလူးမင်းကို နိုးသောအခါ လူသူလိုက်သ
ရေတွင် ပင်ပန်းစွာ မကူးနိုင်ရှိသည်ကို မြင်၍ ကျွန်းငယ်းနှံဆ
ပြီးလျှင် မြစ်တွေးငှက် အယောင်ဆောင်လျက် ကျွန်းပေါ်ဖေါ်တ
သူကား ဝါမဟုတ်တုံလော"

"ဟုတ်ပါသည်"

"တစ်ဖန်၊ တံငါသားအဖအယောင်ဆောင်၍ လှေငယ်နှ
အောင်သာဘက်သို့ ပို့ဆောင်ခဲ့သည်မှာ ဝါမဟုတ်တုံလော"

"ဟုတ်ပါပေသည်။ ဝါသည် သင်နတ်မှန်းမသိရှိးဖြစ်၏"

ထို့နောက် ဆုတောင်းပေါက်မြောက်ကြသော မင်းကြီးနှင့် စစ်သူကြီး
သက်မင်းကတုံတို့အား ရှင်အရဟံဆိုဆုံးမလျက် ရန်စစ်ကို ငြိမ်းအေ
သွားစေလေသည်။

စိုးတာပေ





ကျန်စစ်သားမင်း၏ ဆုတ်ခွက်(အပေါ်)နှင့်
အောက်မြေဘောင် အောက်ဘက်ရှိ လက်ရေးစာ။

◆ ◆ ◆ ◆ ◆

စိုးတာပေ

# ပုဂံရာဇဝင်ထဲမှ အကွဲအလွဲများ

ရာဇဝင်သမိုင်းကို လေ့လာရာ၌ မူလအယူအဆနှင့် ကွဲလွဲမှု များကိုလည်း လျစ်လျူရှု၍ မဖြစ်ပေ။ အများသိသော၊ ကိုးကားသော လေ့လာဆည်းပူးအပ်သော ကျမ်းအစောင်စောင်တို့အနက် ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်တို့ကို ချန်လှပ်၍ မဖြစ်ပေ။ အနော်ရထာမင်းစော သထုံကို ချီတက်သိမ်းပိုက်ခြင်းအခန်း၌ မူကွဲ များကို တွေ့ရပြီး၊ ဤစာအုပ်၏နောက်ပိုင်းတွင် ပါမောက္ခဒေါက်တာ နိုင်ပန်းလှ၏ အဆိုကိုပါ ထည့်သွင်းတင်ပြထားသဖြင့် နှိုင်းယှဉ် ဖတ်ရှုနိုင်ပေသည်။

သထုံအရေးနှင့် ပိဋကတ်တော်များအတွက် ရှင်အရဟံသည် အနော်ရထာမင်းစောအား ဤသို့ မိန့်တော်မူ၏။



"ဘုရားရှင်သာသနာတော် ၃ ပါးတွင် ပရိယတ္တိသာသနာတော် ... ပဋိပတ္တိသာသနာတော် ဖြစ်နိုင်သည်။ ပဋိယတ္တိသာသနာတော် ...မှ ပဋိဝေဓသာသနာဖြစ်သည်။ ပရိယတ္တိဟူသော ပိဋကတ် ...ပုံလည်း မရှိသေးချေ။ ဘုရားရှင် သရီရဓာတ်တော်၊ မွေတော် ...ည်း မရှိသေးချေဖြစ်သည်။ မွေတော်ဓာတ်တော်၊ ပိဋကတ်ကျမ်းဂန် ...သော ပြည်ရွာတိုင်းခြားသို့ လက်ဆောင်ပဏ္ဏာနှင့် တောင်းစေ၍ ...သည်ဖြစ်မှ သာသနာတော် အစွန့်ရှည်စွာ တည်ရာသည်"

ဟူ၍ မိန့်တော်မူလေ၏။ အနော်ရထာမင်းစောလည်း

"အဘယ်တိုင်းခြားနိုင်ငံ၌ တောင်းသော် ရလတ္တံ့နည်း"

ဟူ၍ နားတော်လျှောက်လေ၏။ ရှင်အရဟံလည်း သထုံပြည်၌ ...ကတ်သုံးပုံကို တစ်စုံခေါ်၍ အစုံ ၃၀ ရှိ၏။ မွေတော်၊ ဓာတ်တော် ...ည်း များစွာရှိ၏" ဟူ၍ မိန့်တော်မူလျှင် မင်းကြီးလည်း လက်ဆောင် ...ဏ္ဏာကာရအများ စီရင်တော်မူ၍ လိမ္မာသော အမတ်တစ်ယောက်ကို ...သာချိုသောစကားဖြင့် သထုံပြည်သို့စေ၍ တောင်းရလေ၏။ ...သထုံမင်းလည်း မကောင်းသောနှလုံးဖြင့် ကြီးစွာသော ပဋိဃာတ် ...က် ရှိသည်ဖြစ်၍ မချေမငံသောစကားကို ဆိုလိုက်ဘိ၏။ အနော် ...ထာမင်းစောလည်း ထိုစကားကို ကြားတော်မူသည်၏နောက်တွင် ...င်းစွာသော အမျက်ရှိသည်ဖြစ်၍ နိုင်ငံတော်၌ရှိသော သူရဲသူခက်

အပေါင်းတို့ကို ရုံးစုတော်မူ၍ ရေကြောင်း ကြည်းကြောင်း ချီတော်မူ၏။

ရေကြောင်းမှာလည်း လှေ ၈ သိန်း၊ သူရဲ ၈ ကုဋေ ကြည်းကြောင်းမှလည်း ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသူကြီး ၄ ယောက်တို့ကို ရှေ့ဖျားချီစေ၍ အနော်ရထာမင်းစောကား နောက် "တပ်မ" ပြု၍ ချီတော်မူ၏။ ထိုကြည်း တပ်တွင်ပါသော ဆင်၊ မြင်း၊ ဗိုလ်ပါတို့မှာ ၈ သိန်းကျော် ပါဝင်လေ၏။ ရေကြောင်းချီတက်သော စစ်များ ပဲခူးသို့ရောက်၍ ပေါက်ကျုံရာမတွင်မူ လှေတပ်မကုန်သေးဘဲ စစ်သည်အင်အား များပြား လွန်းလှလေ၏။

သထုံမင်းမနုဟာလည်း အနော်ရထာမင်းစောသည် နတ်မြင်း သည်စစ်သူကြီး ၄ ယောက်နှင့်တကွ၊ မရေမတွက်နိုင်သော စစ်သည် တို့ ချီတက်လာပြီဟူသော သတင်းကိုကြားလတ်သော် အလွန် ကြောက်ရွံ့ခြင်း ပြင်းသည်ဖြစ်၍ မြို့တံခါးကိုပိတ်ပြီးသော် မြို့ကို နိုင်လုံစွာ ပြုလုပ်လျက် ခံနေလေ၏။ စစ်သည်တော်တို့ ရေကြောင်း၊ ကြည်းကြောင်း ရောက်ကြလျှင် စစ်သူကြီး ၄ ပါး ခေါင်းတည်၍ မြို့ကို တက်လေသည်။

သို့သော်လည်း မတက်နိုင်ပေ။ ပယောဂစီရင်၍ ထားလေ



သောကြောင့် အကြိမ်အဖန်များစွာ လုပ်ကြံသော်လည်း အောင်မြင်း ို မရနိုင်ပေ။ အနော်ရထာမင်းစောလည်း ဟူးရားမြို ဟူးရားညို ို့အား အကြောင်းအဘယ်သို့နည်းဟု မေးတော်မူလေ၏။ ဟူးရား ြ ဟူးရားညိုတို့လည်း ဤသထုံပြည်ဝယ် အထူးထူးသော ယောဂစီရင်ထလေသောကြောင့် အောင်မြင်ခြင်းသို့ မရောက်ခဲ့ရှာသည် ု၍ နားတော်လျှောက်၏။

ယင်းသို့လျှောက်သည်ကို ကြားတော်မူလျှင် ကုလားခြေလျင်ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။ "သထုံပြည်ဝယ် အကြောင်းမည်သို့ ့သနည်း" ဟူ၍ မိန့်တော်မူ၏။ ကုလားချေလျင်လည်း ဤသို့ ားတော်လျှောက်၏။

"သထုံပြည်ကို မြန်စွာအလိုတော်ပြည့်မည့်အကြောင်းကား ... သူတို့သည် ကျွန်ုပ်အစ်ကိုဖျတ်ဝိအား ကွပ်မျက်၍ ဦးခေါင်း၊ ေါင်၊ လက်တို့ကို အထူးထူးသော ပယောဂတို့ဖြင့် စီရင်၍ ြုပ်ထားလေသည်ကို ယူငင်၍ ဖျက်ဆီးရသည်ဖြစ်မှ အောင်ခြင်းသို့ ောက်လွယ်မည်ဖြစ်သည်"

ဟု ဖြေတော်မူ၏။ အနော်ရထာမင်းလည်း

"မြှုပ်ထားရာကို နင်ယူဆောင်ချေလော့" ဟု စေတော်မူ၏။

ကုလားခြေလျင်လည်း ညအခါမှဲ့တွင် သထုံသို့ ချဉ်းကပ်၍

မြို့ဘွင်ဝင်ကာ အစ်ကိုဖျတ်ဝိကို မြှုပ်ထားသော ပေါင်၊ လက် ခေါင်းတို့အား မြှုပ်ထားရာကို အတတ်သိရန် မင်းကိုမေး၍ သိပြီးလျှင် မြှုပ်ထားရာမှယူလျက် နော်ရထာမင်းကြီးအား ဆက်သလေသည်။

အနော်ရထာမင်းစောလည်း ဟူးရားမြို့ ဟူးရားညီတို့အား အဘယ်သို့ စီရင်သော် သင့်မည်နည်းဟု မေးတော်မူပြန်၏။ ဟူးရားမြို့ ဟူးရားညီတို့လည်း ဦးခေါင်း၊ ပေါင်၊ လက် စသည်တို့ကို မဟာသမုဒ္ဒရာရေမှာချမှ သင့်မြဲမည်ဟု နားတော်လျှောက်၏။ ထိုသူတို့ လျှောက်သည့်အတိုင်း လှော်ကားတွင်တင်၍ သမုဒ္ဒရာရေတွင် မျှောလေ၏။ ယင်းသို့ ရေတွင်ချသောအခါ ရေတို့မှာ ထန်းတစ်ဖျားခန့် ကြွတက်လာကြကုန်သည်ဆို၏။

ထိုအစီအရင်ကို စီရင်ပြီးမှသာလျှင် သထုံပြည်ကို ရမက်တော်အပေါင်း ဝင်နိုင်၍ မနုဟာမင်းနှင့်တကွ သား၊ မယား၊ အမှုးအမတ်တို့ကိုဖမ်း၍ အနော်ရထာမင်းစောအား ဆက်လေ၏။ အနော်ရထာမင်းစောလည်း သထုံပြည်တွင် မင်းအဆက်ဆက်တို့ ကိုးကွယ်သော ရတနာပန်းတောင်းဖြင့်ထားသော မွေတော်မြတ်တို့ကိုလည်းကောင်း၊ အစုံ ၃၀ သော ပိဋကတ်တို့ကိုလည်းကောင်း၊ ၃၂ စီးသော ထိုမင်းဆင်ဖြူတွင်တင်၍ ဆောင်ယူတော်မူ၏။

ထို့အပြင် သူရဲ၊ သူခက်နှင့်တကွ ဆင်မြင်း အလုံးအရင်း



ည်း အသီးသီးဆောင်ယူတော်မူလေသည်။ ယင်းတကွ ပန်းပု၊ တ်၊ ပန်းချီ၊ ပန်းရံ၊ ပန်းယွန်း၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ယား၊ ပန်းတမော့၊ ဆင်ဆေးသမား၊ ဆင်တတ်သောသူ၊ ဆေးသမား၊ မြင်းတတ်သောသူ၊ ဒိုင်းလွှားကာလုပ်တတ်သောသူ၊ ောက်-သေနတ်-လေးလုပ်တတ်သောသူ၊ အထုံအမွေး၊ ပန်းစစ်-ျက်တတ်သသူ၊ ဤသူတို့ကိုလည်း အခြားအခြား မရောစေဘဲ င်ယူတော်မူလေ၏။

ပိဋကတ်ကျမ်းဂန်တတ်သော အရိယာသံဃာတော်တို့ကိုလည်း င်ယူတော်မူခဲ့၍ နေပြည်တော်ပေါက်ကံရာမသို့ ပြန်ခဲ့တော်မူသည်။ သထုံပြည်ဟူသည်ကား ... ဘုရားရှင်သက်တော် ားရှိတော်မူစဉ် အသောကဓမ္မရာဇာမည်သော မင်းသည် မင်းပြု်မူခဲ့သည်။ ထိုမင်းမှစ၍ မနုဟာမင်းတိုင်အောင် ၅၈ ဆက်သော တို့သည် ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံ၍ ဘုရားရှင်သာသနာ အစဉ်ဆောင်ရွက်တော်မူကြသည်။

ပြည်သူအပေါင်းတို့သည်လည်း ဒါန၊ သီလ အပရှိသော းရေးနှင့် ပြည့်စုံကြသည်ဖြစ်၍ နတ်ပြည်ကဲ့သို့ အလွန်သာယာ ာတွက်ရှိသည်။ ထိုသို့ စည်းစိမ်ပြန့်ပြောစွာတည်သော သထုံကြီးကို းရသော ဆင်ဖြူ ၃၂ စီး ရှင်မနုဟာမင်းလည်း အနော်ရထာ

မင်းကြီးကပေးသော သံတို့ကို အနှိမ့်အကျ မသိ၊ မချေမငံ
စကားကို ဆိုမိချေသောကြောင့် မိမိကိုယ်မှစ၍ တစ်ပြည်
ပျက်စီးခြင်းသို့ ရောက်ဖူးလေသည်။

အနော်ရထာမင်းစောလည်း ပေါက္ကံရာမသို့ရောက်
ဆောင်ယူတော်မူခဲ့သော သူရဲ၊ သူခက်အစရှိသော ပညာ
အပေါင်းတို့ကို အသီး-အသီး၊ အစုအကွက်ချ၍ နေရ၏။ သ
ဓာတ်တော်အပေါင်းတို့ကိုလည်း ရတနာအတိပြီးသော ပ
ကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်၌ အမြဲထား၍ ကိုးကွ
တော်မူ၏။ ပိဋကတ်အစုံ ၃၀ ကိုလည်း ရတနာအတိပြီးသေ
ပြာသာဒ်ထက်၌ထား၍ အရိယာသံဃာတို့အား သင်ကြားပို့ချ

ပုဂံရာဇဝင်တွင် အနော်ရထာမင်း၏ သံတမန်တို့သည် သံ
မနုဟာမင်းထံ ပိဋကတ်တော် စေလွှတ်တောင်းခံစေရာတွင် မနု
မင်းက မချင့်သောစကားဖြစ်သည့် **(ဤပိဋကတ်တော်၊ ဓာ
တော်၊ မွေတော်များသည် အရိုင်းတို့နှင့် တန်သည့် အ
လော)**ဟု ကြမ်းတမ်းစွာ စကားဆိုလိုက်၏။ ထိုစကားကြော
သထုံကို အနော်ရထာမင်းကြီး စစ်သည်အင်အားများစွာဖြင့် ချီတ
တိုက်ခိုက်ကာ မနုဟာမင်းနှင့်တကွ ပိဋကတ်တော် အစုံ ၃၀ 
ပင့်ဆောင်ယူတော်မူသည်ဟု သာသနာလင်္ကာရစာတမ်း၌ ဖော်

ားသည်။

သထုံရာဇဝင်၌ ... **(အာသောကမွေရာဇာမင်းမှ မနုဟာ
င်းတိုင်အောင် လေးကျိပ်ရှစ်ဆက်သောမင်းတို့)**ဟု ဖော်ပြ
ားသော်လည်း ဦးကုလားမဟာရာဇဝင်ကြီး၌မူ မနုဟာမင်း၏
ညီရင်းမှာ မနောဟရီဖြစ်ပြီး သထုံဘုရင် ဥဒိန္နရာဇာ၏ သားတော်
သည်။ သုဝဏ္ဏဘူမိ၏ ၅၇ ဆက်မြောက် ဘုရင်ဖြစ်ပြီး ပအဝန
၏ သမီးတော်နှင့် စုံဖက်ခဲ့သည်။ မနုဟာမင်းကြီးကို ပုဂံမြို့သည်
ခေါ်ဆောင်ယူရာတွင် ယင်း၏မိဖုရားအခန်းကဏ္ဍကို ဖော်ပြ
ခြင်း မတွေ့ရတော့ပေ။

◆ ◆ ◆ ◆ ◆

# မွန်နှင့်မြန်မာတို့၏ ချစ်ကြည်ရေးမှတ်တမ်းဝင် မေတ္တာခရီး

ပွန်မြန်မာချစ်ကြည်ရေးတွင် အနော်ရထာ၊ ကျန်းစစ်သား၊ မဏိစန္ဒာတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းသည် များစွာအရေးပါကြောင်း သမိုင်းသုတေသီတို့က ဖွင့်ဆိုကြသည်။ ဒေါက်တာနိုင်ပန်းလှ၏ သုတေသနစာပေများ၌လည်း ဤသို့ပင် အတိအလင်းဆိုထားသည်။

သထုံ ဥသာပဲခူးမှ ပုဂံနေပြည်တော်သို့ အပြန်ခရီးကား ကာလကြာမြင့်လှပေသည်။ မိုင်ပေါင်း ၅၀၀ နီးပါးရှိသည်ဟု ခန့်မှန်းကြပြီး တောအထပ်၊ တောင်အသွယ်သွယ်၊ မြစ်ချောင်းအင်းအိုင် တို့ကို ဖြတ်ကျော်ကူးသန်းသွားရသော ခေတ်ကာလဖြစ်သည်။ ဆင်ထက်ရှိ ဝေါများစီး၍ တောလမ်းခရီးရှည်ကို ဖြတ်သန်းရသည်မှာ နုပျိုလှပချောမွေ့လှသော မွန်မင်းသမီး မဏိစန္ဒာအား မြန်





ခုံလိုက်ရှုပ် ကျန်စစ်သားသည် အထူးဂရုစိုက်ကာ စောင့်ကြပ်ရ သလေ၏။

**မှတ်ချက်။ ဦးကုလားရာဇဝင်နှင့် သုသောမိတမတာ ရာဇဝင်ကြီးတို့၌ ကျန်စစ်သားကို စစ်သူကြီး ဟု ဖော်ပြထားသည်။**

ယင်းသို့ အကြောမှ အညာဒေသရှည်တစ်လျှောက် သွားကြရာဝယ် ဘိုးချင်းထား ပနိုးချင်းထိ၊ ကြိုးရှည်းထား ကြိုးချင်းငြိဆိုသည့် အတိုင်း မဏိစန္ဒာနှင့် ကျန်စစ်သားတို့ လောကသဘာဝအတိုင်း ချစ်ခင်ကြသည်။ ကျန်စစ်သားသည် မဏိစန္ဒာ၏ ဆွဲငင်မှုအကြောင်း သဘောကို မငြင်နိုင်တော့ဘဲ ရွှန်းစားကာ ချစ်ပင်လယ်ဝယ် မျောပါ သွားခဲ့သည်။

ဤဖြစ်ရပ်မှာ မွန်မြန်မာ မေတ္တာပေါင်းကူးတစ်ရပ်ပင်ဖြစ်သည်။ ယင်းသို့ မိုင်ပေါင်းများစွာသော ခရီးရှည်ကို တဖြည်းဖြည်းနှင့် သွားကြရာ နောက်ဆုံးတွင် ပုဂံနေပြည်တော်သို့ ချောမောစွာ ဆိုက်ရောက်လေ၏။

ကျန်စစ်သားသည် မွန်မင်း ပို့လိုက်သမျှကို အနော်ရထာ မင်းကြီးအား ဆက်သလေ၏။ သို့သော် လမ်းခရီးတွင် ကျန်စစ်သား နှင့် မွန်မင်းသမီးတို့၏ အချစ်ဇာတ်လမ်းသတင်းကို ကြားရသော်

အနော်ရထာမင်းကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ မိမိလက်စွဲတော် အရိန္ဒမာလှံဖြင့် ပလ္လင်ပေါ်မှ ပစ်လွှတ်လိုက်လေသည်။ ကျန်စစ်သားမှာ မင်းဖြစ်ရမည့် ကံဇာတာရှိသူဖြစ်၍ အရိန္ဒမာလှံသည် သူ့အား မထိ၊ ကြိုးကိုထိ၍ ပြတ်လေ၏။

ကျန်စစ်သားလည်း အရိန္ဒမာလှံကို ကောက်ယူပြီး လျှပ်မြန်စွာ လွတ်ရာသို့ တိမ်းရှောင်သွားတော့၏။ မ်းရှောင်ရာအရပ်ကား ကြောင်ဖြူအရပ်ဖြစ်၏။ ထိုအရပ်တွင် မထီးတူမသန္တာလနှင့် တွေ့ပြန်၏။ ပုဂံပြည့်ရှင် အနော်ရထာမင်းသည် အဂ္ဂမဟာသိမိဖုရားကြီးများစွာရှိသည့်အနက် မဏိစန္ဒာ မွန်မင်းသမီးကို ပို၍ ချစ်မြတ်နိုးတော်မူသည်။ ခင်ဦးဟူ၍ ချစ်ဝနိုးခေါ်သည်။ သို့သော် ထူးခြားသည်မှာ အနော်ရထာမင်းစော ခေတ်တွင် ပြုလုပ်လှူဒါန်းခဲ့သော အုတ်ခွက်ဘုရားစာများတွင် မဏိစန္ဒာ(ခင်ဦး)အမည်ကို မတွေ့ရခြင်း ဖြစ်သည်။

"မဟာသိယာစိအ်ပေဟ်"ဟူ၍လည်းကောင်း၊ စိပေဟူ၍လည်းကောင်း တွေ့ခဲ့ရသည်။ ပါဠိနှင့် မွန်ဘာသာရေးထားခြင်း ဖြစ်သည်။ အနော်ရထာမင်း ပြုလုပ်လှူဒါန်းခဲ့သော အုတ်ခွက်ဘုရားပုံစံများမှာ ပဉ္စဝဂ္ဂီရဟန်းငါးပါးတို့ တရားဦးဟောကြားပုံများဖြစ်ပြီး ကျောဘက်တွင် သက္ကတ၊ ပါဠိ၊ ပျူ၊ မွန်စာတို့ဖြင့် ရေးသားထား



သည်။

အုတ်ခွက်ပုံစံများကိုလည်း ကာလန်၊ သံဈင်၊ မှူးမတ်ကြီး၊ ရားသူကြီးများသာမက မိဖုရားကြီးများကလည်း ပြုလုပ်လှူဒါန်း သည်ကို တွေ့ရသည်။ ယင်းတို့အနက် မိဖုရား "စိပေ"ဟူ၍ ည်းကောင်း၊ "စိအ်ပေဟ်"ဟူ၍လည်းကောင်း အမည်ခံ၍ းသားထားခဲ့သော ပါဠိနှင့် မွန်ဘာသာစာများကို တွေ့ရသည်။ မွန်၊ ပါဠိစာနှင့် ရေးသားထားသော မိဖုရားမှာ မဏိစန္ဒာ န်မင်းသမီးဖြစ်မည်ဟု ဒေါက်တာနိုင်ပန်းလှက ထင်ကြေးပေးခဲ့ ည်။

အနော်ရထာမင်းကြီးတွင် စောလူးမင်း၏ မယ်တော်ကြီး အမည်မသိ)နှင့် ပဉ္စကလျာဏီ၊ စောမွန်လှ၊ မဏိစန္ဒာခေါ် ခင်ဦးတို့ ကြသည်။ ပါဠိစာတွင် (ရဉာမဟာသိယာ ... ချစ်လှစွာသော ရားကြီးစိပေ)ဟူ၍ တွေ့ရသဖြင့် အနော်ရထာမင်းကြီး ပိုချစ်သော န်မင်းသမီး ခင်ဦးဖြစ်မည်ဟု ယူဆခဲ့သည်။ မွန်လိုရေးထိုးသည့် ချက်မှာလည်း မွန်မိဖုရားကြီးဖြစ်ကြောင်း အထောက်အထား စ်သည်။

မွန်မင်းသမီးကို လက်ခံရရှိပြီးနောက် ကျန်စစ်သားသည် က်ပြေးတိမ်းရှောင်နေရသဖြင့် အနော်ရထာမင်းကြီးသည် သွား

လေရာကို သားတော် စောလူးမင်းခေါ် "မင်းလုလင်အား" အမျိုင် ခေါ်ဆောင်သွားလေ့ရှိသည်။ နိုင်ငံအကျယ်အဝန်းအဖြစ် မြောက်ဘက် တွင် ဂန္ဓာလရာဇ်၊ ရှမ်းပြည်နယ်တစ်ဝှမ်း၊ တောင်ဘက်တစ်လျှောက် တွင် ပျူမြို့တော်ဟောင်း၊ သရေခေတ္တရာ၊ မွန်မြို့တော်ဟောင်း သထုံ၊ ... တောင်ဘက်တွင် မြိတ်နှင့် တနင်္သာရီအထိ ဖြစ်သည်။

ယင်းသို့ အနော်ရထာမင်းကြီး၏ နယ်ပယ်ကျယ်ဝန်းခြင်းမှာ သက္ကရာဇ် ၁၀၅၇ ခုနှစ်တွင် မွန်တို့ ဌာနီသထုံပြည်ကို သိမ်းပိုက်ပြီး ပုဂံနှင့် ပူးပေါင်းပြီးမှ ဖြစ်လာခြင်းဖြစ်သည်။ သထုံပြည်ကို သိမ်းရခြင်းသည် ပိဋကတ်တော်အစုံ ၃၀ ရှိသည့်အနက်မှ တစ်စုံ တောင်းခံရာတွင် ... မနုဟာမင်းက မချေမငံပြောပြီး ငြင်းပယ်ခြင်း ကြောင့်ဟု မှန်နန်းရာဇဝင်တွင် ဖော်ပြထားခဲ့သည်။ ဒေါက်တာ နိုင်ပန်းလှကား ... ဤသို့ မမြင်ကြောင်း သူ၏ သမိုင်းသုတေသန စာတမ်းတို့တွင် ဖော်ပြထားသည်။

ဒေါက်တာနိုင်ပန်းလှက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရှမ်း(ခမာ)တို့၏ စစ်ဘေးနှင့်ကြုံ၍ အကြပ်အတည်းနှင့် တွေ့ရစဉ် မနုဟာမင်းသည် အနော်ရထာမင်း ထံမှ စစ်ကူတောင်းသဖြင့် အင်အား ကြီးမားစွာ ချက်ချင်းစေလွှတ်ခဲ့သည်။ ရန်သူရှမ်းစစ်သည်တော် များအား နှိမ်နင်းပေးသောကြောင့် သမီးကညာနှင့် ဗုဒ္ဓစာတ်တော်





အပါအဝင် လက်ဆောင်ရွှေထည်၊ ငွေထည်များစွာ ဆက်သခဲ့သည်။ အနော်ရထာမင်းသည် မနုဟာမင်း၏ ကျေးဇူးရှင်ဖြစ်၍ သမီးကညာ ကိုပင် ဆက်သနိုင်သူမှာ ပိဋကတ်တော်အစုံ ၃၀ ရှိသည့်အနက် တစ်စုံကိုပေးရန် ဝန်လေးမည်မဟုတ်ပေ။

ရှမ်း(ခမာ)၊ ယခုအခေါ် ကမ္ဘောဒီးယားဘုရင် "သူရိယ ဝါရမန်"သည် သက္ကရာဇ် ၁၀၀၂ ခုနှစ်တွင် မင်းဖြစ်လာသည်။ အင်အားလည်း ကြီးမားလှသည်။ သူ၏ဇာတ်မှာ သသျှူးဖြစ်၍ ယခု ထိုင်းလင်းနေရာသစ်သည် ထိုင်းတို့မရောက်မီက မွန်နိုင်ငံ ဒွါရဝတီအဖြစ် AD ၅ ရာစုမှ စတင်ထွန်းကားခဲ့သည်။ ထေရဝါဒ ဗုဒ္ဓဝါဒီများဖြစ်သည်။ AD ၁၀၂၂ ခုနှစ်တွင် ဒွါရဝတီ မွန်ဌာနီ၏ မြို့တော် လောဗ္ဗူရီမြို့ကို သိမ်းပိုက်ဖျက်ဆီးပြီးနောက် ယခု ဝင်းမယ် အနီး "ဟာရိဘုဉ္စမဟာနာဂရ"ဟု ထင်ရှားသော မြောက်ပိုင်း မွန်နိုင်ငံကို ဆက်လက်တိုက်ခိုက်ခဲ့သည်။

သို့သော် မသိမ်းပိုက်နိုင်သဖြင့် စစ်ကြောင်းပြောင်းပြီး အနောက် ဘက်ရှိ မွန်တို့၏ ဌာနီ သထုံ၊ ပဲခူးကို စစ်သည်တော်များ စေလွှတ်၍ အကြိမ်ကြိမ် လာတိုက်ခိုက်သည်။ တစ်ကြိမ်တွင် မြန်မာ စစ်ကူတို့က နှိမ်နင်းခဲ့သည်။ ထို့နောက် ဆက်ကာ ဆက်ကာ လာတိုက်ပြန်ပြီး၊ ကျွန်စစ်သားမှာလည်း တိမ်းရှောင်နေရသဖြင့်

မြန်မာဝစ်ကူများ ထပ်မံဝေငှတ်ရန် ခက်ခဲတော့၏။ ခမာများကား ဖြတ်ဗျာ အယူသီးများဖြစ်ကြ၍ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

ထိုစဉ် အနော်ရထာမင်းသည် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ရှင်အရဟံနှင့် မွန်ပညာရှိများအား ကိုးကွယ်လျက်ရှိသည်။ မွန်ရဟန်းတော်ပေါင်း ၄၂၀၀ ပါးရှိနေပြီဖြစ်သဖြင့် ပိဋကတ်လည်း အစုံများစွာ ရှိနေပြီဖြစ်သည်။ မွန်ရဟန်းတော်တို့မှာလည်း ရှင်အရဟံ၏ ဦးဆောင်မှုကို ခံယူလျက် ရှိကြသည်။ အမြင်ကျယ်သော ရှင်အရဟံသည် အကယ်၍ သထုံကို ဖွမ်းစစ်သည်တို့ လက်အောက်ရောက်ခဲ့ပါမူ ထေရဝါဒဗုဒ္ဓသာသနာတော် ပျက်စီးခြင်းသို့ ရောက်မည်မှာ မလွဲပေ။ ကျောင်းကန်ဘုရား၊ စေတီပုထိုးများလည်း အဖျက်ဆီးခံရမည်ဖြစ်သည်။

မြန်မာတို့၏ အမြတ်ဝစ်ကူလွှတ်၍ ကာကွယ်ပေးရန် မလွယ်ကူသည်ကို ရှုမြင်ပြီး၊ အကောင်းဆုံးနည်းမှာ သထုံကို မြန်မာတို့ သိမ်းသွင်းပြီး ပုဂံသို့ ပြောင်းရွှေ့ပူးပေါင်းမှသာလျှင် ဟိန္ဒူဗြဟ္မဏ တို့၏ တိုက်ဖျက်မှုဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း အနော်ရထာမင်းကြီးအား သိစေ၏။ ထို့ကြောင့် မနုဟာ၏ အကြံပေးသည့် အတိုင်း သုဓမ္မဝတီ သထုံပြည်ကို AD ၁၀၅၇ ခုနှစ်တွင် မနုဟာ





မင်းနှင့် မင်းညီမင်းသား၊ မောင်းမမိဿံများ၊ ရဟန်းပညာရှိ၊ လူပညာရှိမျိုးစုံ၊ တာပေကျမ်းဂန်မျိုးစုံတို့နှင့် ဓာတ်တော်မွေတော်တို့ အားလုံး ဆင်အစီး ၃၂ စီးထက်မှာ တင်ပြီးသော် ပုဂံပြည်သို့ ဒေါ်ဆောင်သွားခဲ့သည်။

[ဤကား ဒေါက်တာနိုင်ပန်းလှ၏ အယူအဆဖြစ်သည်]

◆ ◆ ◆ ◆ ◆

# မြန်မာမင်းနှင့် မနုဟာမင်း ဆက်ဆံရေး

ဦးကုလားရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်၊ အခြားသော မြန်မာရာဇဝင်ဟောင်းများ၌ အနော်ရထာမင်းသည် ပိဋကတ်တော်နှင့်တကွ မနုဟာမင်းကိုပါ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရသော်လည်း အချို့သမိုင်းပညာရှင်တို့က ဤသို့မဆိုပြန်ချေ။

ပုဂံမင်းနှင့် သထုံမင်းတို့သည် ယောက္ခမနှင့် သမက်တော်စပ်ခြင်းဖြစ်၍ အချင်းချင်းပုန်းတီးမှု မတွေ့ရသည့်အပြင် အနော်ရထာကိုးကွယ်သော ဆရာမှာ (ရှင်အရဟံ) မွန်ရဟန်းပညာရှိ



…ဝပါးပင် ဖြစ်နေပေသေးသည်။ ထိုမှသာမက မွန်ဘုရင်မနုဟာ…ံးနှင့် ဆွေတော်မျိုးတော်တို့အား ပုဂံမြို့၏ တောင်ဘက်ရှိ…ြီးကာပါအရပ်တွင် ကောင်းမွန်သော အဆောင်ကြီးများတွင် နေရာ…ထားပေးခဲ့ကြောင်း တွေ့နိုင်သည်။

ပိဋကတ်တော်များနှင့် တပေကျမ်းဂန်များကို ပိဋကတ်…ိုက်ကြီးတည်ဆောက်ပြီး ကောင်းမွန်စွာ ထားရှိသည်။ ထိုပိဋကတ်…ိုက် အဆောက်အဦးမှာ ရှေးမွန်ဗိသုကာလက်ရာဟု ဆိုပြန်သည်။…ဟာမင်း သုံးဆောင်ရန် စားတော်အုပ်ကိုလည်း ရတနာများ…ြယ်ထားသည့် အုပ်တော်တို့ဖြင့် ပို့ပေးစေခဲ့သည်။ ထို့ပြင်…ဟာမင်းသည် မိမိ၏ ကြောင်မျက်ရွဲ ပတ္တမြားလက်စွပ်ကို မြင်း…သူဌေးအား အသပြာခြောက်လှည်းဖြင့် ရောင်းချခဲ့ပြီး မနုဟာ…ရားကြီးကိုပင် တည်ဆောက်ခဲ့သေးသည်။

မနုဟာမင်း နတ်ရွာစံပြီးနောက် သူ့နန်းစံနေရာအား ဂူဘုရား…ဖြစ် သူ့အနွယ်တော်များက ပြောင်းလဲခဲ့သည်။ နန်းဘုရား၏…မှာလည်း မွန်ဗိသုကာလက်ရာဖြစ်ပြီး ကျောက်ဆစ်ပန်းပုဖြစ်…သည်။ ပန်းတမော့လက်ရာများမှာ အထူးပင်လက်ရာမြောက်ကြောင်း…တွေ့နိုင်သည်။ ကမ္ဘောဒီးယားရှိ ခမာလက်ရာများ၊ ပန်းတမော့…များဖြင့် တူညီနေပေသည်။ ဟိန္ဒူအငွေ့အသက်ဖြစ်သည့် ကျောက်

သရေခေတ်သမီးရုပ်၊ ကလာသာအိုး၊ မကန်းရုပ်၊ ခေါင်း ၄ လုံး
ဖြပ္ပာရုပ်ကြီးများမှာ အဆင့်မြင့်ပန်းတမော့လက်ရာများဖြစ်သည်။

ဤအဲထောက်အထားများသည် စစ်ရှုံး၍ အကျဉ်းခံနေရသော
အဆင့်မဟုတ်ကြောင်း သမိုင်းပညာရှင်တို့က ထောက်ပြလာသည်။
ထို့ပြင် မွန်စာကို သုံးနှုန်းခဲ့ခြင်း စသည့် အထောက်အထား
များသည်လည်း မြန်မာဘုရင်က မွန်ဘုရင်အား တိုက်ခိုက်နိုင်ခြင်း
မဖြစ်နိုင်ဟု တွေးဆကြသည်။ တိရွှေ့ပြပ္ပာဇာရန်မှ လွတ်ကင်းအောင်
သထုံကို ပုဂံနှင့် ပူးပေါင်းခဲ့ခြင်း ဖြစ်ပြီး ယင်းအကြံကို ရှင်အရဟံ
အနော်ရထာမင်းအား တိုက်တွန်းခြင်းသာလျှင် ဖြစ်နိုင်ကြောင်း သုံးသပ်
ကြသည်။

ထိုစဉ်က သထုံမနုဟာမင်းမှာ "သူရိယကုမာရ"ဘွဲ့ခံ
သက်တော်ကြီးရင့်၍ အင်အား အလွန်ပျော့ညံ့နေကြောင်း၊ မြို့တ
များ အသီးသီး စိတ်ဝမ်းကွဲနေကြ၍ ဗရိုဗရဲဖြစ်နေကြကြောင်း၊
ရွှမ်းတို့ကလည်း ဗိုင်းရံတိုက်ခိုက်နေကြကြောင်း၊ သို့ကြောင့် အနော်
ရထာမင်းကြီးက ပုဂံသို့ ခေါ်ဆောင်သွားခဲ့ရကြောင်း ပဲခူးကလျာဏီ
ကျောက်စာ အထောက်အထားနှင့်ရှိကြောင်း သုံးသပ်ကြသည်။
အနော်ရထာမင်းကြီး၏ အုတ်ခွက်စာ သုံးချပ်မှာ မိမိလက်တော်ဖြင့်
ပြုလုပ်သည်ဟု မွန်ဘာသာဖြင့် ရေးထားသည်ကို ထောက်လျှင်





..ခံကြီးသည် မွန်စာတတ်အောင် ရှင်အရဟံထံမှ သင်ကြားရကြောင်း
..ထင်ရှားသည်ဟု ဆိုကြသည်။

မှူးမတ်တို့အား မွန်အသုံးအနှုန်းအတိုင်း ကလန်၊ သံဗျင်
..၍ ရေးသားသုံးနှုန်းခဲ့ပြီး၊ ယင်းကလန်၊ သံဗျင်များကလည်း
..နှင့် မွန်ဘာသာအုတ်ခွက်စာများ ရေးသားခဲ့ကြသည်။ မနုဟာ
..င်း၏ သမီးတော် မဏိစန္ဒာအား အဂ္ဂမဟေသီအရာထားသည့်
..အချက်မှာလည်း မွန်၊ မြန်မာမေတ္တာပေါင်းကူးပြီး လူမျိုးရေး
..နှိုးတီးမှုမရှိကြောင်း ထင်ရှားစေသည်။

သထုံကို AD ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်း သိမ်းယူပြီး
..င်းနှင့်တကွ ရဟန်းပုဏ္ဏားပညာရှိ၊ လူပညာရှိများကို ပုဂံသို့
..ခေါ်ဆောင်သွားခဲ့သည်။ ပုဂံခေတ် မွန်စာပေကို AD ၁၁၀၀ မှ
..၂၀၀ ခုနှစ်အတွင်း ထွန်းကားခဲ့ကြောင်း တွေ့ရသည်။ ပုဂံဘုရင်
..များမှာ တပေယဉ်ကျေးမှုအရာတွင် ရှင်အရဟံအမှူးပြုသော မွန်
..သခမိန်များက ဆရာဖြစ်ခဲ့သည်။

ကျောက်စာဝန်ဦးမြ၏ အုတ်ခွက်သမိုင်းတွင် "သထုံပြည်မှ
..မွှအသိအမည်ရှိသော ရဟန်းတို့ အကြောင်းပြု၍ အနော်ရထာ
..င်းသည် အရည်းကြီးတို့အယူကို စွန့်လွှတ်ပြီးလျှင် သထုံမှ
..င့်ဆောင်လာသော ရဟန်းသံဃာတော်တို့နှင့်တကွ ရှင်အရဟံ

ကို အမှူးပြု၍ ပုဂံပြည်၌ သာသနာပြန်လည် တည်ထောင်ကာစပြုချိ"ဟု ဖော်ပြသည်။

အနော်ရထာမင်းသည် အုတ်ခွက်အချို့တွင် မွန်ပါဠိနှင့် သက္ကတဘာသာဖြင့် ရေးသည်။ အချို့မှာ နာဂရီအက္ခရာဖြင့်ရေး၍ အချို့တို့ မွန်အက္ခရာဖြင့်ရေးသည်။ သူ၏ သံဖျင်အချို့က မွန်ဘာသာဖြင့် အုတ်ခွက်စာ ရေးသည်ကို တွေ့ရသည်။ မိဖုရားတစ်ပါးကမူ ပါဠိနှင့် မွန်ဘာသာတို့ဖြင့် အုတ်ခွက်စာ ရေးကြောင်းတွေ့ရသည်။ အနော်ရထာမင်းနှင့် စောလူးမင်းလက်ထက်တွင် မွန်စာပေကို ထူးထူးခြားခြား ရေးသည်ကို မတွေ့ရသော်လည်း ကျန်စစ်သားမင်းသည် မွန်စာပေကို ရေးသားကြောင်း တွေ့ရသည်။ အနော်ရထာမှာ အုတ်ခွက်စာတွင်သာ တွေ့ရပြီး ကျန်စစ်သားလက်ထက်၌ ကျောက်စာများ ရေးထိုးရာတွင် မွန်ဘာသာတို့ကို တွေ့ရသည်။


ကျန်စစ်သားသည် သူ၏ အထုပ္ပတ္တိများ၊ နန်းတည်စာတမ်းများ၊ ကျောင်းကန်ပြုပြင်ကြောင်း၊ ရေတွင်းရေကန်ပြုပြင်တူးဖော်ကြောင်း၊ ဗုဒ္ဓဂါယာသို့ သင်္ဘောဖြင့် လက်ဆောင်ပဏ္ဏာများပို့၍ စေတီပုထိုးတို့ကို ပြုပြင်ကြောင်း၊ အာနန္ဒာဘုရားတည်သည်ကို [illegible]ဆိုးကြောင်း၊ မွန်ဘာသာများဖြင့် အသီးသီးဆောင်ရွက်ရေးထိုးစေခဲ့သည်။





ကျန်စစ်သားသည် ရွှေစည်းခုံစေတီတော်ကြီးကို တည်ဆောက်စေတီပတ်လည်များ၌ မွန်ပါဠိဖြင့် ဇာတ်တော်များအကြောင်း ကွင်းများ ပြုလုပ်ထားခဲ့သည်။ ဇေယဘုံခေါ် ရွှေစည်းခုံဘုရား ကြီးကို မိမိတည်ဆောက်သည့်အကြောင်း ကျန်စစ်မင်းကြီး၏ တော်(ကြိတြိဘုဝနာဒိတျဓမ္မာဇ)ကိုလည်း ကျောက်စာရေးခဲ့ပြီး သာသနာပြုမည့်အကြောင်း ဗျာဒိတ်တော်များကိုပါ ကမ္ပည်း ခဲ့၏။ ကျန်စစ်သားမင်း၏ ရွှေစည်းခုံမွန်ကျောက်စာများသည် ည်း အလွန်သမိုင်းတန်ဖိုးကြီးမားလှသည်။

မနုဟာဘုရားသည် စေတီမဟုတ်ဘဲ အုတ်ပေါင်းကူးပါသော ဝိုဏ်ဘုရားဖြစ်သည်။ အလယ်ဇဟိုတွင် တင်ပျဉ်ခွေကိုယ်တော်ကြီး စ်ဆူ အရှေ့ဘက်ကို မျက်နှာပြုလျက်ရှိသည်။ ၎င်း၏ဘယ်နှင့် ဘက်တို့၌ အလတ်စားအရွယ်နှင့် တင်ပျဉ်ခွေကိုယ်တော်ကြီး ဆူတို့ ကျောဘက်ကပ်လျက် အနောက်ဘက်သို့ မျက်နှာမူ ပေါင်းမြောက်အရပ်ဘက်ပြုနေသော လျောင်းတော်မူကိုယ်တော်ကြီး ပြီး ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သဖြင့် ဘုရား ယ်တော်နှင့်ကပ်လျက် ကျဉ်းမြောင်းလှသည့်အသွင်ကို ဆောင် ကြောင်း ဖူးတွေ့ရသဖြင့် ထူးခြားသော အဓိပ္ပာယ်ဖြင့် ယင်း ားကို မနုဟာမင်း တည်သည်ဟု ယူဆကြသည်။



မနုဟာမင်းကြီး တည်တော်မူသော မနုဟာဘုရား

မနုဟာမင်းသည် ကျန်စစ်မင်းကြီးလက်ထက်တော်တွင် နေထိုင် ရသည်မှာ ကျဉ်းကြပ်မှုရှိကြောင်း ထုတ်ဖော်မပြောဘဲ ဘုရား တည်ပြုခြင်းဖြင့် အဓိပ္ပာယ် ဖော်ကြူးပြသည်ဟု သုတေသီတို့က သုံးသပ်ကြသည်။ မနုဟာဘုရားရှိ တင်ပျဉ်ခွေကိုယ်တော်ကြီးသည် မြန်မာပြည်၌ အကြီးဆုံးကိုယ်တော်ဟု ဆိုနိုင်ပြီး အမြင့်ပေ ၂၀ အနံပေ ၂၀ ခန့်မျှ ရှိသည်။



ပုဂံရှိ ဖူးတွေ့နိုင်သော လိုဏ်ဂူဘုရားများအနက် ကျန်စစ်သား းတည်ခဲ့သော အာနန္ဒာဘုရားကြီးသည် အကြီးကျယ်ဆုံး၊ အသင့် ာန်း အမြင့်ဆုံးဖြစ်ပြီး မွန်ဘာသာ ဇုဗ္ဗဝင်စာပေ အများဆုံးတွေ့ ိုင်ပေသည်။ ဘုရား၏ အနောက်မျက်နှာရှိ ရုပ်တော်မှ ဆင်းတု တော်ကြီးကို မွန်ရဟန်း ရှင်အရဟံနှင့် မြန်မာဘုရင် ကျန်စစ်သား းတို့၏ ဘုရားဖူး ဆုအတူတောင်းခံနေကြပုံ ရုပ်တုတော်များကို တွေ့မြင်ရ၍ ထိုခေတ်တွင် မွန်မြန်မာများသည် မည်မျှ ချစ်ခင် ည်းလုံးခဲ့ကြောင်းကို တွေးဆယူနိုင်ပါသည်။

ကျန်စစ်သားသည် ပညာအရာတွင် ထူးချွန်သော မွန်ပညာရှိ ာများကို ရာထူးဌာနန္တရများ အပ်နှင်းခြင်း၊ မွန်ရဟန်းများကို ကိုးကွယ် ချောက်စားခြင်း၊ မွန်မင်းသမီးကို နန်းတင်ခြင်း၊ မွန်ယဉ်ကျေးမှု ဓလေ့ထုံးစံကို လိုက်နာအားပေးခြင်း၊ မွန်စာပေကို ရုံးသုံးဘာသာဖြင့် ပြုလုပ်သုံးစွဲခြင်း စသည်များကြောင့် မွန်ပညာရှိများ၊ မွန်သူရဲကောင်း များ၏ မေတ္တာကို ခံယူပြီး၊ ထိုမွန်များသည် မြန်မာဘုရင်ဟူ၍မပင် မှတ်ယူကြတော့ဘဲ "ပြည်ထောင်စုဘုရင်တရားမင်းကြီး" ဟု ယူဆ အားကိုး၍ သစ္စာတော်ကို သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းဆောင် ကြသည်။

**မှတ်ချက်။ ဤသုံးသပ်ချက်များကို မွန်ပညာရှိ ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ သုတေသနစာတမ်း များမှ အချက်လက် ရယူပါသည်။**

ဦးကုလားမဟာရာဇဝင်ကြီးတွင်မူ မနုဟာမင်းအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရသည်။

"မနုဟာမင်းကိုလည်း မြင်းဝ၁ယအရပ်၌ အလုပ်အကျွေး နှင့်တကွ နေရ၏။ ထိုမနုဟာမင်း၏ အာနုဘော်သည်ကား ... စကားပြောသော် ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သော ဟူ၏။ အနော်ရထာမင်းစောလည်း မနုဟာမင်း အမူးအမြှင် လာ၍ ဦးချိုသောအခါ ကြက်သီးမွေးညှင်းထ၍ ထိတ်ထိတ် လန့်လန့် ရှိတော်မူလေ၏။

ရှည်လတ်သော် မနုဟာမင်း၏ ဘုန်းတန်ခိုးအာနုဘော်ကို ညှိုးစေခြင်းငှာ မနောလယ်သန်းနှင့် စားတော်ပြင်ပြီးသော ဘုရားမှာ တင်စေ၍ ထိုစားတော်ဖြင့် မပြတ်၊ မနုဟာမင်းကို ကျွေး တော်မူ၏။ မနုဟာမင်းလည်း မစူးစမ်း၊ မဆင်ခြင် စားတော် ခေါ်လေ၏။ ရှည်လတ်သော် ... မိမိခံတွင်းမှ ထွက်သော စက်ရောင်သည် ကွယ်ခဲ့၏။





ထိုသို့စက်ရောင်ကွယ်ရာတွင်မူ ဇီကြာသော်ကြားသော်လည်း မဖြစ်နိုင်ရာဟူ၍ နှလုံးမူးသောဟူ၏။ ယင်းသို့မှ သံဝေဂရသည် ဖြစ်၍ **သံသရာဝယ် ကျင်လည်သရွေ့ သူ့နိုင်သည့်ကိုယ် မဖြစ်လို** ဟူ၍ ကြီးစွာသော ဘုရားတစ်ဆူ ပရိနိဗ္ဗာန်ပြုတော် မူဟန် ခေါင်းလဲတစ်ဆူ တည်တော်မူ၏။ ထိုဘုရားကို ယခုတိုင်အောင် "မနုဟာ" ဟူ၍ ကျော်၏။

သမိုင်းမှတ်တမ်းများကို မိမိလက်ခံခြင်း၊ မခံခြင်းမှာ ကိုယ်ပိုင် ...ဖြတ်မှုဖြစ်သည်။ အမှားကြားမှ အမှန်ကိုဖော်ထုတ်၍ အမှန်ဖြစ်ရန် ...က်သေနိုင်လျှင်ကောင်းပေတော့။ လွတ်လပ်စွာ တွေးခေါ်ယူဆနိုင်သကဲ့သို့ ...တ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိသည်။ သို့သော်ကား ... ...ဒိုပက္ခဖြစ်ခွင့် မရှိပေ။

ဤကား သမိုင်းသုတေသီတို့၏ မှတ်သားသင့်သောထားပင်တည်း။

◆ ◆ ◆ ◆ ◆

# အာဏာကောင်းသေ ၏လည်း
# အခါနှောင်းခဲ့သည့် ရာဇကုမာရ်မင်းသား

ကြောင်းပြုအရပ်တွင် ကျန်ရစ်ခဲ့သော ရဟန်းမထီး၏တူမ သမ္ဘူလသည် နေ့စေ့လစေ့သောအခါ သားယောက်ျားကလေး တစ်ဦးကို မွေးဖွားလေ၏။ ကျန်စစ်သားကို နန်းတော်တွင် လိုက်ပါ အမှုတော်ထမ်းရန် ပြန်လာခေါ်စဉ်က ကျန်စစ်သားသည် သမ္ဘူလ အား လက်စွပ်ကို ချွတ်ပေးခဲ့ပြီးလျှင် "သားယောက်ျားဖွားသော် လက်စွပ်နှင့်တကွ နန်းတော်သို့ လိုက်လာခဲ့"ဟု အမှာထားခဲ့သည်။

သို့သော် ကျေးတောသူ သမ္ဘူလအဖို့ ပုဂံနေပြည်တော်ရှိ ခမ်းနားကြီးကျယ်သော ရွှေနန်းတော်သို့ ရွံ့ရွံ့တားတား လိုက်သွား ရန် ဆိုသည်မှာ သတ္တိမွေးရပေဦးမည်။ သွားရန်အတန်တန် ကြိုးစား



သော်လည်း အကြံစည်ပျက်သဖြင့် နန်းတော်သို့ တော်တော်နှင့် ...ိုက်သွားဖြစ်ပေ။ ဤသို့ဖြင့် သမ္ဘူလမွေးဖွားသော ရာဇကုမာရ် ...လျှင် အသက်(၇)နှစ်အရွယ်သို့ တိုင်ခဲ့သည်။

ထိုစဉ်အခါ၌ ကျန်စစ်သားမှာ မင်းအဖြစ်ကို ရရှိခဲ့ပြီး နန်းစံ ...က်ပင် ၂ နှစ်တိုင်နေလေပြီဖြစ်သည်။ ထိုအခါမှပင် သမ္ဘူလ ...ည် သားငယ်ကို လက်ဆွဲလျက် လက်စွပ်နှင့်တကွ ပုဂံနေပြည် ...ာ်သို့ သွားရောက်ခဲ့သည်။ ပုဂံရာမသို့ ရောက်လေလျှင် ...န်စစ်မင်းကြီး ဗိုလ်ရှုသဘင်ခံ၍ နေတော်မူစဉ်ဖြစ်ရာ သမ္ဘူလ ...ဖို့ နန်းတော်သို့ မတက်ဝံ့သောကြောင့် နန်းရင်ပြင်မှာပင် သားကို ...က်ဆွဲလျက် တိုမှသည်မှ သွားလာနေပေသည်။

သမ္ဘူလအား ကလေးတစ်ယောက်နှင့်မြင်သော မင်းချင်းတို့က "ဟယ်၊ မိန်းမ ... ငါတို့သခင်အရှင်မင်းကြီး ထွက်တော် ...ာမည်ဖြစ်၍ ဤနေရာတွင် မနေလင့်၊ ဤမှ ထွက်သွားလေ" ...၍ နှင်ထုတ်ကြလေ၏။

"အို ... မင်းချင်းတို့၊ ငါသည် သင်တို့သခင် ဘုရင်မင်းမြတ် ...ား လျှောက်ထားရန် လာခြင်းဖြစ်သဖြင့် တွေ့ခွင့်ပြုပါလော့"

သမ္ဘူလလည်း သားငယ်ကို လက်မှမလွှတ်။ စုံရပ်နေသော ...နေရာမှလည်း ထွက်ခွာ၍ မသွားပေ။ မင်းချင်းတို့လည်း ချေချည်

တစ်ခါ၊ ခြောက်ချည်တစ်လှည့် ပြောဆိုသည့်တိုင် မရသဖြင့် ထို အကြောင်းကို မင်းကြီးအား နားတော်လျှောက်တင်စေလေ၏။

"ဤသို့ဆိုလျှင် တွေ့ခွင့်တောင်းသော ထိုသားအမိအား ငါ့ထံ ရှေ့တော်မှောက် သွင်းလော့"

မင်းချင်းလုလင်တို့လည်း ဘုရင်အမိန့်ရသည်နှင့် သမ္ဘူလတို့ သားအမိအား ကျန်စစ်သားရှေ့တော်မှောက် ဝင်ရောက် ဂါရဝပြု ကြလိုက်လေ၏။ ကျန်စစ်သားလည်း သမ္ဘူလကို မြင်ရာ မှတ်မိ လေ၏။ သမ္ဘူလလည်း ပေးအပ်ခဲ့သော လက်စွပ်နှင့်တကွ သား တော်ရာဇကုမာရ်ကို ပြသလျက်–

"ဤအရာကား အရှင်လက်စွပ်ဖြစ်၍ ဤသူငယ်ကား အရှင့် ရင်သွေးပင်တည်း"

ကျန်စစ်မင်းကြီးလည်း မိမိလက်စွပ်နှင့်တကွ သားငယ်အား ရွှန်းရွှန်းစားစား ကြည့်ပြီးသော် ရာဇဣန္ဒြေဆည်တော်မူလျက်–

"ဤမိန်းမ၏ကျေးဇူးကား ငါ့တွင် အလွန်တရာမှ ကြီးပေစွ တကား၊ ... ကျေးဇူးပြုထိုက်သူကို သူကောင်းပြုရအံ့"

ကျန်စစ်မင်းကြီးလည်း မှူးတော်၊ မတ်တော်တို့၏ အလယ်တွင် ပွင့်လင်းစွာ မိန့်တော်မူပြီးနောက် သားတော်ကို လက်ဆွဲ၍ ရင်ခွင်၌ ထားတော်မူလေ၏။ စိတ်တွင်း ခံစားချက်တို့ကို အတန်တန် မျိုသိပ်





...က် သက်ပြင်းအဖန်ဖန်ချကာ မှူးမတ်၊ ဗိုလ်ပုံအစုံအညီအား ...သို့ မိန့်တော်မူလေသည်။

"သားကားအရင်း၊ မြေးကားအရင်းတဲ့ လူ့လောကီအရေး၌ ...ကြတုန်သည်။ ... ယခု ငါ့မြေးတော်ကို ဘိသိက်သွန်း၍ ...င်းအရာထားပြီးခဲ့ပြီဖြစ်၍ ... မြေးကားအရင်း၊ သားကား ...ချားဖြစ်ချေပြီတကား"

ထို့နောက် ရဟန်းမထေးတို့အား သမ္ဘူလအား "ဦးဆောက်ပန်း" ...ည်ဖြင့် မိဖုရားမြှောက်စားတော် မူလေ၏။ သားတော်ကိုလည်း ...ယခေတ္တရာ" ဟူသောအမည်နှင့် ဧည့်ဝတီနှင့်တကွ တောင်စဉ် ...ခရိုင်ကို ပေးတော်မူလေ၏။

သမ္ဘူလ(ဦးဆောက်ပန်း)မိဖုရားသည် ဘုရင်မင်းမြတ်၏ အကျိုး ...ားကို ရှာမှီးလေ့ရှိပြီး၊ အလုံးစုံသော ကိစ္စတို့၌ လိမ္မာသော ...ကြောင့် ကျွန်အသုံးအဆောင်တို့ဖြင့် ရွာသုံးရွာကို ပေးသနားတော် ...လေ၏။

သမီးတော် ရွှေအိမ်သည်မှမွေးသော "သီရိဇေယသူရ" ...လောင်းစည်သူအလောင်းလျာ)ကိုမူ အိမ်ရှေ့ဥပရာဇာ အဖြစ်နှင်း၍ ...င်းနန်းဆက်ခံရာအဖြစ် ဘိသိက်သွန်းလောင်းပြီးဖြစ်သည်။ သမ္ဘူလ ...သည် သားတော်မွေးမွေးပြီးချင်း နန်းတော်သို့ မှာကြားသည့်အတိုင်း

လိုက်လာခဲ့ပါလျှင်မူ နန်းရိုက်နန်းရာအား "ဇေယမေတ္တာရာ" (ရာဇ ကုမာရ်)ရမည်ဖြစ်လေသည်။ ယခုတွင်ကား ... သားတော် အသက် (၇)နှစ်အရွယ်ရှိမှ နန်းတွင်းသို့ ရောက်သွားသောအခါ အလာ ကောင်းသော်လည်း အခါနှောင်းသွားခဲ့လေပြီတည်း။

သမ္မုလသည် ဦးဆောက်ပန်းဟူသောဘွဲ့ဖြင့် မိဖုရားအရာကို ရခဲ့သော်လည်း သားအရင်းဖြစ်သူမှာ ထီးနန်းကို မရတော့ပေ။

မြေးဖြစ်သူကို ဘိသိက်သွန်း၍ လျာထားပြီးပြီဖြစ်သဖြင့် နောင်တွင် ရာဇကုမာရ်မင်းသားသည် အမတ်ကြီးအဖြစ်နှင့် နန်း ရပ်ပြင်၌ ခစားရှာရတော့သည်။

သို့သော် သားတော်ရာဇကုမာရ်သည် ခမည်းတော်အပေါ် မေတ္တာမပျက်ခဲ့။ မငြိုငြင်ခဲ့ပေ။

◆ ◆ ◆ ◆ ◆



# ပြည်ချစ်သော မင်းကျန်စစ်

ကျန်စစ်သားသည် ပုဂံမင်းအဖြစ်ကို ရရှိပြီးသည်နှင့် တစ်ပြိုင် နက် ရေမန်ကန်းသူပုန်အရေးပြီးသော ... တိုင်းသူပြည်သားတို့၏ ခနထိုင်စားသောက်မှုနှင့် အသက်မွေးမြူရေးတည်းဟူသော ဘောဂ ဗလကိုလည်းကောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တဗလတို့ကိုလည်း ကောင်း အဖက်ဖက်မှ တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ရေမန်ကန်း သူပုန်ထသဖြင့် ပြည်တွင်း၌ ဆူပူသောင်းကျန်း မှုများ ဖြစ်ပေါ်နေစဉ်တွင် တိုင်းသူပြည်သားတို့သည် ဘေးအမျိုးမျိုး နှင့် ကြုံတွေ့ကြရသည်။ အချို့တို့မှာ သားတကွဲ၊ မယားတကွဲ ထွက်ပြေးတိမ်းရှောင်ကြရ၏။ အချို့တို့လည်း ရန်သူမှန်တပ်မှ အဖမ်းဆီးခံရကာ အောက်ပြည်အောက်ရွာသို့ ပါသွားခဲ့ကြသည်။

အချို့လည်း စားရမယ့်၊ သောက်ရမယ့်၊ ဝတ်ရမယ့်ဘဝများဖြင့် ကြုံတွေ့ကြရကုန်လေ၏။

ထိုသို့သော ဆိုးဝါးခါးသီးလှသည့် အခြေအနေဆိုး၊ ခေတ်ဆိုးကြီးမှ ကျန်စစ်မင်းသားသည် ကယ်တင်၍ ပြည့်စုံလုံလောက်သော ပျော်ရွှင်မှုမျိုးကို ဖန်တီးပေးစွမ်းနိုင်ခဲ့သည်။ ယင်းကို သမိုင်းအထောက်အထားဖြစ်စေခဲ့သော ရွှေစည်းခုံမွန်ကျောက်စာတွင် မှတွေ့မြင်နိုင်ပေသည်။ ရွှေစည်းခုံမွန်ကျောက်စာတွင် ...

"မင်းကြီး၏ အလိုဆန္ဒတော်အတိုင်း မဆိုင်းမတွ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရန်သူတို့သည် ပုဂံကိုတိုက်ဖျက်ရန် ဆန့်တက်လာ၍ အမျိုးလေးပါးကို သုံ့ပန်းအဖြစ် ဖမ်းဆီးကြကြောင်း၊ ထို့နောက် လက်ရုံးမှု၍ ထိုသူတို့ကို တစ်ရပ်တစ်ကျေးသို့ ဆောင်ယူကြကြောင်း၊ မင်းကြီးသည် ထိုသူတို့အား ပုဂံသို့ ပြန်ခေါ်ယူ၍ နှစ်သိမ့်မည်ဖြစ်ကြောင်း၊ သားကွဲမယားကွဲဖြစ်သူတို့ကိုလည်းကောင်း၊ ပူပင်သောကရောက်ရသူများကိုလည်းကောင်း၊ မင်းကြီး၏မေတ္တာကရုဏာဖြင့်၍ ထိုသူတို့၏မျက်ရည်တို့ကို သုတ်ပေးမည်ဖြစ်ကြောင်း၊

"ယာလက်တော်ဖြင့် ဆန်စပါးမှစ၍ စားဖွယ်သောက်ဖွယ်တို့ကို ပေးအပ်ကျွေးမွေးမည်ဖြစ်ကြောင်း၊ ဝဲလက်တော်ဖြင့် အဝတ်ပုဆိုး၊ အဆင်တန်ဆာတို့ကို ပေးအပ်ဆင်ယင်မည်ဖြစ်ကြောင်း၊

စိုးစာပေ



သည် သားငယ်တို့ကို ရင်ခွင်၌ ပိုက်ထွေးယုယသကဲ့သို့ သူတို့ကို ယုယပိုက်ထွေးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

တစ်ဖန် ထိုရွှေစည်းခုံမွန်ကျောက်စာ၌ပင် မင်းကြီး၏ လက်ထက် တော်တွင် မိုး၊ မှုန်၊ သစ်သီး၊ ပန်းမာလ်တို့ ပေါများကြွယ်ဝစေ ည်ဖြစ်ကြောင်း၊ ဆန်စပါး၊ အဝတ်ပုဆိုးတို့အတွက် အခက်ကြုံနေ သူများသည် ရွှေငွေရတနာဖြင့် ဆန်းကြွယ်သော အဝတ်ပုဆိုး ကို ဝတ်ဆင်ရမည်ဖြစ်ကြောင်း ဆင်မြင်း၊ ကျွဲနွား၊ ဝက်ဆိတ် သည်တို့ ပေါများစေရမည်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း ကြွယ်ဝ သာရမည်ဖြစ်ကြောင်း၊ အိုးစလောင်းရောင်းသော အမယ်အိုများ ၏လျှင် ဈေးကောင်းရ၍ ချမ်းသာရမည်ဖြစ်ကြောင်း၊ မြေယာ နှံယက်ကြသော လယ်သမားအပေါင်းတို့တွင် ဆန်စပါး လူးဆပ် သည် ကျီအပြည့် ရရှိမည်ဖြစ်ကြောင်းတို့ကိုလည်း ဆိုခဲ့သည်။

ကျန်စစ်သားမင်းသည် တိုင်းသူပြည်သားတို့၏ နေထိုင် းသောက် အသက်မွေးမှုတို့ကို ပြန်လည်ကောင်းမွန်လာအောင် ရေးယူဆောင်ရွက်ရင်းပင် ဉာဏ်ပညာနှင့် စရိတ္တ မြင့်တင်ရေး လည်း ဂရုပြုတော် မူခဲ့သည်။ ကျန်စစ်သားမင်းကြီးသည် ရှင် ရဟံ၏ ဩဝါဒကို ခံယူပြီး ခမည်းတော် အနော်ရထာမင်း ဆောင်ရွက်ခဲ့သော သာသနာရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်


စိုးစာပေ

တော်မူရာ၊ တိုင်းသူပြည်သားတို့သည် နောင်တာမလွန်မီအတွက်သ
မက၊ မျက်မှောက်တွင် ဉာဏ်ပညာ၊ တရိတ္တတိုးတက်မှုအတွ
လည်း အခွင့်ရေးများစွာ ရရှိလာကြသည်။


ဂရမန်ကန်းကြောင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွ
နေစဉ်တွင် ပိဋကတ်တော် စာပေအချို့သည် ပျောက်သည်လည
ရှိတန်ရာ၏။ ပျက်သည်လည်း ရှိတန်ရာ၏။ အချွတ်အလွဲလည
ရှိတန်ရာ၏။ ကျွန်စစ်သားမင်းသည် ထိုပိဋကတ်တော် စာပေတို့
ပြန်လည်စုဆောင်း၍ တည်းဖြတ်သုတ်သင်တော်မူခဲ့သည်။ အနော
ရထာမင်း တည်ခဲ့သော ရွှေစည်းခုံစေတီတော်ကို ဆက်လက်
တည်တော်မူခဲ့သည်။ ထို့အပြင် စေတီ၊ ဂူကျောင်း၊ အများအပြာ
ကိုလည်း တည်တော်မူခဲ့ရာ ပုဂံတွင် အာနန္ဒာဂူဘုရားသည် ထင်ရှ
ခဲ့သည်။







အနော်ရထာမင်းကြီးတည်၍ မပြီးခဲ့သော ရွှေစည်းခုံအား
ကျွန်စစ်သားမင်း ဆက်လက်ပြီးစီးအောင် တည်ခဲ့သည်။



ထို့အပြင် တူရှင်းတောင်ခြေနှင့် မင်းနန်သူရွာအကြားမှ လည်းကောင်း၊ သတ္တဝါမ်ပ်သိမ်းတို့၏ အကျိုးငှာ ရေကန်တစ်ကန်ကို တူးတော်မူခဲ့သည်။ တူရှင်းတောင်ခြေရှိ ကန်ကို "မြကန်"ဟု ခေါ်ကြသည်။ ထိုကန်အနီး၌ပင် ပိဋကတ်တိုက်တစ်တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။ ထို့အပြင် ကောဇာသက္ကရာဇ် ၄၆၀ ပြည့်နှစ်တွင် ကျန်စစ်သားမင်းသည် သထုံမြို့သို့သွား၍ သထုံမြောက်ဘက် မိုင် ၃၀ ခရီး၌ရှိသော "ကျိုက်တလင်"စေတီ (မြသိန်းတန်ဘုရား)ကိုလည်းကောင်း၊ တောင်ငွန်းအနီးရှိ မဟာ ဓာတ်ဘုရား(ကျိုက်တဲဘုရား)ကိုလည်းကောင်း ပြုပြင်တော်မူခဲ့သည်။

ထပ်မံ၍ အိန္ဒိယနိုင်ငံသို့ မင်းချင်းများကို စေလွှတ်ပြီး မြတ်စွာ ဘုရားပွင့်တော်မူရာဖြစ်သည့် ဗုဒ္ဓဂါယာ၌ မဟာဗောဓိဘုရား (ဝဇီ ရာသန)ကို ပြင်စေသည်။ ထိုမှသာမက ဗုဒ္ဓဂါယာ၌ မြေဝယ်စေ၍ ကန်တူးပြီးသော် လယ်မြေတည်စေ၍ ဘုရားသို့ လှူတော်မူသည်။ ဆီမီးဝတ် မပျက်အောင်လည်းကောင်း၊ အဆိုအက အတီး မပျက် အောင်လည်းကောင်း ဆောင်ရွက်စေတော်မူခဲ့သည်။

ထို့ပြင် အိန္ဒိယတောင်ပိုင်းဒေသမှ "စောဠ"မင်းသားတစ်ပါး သည် ခြွေရံသင်းပင်းနှင့်တကွ ပုဂံသို့ ရောက်လာသည်ဟု ကြားတော် မူရာ၊ ရတနာသုံးပါး၏ ဂုဏ်တော်ကို ရှေ့ပေတွင် ဟောပြဒါန်းမြှင့်





...၍ မင်းသားထံသို့ ပို့တော်မူသည်။ မင်းသားနှင့် ခြွေရံသင်းပင်း ...သည် မိမိတို့၏ အယူဝါဒကို စွန့်၍ ဗုဒ္ဓအယူဝါဒကို ယူကြ ...သည်။

ကျန်စစ်သားမင်းသည် ဥဿာပဲခူးစား ရေမန်ကန်းကို နှိမ်နင်း ...နိုက်မှာပင် ခမည်းတော် အနော်ရထာမင်းကြီး တည်ထောင် ...သည့် နိုင်ငံသစ် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးရေးသည် ...င်းကဖြစ်သည်ဟု၍ ယူဆတော်မူခဲ့ဟန်တူသည်။ မင်းကြီး၏ ...ချုပ်ရေး၊ အစီအမံ၊ အဆောင်အရွက်တို့တွင် ထိုယူဆချက် ...ပုအရာများကို တွေ့မြင်နိုင်သည်။ ထိုအမှုအရာများကား အခြား ...ုတ်၊ လူမျိုးမရွေး၊ ဘာသာမရွေး မျှတစွာ အုပ်ချုပ်သော အမှု ...ရာများပင်ဖြစ်သည်။

ကျန်စစ်သားသည် ပုဂံထီးနန်းကို သိမ်းပိုက်လိုက်သော်လည်း ...နစ်ကြာသောအခါမှ အဘိသိက်ကို ခံယူတော်မူကြောင်း သမိုင်း ...င်း တွေ့ရသည်။

ဘိသိက်ခံယူတော်မူကြောင်း နန်းတော်သစ်တည်တော်မူကြောင်း ...ကို ရှေ့စည်းခုံကျောက်စာတွင် အထင်အရှား ရေးထိုးသွားခဲ့ ...သည်။ တည်တော်မူသော နန်းတော်သစ်သည် ပြာသာဒ် ၅ ဆောင် ...သော ပဥ္စပါသာဒ်ဖြစ်သည်။ ရှေ့စည်းခုံကျောက်စာအရ ကျန်စစ်

သားမင်းသည် ပုဂံမြို့ကို အခိုင်အခန့်ပြု၍ ဝင်းကိုယ်ရံတော် ၁၀၀၀ ကျော်ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းတော်မူခဲ့သည်။

ထို့အပြင် ဘိသိက်ပွဲ အခမ်းအနားတွင် မှူးမတ်အရာရှိကြီးများဖြစ်သော သံပျင်ကြီး၊ သံပျင်ငယ်များသည်လည်းကောင်း၊ ကလန်အရာရှိများသည်လည်းကောင်း၊ ကျေးရွာအကြီးအကဲများဖြစ်သည့် သင်ကြီး၊ သင်္ကြီလျင်တို့သည်လည်းကောင်း တက်ရောက်ပူဇော်ကြရသည်။ ဘုရားများအား ပူဇော်လှူဒါန်းခြင်း၊ ဘိသိက်ပွဲ အခမ်းအနား၌ ပရိတ်တော် ရွတ်ဖတ်ခြင်း၊ ဗိဿနိုးပူဇော်ခြင်း၊ ဂဝံပတိပူဇော်ခြင်း၊ နဂါးပူဇော်ခြင်းတို့ ရှိသည်ဟု သိရသည်။

ထိုဘိသိက်ပွဲအခမ်းအနား၌ ရှင်အရဟံ ကြီးမှူးသော ရဟန်းတော်များ ပါဝင်ကြခြင်း၊ ပုဏ္ဏားများ ပါဝင်ကြခြင်း၊ မြန်မာဘာသာ သီဆိုခြင်း၊ မွန်ဘာသာသီဆိုခြင်း၊ ပျူဘာသာ သီဆိုခြင်းတို့ ရှိသည်ဟုလည်း သိရ၏။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ကျန်စစ်သားမင်းသည် မွန်၊ မြန်မာ၊ ပျူအမျိုးသားများကို ခန့်ထားချီးမြှင့်သူ ဖြစ်လင့်ကစား ... မဟာယာနဂိုဏ်း၊ တန္တြိဂိုဏ်းတို့ကိုလည်း ချီးမြှင့်တော်မူကြောင်း၊ ထို့ပြင် ဗိဿနိုးကိုးကွယ်သော အယူ၊ နဂါးကိုးကွယ်သောအယူ၊ နတ်ကိုးကွယ်သောအယူတို့ကိုလည်း ချီးမြှင့်တော်မူကြောင်း။



မွန်မြန်မာ၊ ပျူ အနုပညာများကိုလည်း ချီးမြှင့်တော်မူကြောင်း သိနိုင်သည်။ ကျန်စစ်သားမင်းသည် လူမျိုးအားလုံးကို နှစ်သိမ့်ခြင်း ဖြစ်စေ၍ အချင်းချင်း စည်းလုံးညီညွတ်မှုကိုပြုကာ မျှတစွာ အုပ်ချုပ်ခဲ့သည်။ ထိုသို့မျှတစွာ အုပ်ချုပ်သည်ထက် အရေးကြီးသော အချက်ရှိပေသေးသည်။ ထိုအချက်မှာ မွန်မြန်မာ၊ နှလုံးနှစ်ဖက်စလုံး ကျေနပ်၍ အခွန့်ရှည်စွာ နိုင်ငံတော်စည်းလုံး ခိုင်မြဲမည်ကို မျှော်ရှုကာ သမီးတော်ရွှေအိမ်သည်ကို သထုံမနုဟာမင်း၏ မြေးတော် ... ဂသမန်းနှင့် ထိမ်းမြားပေးခြင်းဖြစ်သည်။

မြေးတော်ရသောအခါတွင်လည်း မိမိတွင်သားတော်ရှိလျက် မြေးတော်မွန်မြန်မာမင်းသားကို ထီးနန်းဆက်ခံစေခြင်းပင်ဖြစ်သည်။ ... ခေတ်တွင် မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားတို့ ထိပါးစော်ကား ခြင်း မခံရကြောင်း တွေ့နိုင်သည်။ နှစ်ပေါင်း ၂၀၀ မျှ ငြိမ်းချမ်း ... သည်။ ထိုသို့ ငြိမ်းချမ်းခဲ့သည့် ကျန်စစ်သားမင်း၏ နိုင်ငံခြားရေး ... ကြောင့် ဖြစ်သည်။ ထိုဝါဒမှာ အခြားမဟုတ်၊ နိုင်ငံတကာနှင့် သင့်တင့်ညီညွတ်စွာ ဆက်ဆံသောဝါဒဖြစ်သည်။

မြန်မာနိုင်ငံအနောက်ဘက်တွင် အိန္ဒိယနိုင်ငံရှိ၍ အရှေ့မြောက် ဘက်တွင် တရုတ်နိုင်ငံရှိသည်။ အိန္ဒိယနိုင်ငံ၊ ... ဗောဓိစေတီ ပြင်ဆင်ခွင့်ကို ကျန်စစ်သားမင်း ရရှိခဲ့သည် ...

သားမင်းသည် အိန္ဒိယမင်းများနှင့် သင့်တင့်ညီညွတ်စွာ ဆက်
ခဲ့ကြောင်း ထင်ရှားသည်။ ထိုသို့ ဆက်ဆံသည့်အတိုင်းလည်
ပုဂံတွင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်တက်လာခဲ့သည်။

တစ်ဖန် ကျန်စစ်သားမင်းသည် ကောဇာသက္ကရာဇ်
ခုနှစ်၌ တစ်ကြိမ်၊ ၄၆၈ ခုနှစ်၌ ပုဂံပြည်မှ သံတမန်များ ရော
လာကြောင်း၊ ပုဂံသည် ဘုန်းတန်ခိုးအင်အားနှင့် ပြည့်စုံသည်
ထိုနိုင်ငံနှင့် ဆက်ဆံရာတွင် အာရပ်နိုင်ငံ၊ အာနမ်နိုင်ငံနည်
တိုင်းကြီးပြည်ကြီးအဖြစ် ဆက်ဆံကြောင်း ဖော်ပြထားချက်ရှိသည

ကျန်စစ်သားမင်း ထိုသို့သံစေလွှတ်ခြင်းသည် နှစ်
တစ်ပြည် ရောင်းဝယ်ဖောက်ကားမှုအတွက်သော်လည်းကော
သည်းတော်အနော်ရထာမင်းလက်ထက် ဂန္ဓာလရာဇ်ကို တိုက်
ခဲ့ဖူးရာ ရန်ကိုစိုးရိမ်သဖြင့် တရုတ်ပြည်နှင့် မဟာမိတ်ဖွဲ့လို
ကြောင့်သော်လည်းကောင်း ဖြစ်တန်ရာသည်။ ထို့ပြင် ကျန်စစ်သ
မင်းသည် နောက်တစ်ကြိမ် ထိပါးလာသော ဂန္ဓာလရာဇ်မ
စစ်သည်တို့ကို တွန်းလှန်နိုင်ခြင်းသည် ပုဂံပြည်၏ လက်ရုံးအင်အ
ကြောင့်လည်းကောင်း၊ တရုတ်မင်းနှင့် မဟာမိတ်ဖွဲ့ခဲ့သော ကျေ
ကြောင့်လည်းကောင်း ဖြစ်မည်ဆိုပါကလည်း ဆိုနိုင်သည်၊

မည်သို့ပင်ဆိုစေကာမူ ပုဂံသည် တရုတ်ပြည်သို့ သံစေလွှ



မိတ်ဖွဲ့ခဲ့သည်မှစ၍ အနှစ် ၂၀၀ နီးပါးမျှ ငြိမ်းချမ်းခဲ့သည်မှာ အထင်ရှားဖြစ်သည်။

◆ ◆ ◆ ◆ ◆

# ကျွန်စစ်မင်းကြီး၏ . . သိုလ်တော်

ကျွန်စစ်မင်းကြီးပုဂံထီးနန်းကို ရယူအုပ်စိုးစကာလ၌ စစ်ရေးနိုင်ငံရေးတို့ကိုသာ အဓိကထား ဆောင်ရွက်နေတော်မူလေရာ ကုသိုလ်ကောင်းမှုအရေးတို့၌ လစ်ဟင်းလျက်ရှိလေ၏။ ထိုအခါ မင်းကြီးကိုးကွယ်သော ရှင်အရဟံလည်း ဤသို့ ဆိုလေသည်။

"ဘုရားရှင်၏ နဖူးသင်းကျစ်တော်မာတ်၊ စွယ်တော်ဓာတ်တို့ကို အနော်ရထာမင်းစောက စည်းခုံစေတီတည်၏။ ပစ္စယာသုံးဆင့်သာ ပြီး၍ ကံတော်ကုန်ရှာ၏။ အလုံးစုံ မပြီးလေ။ . . . သားတော်စော..ပူးမင်းလည်း မင်းအဖြစ်ကိုရသော်၊ လောကီစည်းစိမ်ကိုသာ ခံစားယစ်မူးလျက် ခမည်းတော်ကောင်းမှုကို ဆက်၍ မလုပ်။ ယခု မင်းကြီးလည်း အနော်ရထာမင်းစော အမွေကို ဆက်ခံ၍



-ဖြစ်လာသည့်တိုင် စည်းစိမ်၌သာ မွေ့လျော်နေပေသေးသည်။ -နော်ရထာမင်းစော ကောင်းမှုကို ပြီးအောင်မလုပ်သေး။

ဤသို့ ရယ်သွမ်းသွေးလျက် မိန့်ဆိုလေ၏။ ထိုအခါ သတိ-ရားရှိသော ကျွန်စစ်မင်းကြီးသည် မဆိုင်းမတွပင် မိန့်ဆိုလေ၏။

"အရှင်ဘုရား၊ တပည့်တော်သည် ခမည်းတော်၏ ကောင်းမှု-တ်ဖြစ်သော ရွှေစည်းခုံစေတီအား ပြီးစီးအောင် တည်တော်မူ-မည်"

ဤသို့ လျှောက်ထားဝန်ခံခဲ့လေ၏။

ဝန်ခံကတိထားရှိသည့်အတိုင်း ကျွန်စစ်မင်းကြီးသည် အထူးပင်-့လစိုက်ထုတ် ကြိုးပမ်းအားထုတ်တော် မူလေသည်။ တူရှင်း-တောင်၌ရှိသော ကျောက်တို့ကို အလျားသုံးထွာ၊ အနံတစ်ထွာ၊ -ချွန်းစေပြီးလျှင် နိုင်ငံတော်အဝှမ်းလုံး၌ ရှိကြကုန်သော ရဲမက်၊ -လ်ပါအပေါင်းတို့ကို စုရုံးစေပြီးသော် တည်လက်စရှိသော ရွှေ-ည်းခုံဘုရားမှသည် တူရှင်းတောင်သို့တိုင်အောင် လူတို့ကို တစ်တက်-ပ်မြောင်းနေစေ၍ ရွေခြမ်းထားသော ကျောက်အုတ်တို့ကို လက်ဆင့်-မ်း သယ်ဆောင်ကြစေ၏။ ထိုသို့ လုပ်အားဒါနဖြင့် ကုသိုလ်-ပြုကြကုန်သော လူသူအပေါင်းတို့ နေရှိန်ဖြင့် ပူပြင်းစွာ လုပ်ဆောင်-နေကြရသည်ကို မင်းကြီးမြင်လေသော် . . .

"ငါသည် အရှင်အမွေတော်ကို ခံထိုက်သော မင်းဖြစ် ဤမန်ကျည်းစေ့တို့သည် တပဟုတ်ချင်း ပေါက်စေ၍ လူအ နိုရသည်ဖြစ်စေသော ..."

ဟူ၍ အဓိဋ္ဌာန် သစ္စာပြုတော်မူ၍ ရွှေစည်းခုံဘုရားမှ တူရွင်းတောင်ခြေအထိ တစ်ဖက်တစ်ချောင်း မန်ကျည်းစေ့တို့ ကြဲစိုက်တော်မူလေ၏။ ထိုမန်ကျည်းစေ့တို့သည်လည်း ကျန်စစ် ၏ ဘုန်းတန်ခိုး၊ သစ္စာအဓိဋ္ဌာန်အစွမ်းတို့ကြောင့် ညှို့ချင်းမှာ မြေမှ ထွက်ပေါ်ပေါက်ရောက်လျက် ရတ်ချည်းကြီးပြင်းလေ လူသူတို့ အရိပ်ခိုရလေကုန်၏။

ထို့အတူ သိကြားမင်းလည်း ပန်းရုံကြီးအယောင်ဆော ထိုကျောက်တို့ကို ရွှေခြမ်းပေးလေ၏။ မြေကို သရွတ်ပြု၍ မစပ်သည်ကိုလည်း သိကြားမင်းစီမံ၍ ကျောက်ဆုန်နှင့် နွား သစ်ကို သရွတ်မှ စေ့စပ်လေ၏။ ကျန်စစ်မင်းကြီး၏ နိုင်ငံတော် တစ်ဝှမ်း၌ ရှိကြကုန်သော သူဌေးသူကြွယ်တို့ပါ လာရောက်ပါဝင် ရွှေစည်းခုတည်ဆောက်ရာတွင် ပိုင်းဝန်းကြလေ၏။

နေ့ကိုလူတို့ တည်ဆောက်ကြရာ ဖောင်းရစ်တစ်ရစ်သာ ပြီးစီးလေ၏။ ညဘက်တွင်ကား နတ်တို့လာ၍ ဘုရားကို ဆက်လက် တည်ကြလေရာ ဖောင်းရစ်နှစ်ရစ်ပြီးသည်ဆိုလေ၏။ သိကြားမင်



လည်း အရှေ့တောင်ထောင့်မှ ခြသေ့်ရုပ်ကို မိမိလက်တော်ဖြင့် အင်တောတို့ စီမံလျက် ပြုလုပ်တော်မူလေ၏။ အင်တောအထုကား လက်ရှိသစ်ရှိလေသည်။ ရွှေစည်းခုံစေတီကို ကျန်စစ်မင်းနှင့်တကွ များစွာသော လူနတ်ဗိုလ်ပါတို့ တည်ဆောက်ကြလေရာ (၇)လနှင့် (၇)ရက် ကြာသောအခါ အပြီးတိုင်လေ၏။

ဘုရားကြီးတည်၍ ပြီးစီးသောအခါ ကျန်စစ်သားမင်းကြီး သည် "ငါကား သခင့်အမွေတော်ကို ခံရပြီ"ဟူ၍ ဝမ်းမြောက် ဝမ်းသာ ပီတိဖြစ်လေ၏။ ထို့ပြင် "ငါတောင်းသောဆုသည် မချွတ် မလွဲ ပြည့်စုံလတ္တံ့"ဟု ကြုံးဝါးတော်မူလေသည်။ ရွှေစည်းခုံဘုရား ကား လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် ကျော်ကြား ထင်ရှားတော်မူလေ၏။ ဘုရားပြီးသည်မှစ၍ ပထဝီအနေဖြစ်လျှင် သိကြားမင်းသည် နှစ်စဉ်နှစ်တိုင်းဆင်း၍ ပူဇော်မြဲ ရှိလေ၏။

တစ်နေ့သောအခါ၌ ရဟန္တာရှစ်ပါးတို့သည် ကျန်စစ်သား မင်းကြီး၏ နန်းတော်၌ ဆွမ်းလာရပ်လေ၏။ မင်းကြီးလည်း သပိတ် ကို ယူတော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူသော် ... အဘယ်အရပ်မှ ကြွလာတော်မူကြပါသနည်းဟု မေးလျှောက်လေ၏။ ရဟန္တာမြတ် တို့လည်း ဂန္ဓမာဒနတောင်မှ ကြွလာကြောင်း မိန့်တော်မူ၍ ပြန်လည် ကြွကုန်ကြလေ၏။ ကျန်စစ်သားမင်းကြီးလည်း အလွန်သဒ္ဓါတော်

မှုသည်ဖြစ်၍ ရဟန္တာတို့အား ဝါဆိုကျောင်းဆောက်၍ လှူ
မှုလေသည်။

နန်းတော်တွင်းသို့လည်း ပင့်ဆောင်၍ ဝါတွင်းသုံးလတိုင်တိုင်
ထွမ်းမပြတ် လုပ်ကျွေးတော်မူလေသည်။ တစ်ခါသော် ... ရဟန္တာ
မြတ်တို့အား ဂန္ဓမာဒနတောင်၌ "နန္ဒမူ" လိုဏ်ဂူကဲ့သို့ သဏ္ဌာန်
တူစွာ တန်ခိုးတော်ဖြင့် ပြုလုပ်ပြပါဟု တောင်းပန်လေသည်။
ရဟန္တာမြတ်တို့လည်း တောင်းပန်သည့်အတိုင်း တန်ခိုးဖြင့် နန္ဒမူ
လိုဏ်ဂူသဏ္ဌာန်ဖန်ဆင်းပြတော်မူလေ၏။

ထိုအခါ ကျန်စစ်မင်းကြီးလည်း ထိုနန္ဒမူလိုဏ်ကဲ့သို့ ပုံ
ယူပြီးသော် ဂူကြီးစွာ တည်ဆောက်တော်မူ၍ နန္ဒမူဟူသော
အမည်ကို သမုတ်တော်မူလေ၏။ နန္ဒာဘုရားကို တည်သော အခါ
အရင်ကား ... နန္ဒာမော်ကွန်းအဖြစ် ရေးထိုးထားခဲ့လေ၏။ ကျန်စစ်
မင်းသားသည် ကောင်းမှုကုသိုလ်အရပ်ရပ်ကို ပြုလုပ်သည်ကို
သိလေသောအခါ သိန်းလှိုမင်းက ဘုရားရှင်၏ သရီရဓာတ်တော်
၄ ဆူ ပိုရောက်လာလေ၏။ ထိုအခါ ပုထိုးတော်ကြီး တည်တော်
မူပြန်၏။ ယင်းကို (မင်းအိုချမ်းသာ)ဘုရားဟူ၍ သမုတ်တော်မူသည်။

ထို့အပြင် မြောက်အရပ်သို့ ရှောင်တိမ်းစဉ်ကာလ၌ အရိန္ဒမာ
လုံကို ကစားတော်မူလေရာ လုံချက်ကျရာအရပ်ကိုလည်း ဂူတစ်လုံးစီ





ည်တော်မူလေ၏။ စေဥ့်ကိုင်အရပ်၌လည်း တောင်တက်တစ်ဆူ၊
ောင်အောက်တစ်ဆူ တည်တော်မူလေသည်။ တောင်အောက်
ရားကို လှံချက်ဆိပ်သို့ ပေါက်လေသည်ကို အစွဲပြု၍ (ဆိတ်
ပါက်)ဟူ၍ တွင်လေ၏။ တောင်တက်ဘုရားကိုလည်း မင်းကျောင်း
 တွင်လေ၏။ အင်းဝတည်ရာအရပ်၌လည်း စည်းခုံစေတီတစ်ဆူ
ည်တော်မူပြန်လေ၏။ ထိုဘုရားကို ထီးလှိုင်ရှင်ဘုရားဟုတွင်သည်။
ပရိမ္မအရပ်၌ မွေးဖွားခဲ့လေရာ၊ ထိုအရပ်၌လည်း စည်းခုံစေတီ
စ်ဆူ တည်ပြန်သေး၏။ မဟာဂိရိနတ်နှင့် စကားပြောကြသော
ရာ၌လည်း ဂူတစ်လုံးစီ တည်လေ၏။ နိုင်ငံတော်အလယ်၌ ဂူကျောင်း
န်ဆောင်း၊ သိမ်ဇရပ် စသည်တို့ကို များစွာဆောက်လုပ်လှူဒါန်း
ော်မူလေသည်။ ကြေးစင်ပိဿာတစ်ထောင်သွန်းသော ခေါင်း
ောင်းကြီး ၅ လုံးတို့ကိုလည်း ရွှေစည်းခုံဘုရားမှာ ၃ လုံး၊
နန္ဒာဘုရားတွင် ၁ လုံး၊ မင်းအိုချမ်းသာဘုရားတွင် ၁ လုံး
းသီးသီး လှူတော်မူ၏။

ပုဂံရာဇဝင်သမိုင်းတို့၌
အနောက်ရထာမင်းစောက ဘုရား ၇ ဆူ။
ကျန်စစ်သားမင်း (ထီးလှိုင်ရှင်)က ဘုရား ၁၀ ဆူနှင့် ဂူ ၇
တို့ တည်ထားကိုးကွယ်သွားကြောင်း တရင်းပြုရှိသည်။

# သုံးပွင့်ဆိုင်မေတ္တာဇာတ်ဂျမ်း

ကျန်စစ်သားသည် ခမည်းတော် အနော်ရထာမင်းကြီး အမျက်တော်ရှိသောကြောင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေစဉ်အခါ၌ ရဟန်းမထီး၏ တူမတော် သမ္ဗူလနှင့်တွေ့၍ ကြင်ယာအဖြစ် ချစ်မြတ်နိုးစွာ ထိမ်းမြားယူလေ၏။ အနော်ရထာမင်းကြီး ကွယ်လွန်တော်မူပြီး၍ စောလူးမင်း နန်းတက်သောအခါ ကျန်စစ်သားသည် ရာဇကုမာရ်ကို ပဋိသန္ဓေရှိနေသော သမ္ဗူလအား သားယောကျ်ား မွေးသော် လက်ဝတ်တော်ကို ယူခဲ့၍ ပုဂံပြည်သို့ သားနှင့်တကွ လာခဲ့ဟု မှာခဲ့သည်။

ထို့နောက် ကျန်စစ်သားသည် စောလူးမင်းထံ ခစားနေရ





...သတော့သည်။ စောလူးမင်းကွယ်လွန်သောအခါတွင် သက္ကရာဇ် ...် ခုတွင် ကျန်စစ်သားသည် (ကြိတြိဘုဝနာဒိတျ ဓမ္မရာဇ်) ဘွဲ့ ...ယူ၍ နန်းတက်တော်မူလေသည်။ ၂ နှစ်ခန့် ကြာလတ်သော ...် သမ္ဗူလသည် နန်းတော်သို့ ၇ နှစ်အရွယ် ရောက်ပြီဖြစ်သော ...းတော်ရာဇကုမာရ်နှင့် ရောက်လာခဲ့သည်။ သမ္ဗူလနှင့် သားတော် ...က်ဝတ်တော်တို့ကို မင်းကြီးမြင်လေလျှင်–

"ဤမိန်းမကျေးဇူးကား ဝိုတွင် ကြီးလေစွ"

ဟူ၍ မှူးတော်၊ မတ်တော်တို့အလယ်တွင် မိန့်တော်မူပြီးလျှင် ...းတော်ကိုခေါ်၍ ရင်ခွင်တွင် ထားတော်မူ၍ ဤသို့မိန့်တော်မူ ...လေ၏။

"သားကား အရင်း၊ မြေးကား အဖျားဟူ၍ လူတို့ဝယ် ...ကြကုန်၏။ ယခု ဝိုမြေးတော်ကို ဘိသိက်သွန်း၍ မင်းမြှောက် ...ပြီလေပြီဖြစ်၍ မြေးကား အရင်း၊ သားကား အဖျားဖြစ်ပြီ"

ဟူ၍ မိန့်တော်မူလေ၏။

ယင်းသို့မိန့်တော်မူပြီးနောက် သမ္ဗူလအား "ဦးဆောက်ပန်း" ...ာ၍လည်းကောင်း၊ "တြိလောကဝဋံသကာ" ဟူသော ဘွဲ့အမည်နှင့် ...ည်းကောင်း၊ မိဖုရားအရာကိုအပ်လျက် အဆောင်အယောင်တို့နှင့် ...ျွန်သုံးရွာကို ပေးသနားတော်မူလေ၏။

သားတော်ကိုလည်း "ဖေယခေတ္တရာ"ဟူသော အမည်နှင့် ဧညဝတီအပါဝင် တောင်စဉ်ခုနစ်ခရိုင် ပေးသနားတော် မူခဲ့သည်။ ရာဇကုမာရ်မင်းသားသည် ထီးနန်းစည်းစိမ်ကို မခံစားရသော်လည်း အမိအဖ၏ ဂုဏ်ကျေးဇူးကို သိတတ်သူဖြစ်သည်။ ရာဇကုမာရ်အဖို့ ကြောင်ဖြူအရပ်တွင် နေကြစဉ် အမိကိုသာ တွယ်တွယ်တာတာ သံယောဇဉ်ကြီးနေမည်မှာ မလွဲပေ။ ဖခင်ကို ၇ နှစ်ကြာမှ တွေ့မြင် ဖူး၍ မိမိသည် သာမန်အညတြ လူတစ်ယောက်မဟုတ်မှန်း သိခွင့် ရသူဖြစ်သည်။

သမ္ဘူလနှင့် ရာဇကုမာရ်တို့ သားအမိအချစ်ကား တွယ်တာ နှောင်ဖွဲ့ခြင်း၌ သူမတူဖြစ်နိုင်ပေသည်။ နန်းတွင်းသို့ ရောက်သော အခါ အမေသည် မိဖုရားဖြစ်၍ မိမိမှာလည်း ရှာတို့ကို စားရသည့် အမြင် နောင်တွင် အမတ်ကြီးအရာ အပ်နှင်းခြင်း ခံခဲ့ရသည်။ ရိုးသားသော ကျေးတောဌာနေမှ သားအမိဖြစ်၍ တပ်မက်သော လောဘနည်းပါးပုံရသည်။ ထီးနန်းအတွက် ပုန်ကန်ခြားနားခြင်း မရှိ၊ ကျိုးနွံသော ခစားခြင်းဖြင့် အေးချမ်းသောဘဝကို လက်ခံယူ ခဲ့သူများ ဖြစ်ကြ၏။

ကျန်စစ်မင်းကြီးလက်ထက်တော်၌ တိုင်းနိုင်ငံအသီးသီးမှာလည်း အေးချမ်းခြင်းကြောင့် စစ်မက်ရေးရာဟူ၍ တစိုးတစိမျှ မရှိခဲ့ပေ။





ပြဲ့ဖြိုးခြင်းနှင့်အတူ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရှိသော ကြောင့် များစွာအေးချမ်းခဲ့သည်။ မင်းကြီးကိုယ်တိုင် ဘာသာ၊ သာသနာ အတွက် စေတီ၊ ဂူဘုရား၊ ကျောင်း၊ ကန်စသည်များကိုသာ စိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ကျန်စစ်မင်း ကြီးလက်ထက်တွင် သာသနာရေး အုတ်မြစ်သည် ခိုင်မာခဲ့ပြီး နောက်မင်းတို့၏ ထေရဝါဒဗုဒ္ဓသာသနာမှာ များစွာ ပွင့်လင်းတောက်ပ သည်။

ကျန်စစ်မင်းကြီးအနေဖြင့်လည်း ရာဇကုမာရ်အပေါ် များစွာ သနားခြင်းဖြစ်၍ ငဲ့ညှာပုံရပေသည်။ မိမိသားအရင်းဖြစ်သော်လည်း မိစကားတို့ ကျွံခဲ့ပြီဖြစ်ရာ မင်းတို့စကား ထွက်ပြီး ဆင်နွယ် နဝတိုး တုံးစံမရှိသည့်အတိုင်း မင်းအရိုက်အရာကို ရာဇကုမာရ်အား ပြောင်းလွဲပေး၍ မဖြစ်ပေ။ ယင်းအတွက်လည်း သားဖြစ်သူ ရာဇ ကုမာရ်အား သနားစိတ်ယိုဖိတ်မည်မှာ ဧကန်ဖြစ်သည်။ သို့သော် လည်း ကျန်စစ်သားမင်းသည် မိမိသားတော် ရာဇကုမာရ်အပေါ် ချီးမြှင့်မြှောက်စား အရာထားရာ၌ အလွန်အကျူး ဆောင်ရွက်သော ခြင်း မတွေ့ရပေ။

တရားသောမင်းတို့သည် တရားသဖြင့် အုပ်စိုးတော်မူသော ဓမ္မလမ်းအတိုင်း ချီးမြှင့်ဆောင်ရွက်ကော်မူသည်။ ရာဇကုမာရ်သည်

လည်း ၎င်းစဉ်ကိစ္စနှင့် ဆက်ဆိုင်၍ စိတ်ခံစားမှု မရှိသည့်အဖြင့် လက္ခဏာလည်း မပြပေ။ ဖခမည်းတော် ကျန်စစ်မင်းအပေါ် ရိုကျိုးသေဝပ်စွာ ခစားလျက် မေတ္တာမပျက်ခဲ့။

မယ်တော်ဖြစ်သော ဦးသောက်ပန်း(သမ္ဘူလ)မိဖုရားကြီး နာမကျန်းဖြစ်၍ သေလွန်သောအခါ ရာဇကုမာရ်သည် မိခင်စား ရသော ကျွန်သုံးရွာနှင့် လက်ဝတ်တန်ဆာ၊ အဆောင်အယောင် များစွာတို့ကို လွဲအပ် စားစေပြန်သည်။ အမိအမွေအား ရာဇကုမာရ် သားတော်ကို ဆက်လက်ခံစားစေသည်မှာ ကျန်စစ်မင်းကြီး၏ ကြင်နာစိတ်ကြောင့် ဖြစ်မည်ထင်၏။

ရာဇကုမာရ်သည် ခမည်းတော် ကျန်စစ်သားအား "ကျေးဇူး များစွာ တင်ထိုက်သော သူပေတကား"ဟု စိတ်နှလုံးသွင်းလျက် တုံ့ပြန်ကျေးဇူးဆပ်လှည့်ကို စောင့်လေ၏။

◆ ◆ ◆ ◆ ◆

# မင်းကျန်စစ်၏ ဘဝနိဂုံး

ကောဇာသက္ကရာဇ် ၄၅၄ ခုနှစ်ကား ကျန်စစ်သားမင်းကြီး၏ ...င်ဆည်းဆာအချိန်ပင် ဖြစ်တော့သည်။ သက်တော်အားဖြင့် ... ကျော်ပြီဖြစ်သဖြင့် ဇရာဘက်သို့ လှမ်းဝင်နေပြီဖြစ်သော ...ဝစ်မင်းကြီးမှာ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းမှလွဲ၍ မည်သည့် ...ကိစ္စကိုမှ စိတ်မဝင်စားတော့ပေ။

များမကြာမီ နှစ်များ၌ မဟာမကျန်းဖြစ်တော်မူလာလေသဖြင့် ...နန်းပြောင်စောင်းထက်မှာပင် လှဲလျောင်းနေရပေတော့သည်။ ...လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းလှသော ဇာတ်လမ်းရှည်ကြီးကို ...းသတ်ရန် အားယူနေတော့သည့်ပမာ။ ထိုအခါတွင် သားတော် ...ကုမာရ်(ဓေယမဓေဗ္ဗရာ)သည် မင်းကြီးအား အနီးကပ်လုပ်ကျွေး

ပြုစုရှာလေသည်။

ရာဇကုမာရ်သည် ခမည်းတော် ကျန်စစ်မင်းကြီးသည် မိမိ အပေါ် ချစ်မြတ်နိုးမှုနှုန်း သိလေ၏။ မင်းကြီးပြုခဲ့ဖူးသော ကျေ အထူးထူးတို့ကို အောက်မေ့တတ်သည်။ ထိုကျေးဇူးတရားတို့ မည်သို့မည်ပုံ တုံ့ပြန်ရလေသော် ကောင်းအံ့ဟု တွေးတောဆင် ခဲ့သည်မှာ အခါခါဖြစ်သည်။ ယခု မင်းကြီးနာမကျန်းဖြစ်ဆဲကာလ မိမိရသော အမွေပစ္စည်းတို့ကို မိမိကိုယ်ကျိုးအတွက် သုံးလိုစိ မရှိ။ ခမည်းတော်အကျိုးအတွက် အသုံးပြုလျှင် ကောင်းအုံး ဦးစွာဆင်ခြင်မိသည်။

ထို့ကြောင့် ရာဇကုမာရ်သည် လေ့လာတတ်သိအပ်သော ဘာသာတရားဆိုင်ရာ အသိစိတ်ဖြင့် ဖြန့်ကျက်တွေးလေသော

"တစ်ယောက်သောသူအား သေခါနီးကာလ၌ ဆွေ တို့က အို-ချစ်သား ... သင်၏ အကျိုးငှာ ဤဘုရား ပူဇော်ခြင်းငှာ ပြုအပ်၏။ သင့်စိတ်ကို ကြည်ညိုစေလော့" ဆို၍ ပန်းဆိုင်း၊ ပန်းပွား၊ တံခွန်၊ ကုက္ကားတို့၏ အစွမ်း ရုပ်ရုံကိုသော်လည်းကောင်း၊ ကပ်၍ဆောင်ကုန်၏။ တရား ပူဇော်ခြင်း အစရှိသော အစွမ်းဖြင့် သဒ္ဒါရုံကိုသော်လည်းကော ကပ်၍ ဆောင်ကုန်၏။ အမိုးအထုံ၊ အမွှေးနံ့သာစသည်တို့





အစွမ်းဖြင့် ဂန္ဓာရုံကိုသော်လည်းကောင်း ကပ်၍ဆောင်ကုန်၏။ အို- ချစ်သား၊ ဤလျက်ဖွယ်ကို လျက်လော့။ သင်၏ ကျိုးငှာ ပေးလှူအပ်သော လှူဖွယ်ဝတ္ထုတည်းဟုဆို၍ များရည် လဲတို့၏ အစွမ်းဖြင့် ရသာရုံကိုသော်လည်းကောင်း ကပ်၍ ဆောင်ကုန်၏။ အို-ချစ်သား၊ ... ဤအဝတ်ပုဆိုးကို ထိလော့။ ဤအဝတ်ပုဆိုးသည် သင်၏အကျိုးငှာ လှူအပ်သော ဝတ္ထုတည်း ဆို၍ ဝတ်ကောင်းဝတ်ဖွယ်တို့အစွမ်းဖြင့် ဖောဋ္ဌဗ္ဗာရုံကိုသော် ည်းကောင်း ကပ်၍ ဆောင်ကုန်၏။

ဗုဒ္ဓဘာသာအယူဖြစ်သည့်အလျောက် သေလွန်ပြီးနောက် ခြားဘဝရှိသည်ကိုလည်း ယုံသည်။ အခြားဘဝရှိသည်ကိုလည်း သည့်အလျောက် ဘဝကူးကောင်းဖို့ အရေးကြီးကြောင်း ကောင်းစွာ းလည်၏။ လူပုဂ္ဂိုလ်တစ်ဦး၏ ဘဝကူးကောင်းဖို့သည် သေအံ့နီးနီး ကာလသည်လည်း အရေးပါကြောင်း ရာဇကုမာရ်သဘောပေါက် သည်။ မိမိ၏ ခမည်းတော်မင်းကြီးမှာလည်း အိုမင်းမစွမ်း လေပြီ၊ စစ်မြေပြင်၌ အောင်နိုင်ခဲ့သော မင်းကြီးသည် ယခု သမင်းနှင့် စစ်ခင်းရချိန်၌ မရှုံးနိုင်ဟုပြော၍ မဖြစ်။ သေခြင်းကို နိုင်ယူနိုင်သောသူဟူ၍လည်း မရှိ။ ယခုဝေဒနာနှိပ်စက်ခြင်းသည် သမင်းနှင့် စစ်တလင်းဝယ် စစ်ခင်းရန် စိန်ခေါ်နေခြင်းပင်သတည်း။

ထို့ကြောင့် ခမည်းတော်မင်းကြီးအား လောကုတ္တရာနည်း
လမ်းဖြင့် ကျေးဇူးတုံ့ပြန်ခြင်းသည် အကောင်းဆုံးဖြစ်ရာသည်။
လောကုတ္တရာနည်းတွင်လည်း ရှေးအစဉ်အဆက်ကပင် တွင်ကျ
ခဲ့လျက် မင်းကြီးကိုယ်တော်တိုင်လည်း စိတ်ဝင်တစားရှိလှသော
ဘုရားဆင်းတု သွန်းလုပ်လှူဒါန်းခြင်းပင်လျှင် အကောင်းဆုံးဖြစ်ရာ
သည်။

ရာဇကုမာရ်သည် ဤကဲ့သို့ ဆင်ခြင်ဆုံးဖြတ်ပြီးသော် ...
မိမိပိုင်ဆိုင်သော လက်ဝတ်ရတနာရွှေထည်ပစ္စည်း၊ မိခင်သမ္ဘူလ
ဆက်ခံရရှိသော အမွေပစ္စည်းအစုစုတို့ကို ပေါင်းစု၍ ရွှေဆင်းတု
တစ်ဆူသွန်းလောင်းတော် မူလေ၏။ အချို့ရာဇဝင်ကျမ်းများ၌ ကျန်
စစ်မင်းကြီး၏ အလေးချိန်နှင့် အမျှရှိသော ဆင်းတုဟု ဖော်ပြ
ထားသော်လည်း ဖြစ်နိုင်ဖွယ် မရှိပေ၊ သမ္ဘူလမိဖုရား၏ ပိုင်ဆိုင်
မှုနှင့် ရာဇကုမာရ်၏ ပိုင်ဆိုင်မှု ထုထည်မှာ ဤမျှလောက် ရှိနိုင်မည်
မထင်ပေ။

ကျောက်စာတို့၌ ရွှေဆင်းတုတစ်ဆူဟုသာ တွေ့ရ၏။ ထို
ရွှေဆင်းတုပြုလုပ်ပြီးနောက် မင်းကြီးရှိရာသို့ ယူဆောင်သွားသည်။
ထိုစဉ်တွင် ကျန်စစ်သားမင်းကြီးသည် ရောဂါဝေဒနာ နှိပ်စက်သဖြင့်
အသည်းအသန်ဖြစ်လျက် ခံစားနေရရှာလေပြီ။



ခမည်းတော်ရှေ့၌ ရွှေဆင်းတုကို အသာအယာချထိုက် မင်းကြီး
သည် ရွှေဆင်းတုကိုလည်းကောင်း၊ သားရာဇကုမာရ်ကိုလည်းကောင်း
မျက်လုံးကို အားယူဖွင့်လျက် ဝေ့ဝဲစွာ ကြည့်လေ၏။

"ခမည်းတော်ဘုရား၊ ... ဤရွှေဆင်းတုတော်သည် သားတော်
နှင့် မယ်တော်တို့၏ ပိုင်ဆိုင်မှုဖြစ်သော လက်ဝတ်တန်ဆာ အမွေ
ပစ္စည်းတို့ကို စွန့်လွှတ်၍ သွန်းလုပ်ခဲ့ပါသည်ဘုရား"

ရွှေဆင်းတုအား ကျန်စစ်မင်းကြီး ခုတင်သို့ အပ်နှံ၍ လက်ဖြင့်
ထိတ်ကိုင်စေပြီးသော် ...

"သားတော်ကို မွေးသော မင်းကြီး၏ ကျေးဇူးတော်ကို
အတိရ အောက်မေ့၍ ဤရွှေအတိမှုသော ဘုရားသခင်ဆင်းတု
တော်ကို သားတော်ပြုလုပ်ခဲ့သည်မှာ မင်းကြီးအဖို့ ဖြစ်ပါသည်၊
သားတော်အား မင်းကြီး ပေးသနားခဲ့သော ကျွန်သုံးရွာတို့ကိုလည်း
ဤဘုရားထံ သားတော်လှူပါသည်။ မင်းကြီးအနုမောဒနာ ပြုပါ
လော့"

ဤသို့ လျှောက်ထားလေရာ မင်းကြီးလည်း နှလုံးချမ်းမွေ့ကာ
မှိတ်ထားသောမျက်လုံးအိမ်မှ မျက်ရည်စတို့ဖြင့် -

"ကောင်းလှေ့တည်း၊ ကောင်းလှေ့တည်း"

ဟူ၍ သာဓုအနုမောဒနာ ပြုလေသည်။

မင်းကျန်စစ်၏ ရင်တွင်း၌ မည်သို့ခံစားနေရ ဖြစ်မည်ကို မသိနိုင်သော်လည်း မိမိကျေးဇူးရှင်အား ကျေးဇူးတုံ့ပြန်ဆပ်ခွင့် ရလိုက်သဖြင့် ပီတိအဟုန်ဖြစ်ရသူမှာ ရာဇကုမာရ်မင်းသားပင်ဖြစ်သည်။ သားနှင့်အဖ သံယောဇဉ်နှောင်ကြိုးအား သေခြင်းတရားသည် တခဏ အတွင်း၌ပင် ဖြတ်တောက်သွားခဲ့လေသည်။

ကျန်စစ်မင်းကြီးသည် သာဓုအနုမောဒနာ ပြုပြီး၍ များမကြာမီ ကာလ၌ပင် ဘဝနတ်ထံသို့ ပျံလွန်လေရာ၊ ပုဂံပြည်ကြီး၏ ဆည်းဆာ ရိပ်တို့သည် မှုန်ရီဝေဝါးသွားခဲ့လေတော့သည်။ ဤသို့ဖြင့် ကျန်စစ်မင်းကြီးသည် သက်တော် ၈၅ နှစ်အရ အိမ်နိမ့်စံ ၆၀၊ နန်းစံသက် ၂၈ ဖြင့် အနိစ္စရောက်ခဲ့လေသတည်း။

ကျန်စစ်မင်းကြီး အနိစ္စရောက်သိမ်းကာလ၌ နိမိတ်ထူးသည်ကား ပြာသာဒ်အထက်ဖျားမှ ဘီလူး ၃ ကောင်တို့ ကိုယ်ထင်ပြလေ၏။ အင်္ဂါကြယ်နှင့် စနေကြယ်တို့သည် ကောင်းကင်၌ ခွပ်ကြကုန်၏။

**မှတ်ချက်။ ဇာတာပုံရာဇဝင်တွင် ကျန်စစ်သားမင်းကို AD ၁၀၃၀ ခုနှစ်၌ ဖွားမြင်၍ ရာဇဝင်မှာရ ကျောက်စာအရ ၁၁၁၃ ခုနှစ်တွင် နတ်ရွာစံသဖြင့် သက်တော်အားဖြင့် ၈၃ နှစ်၌ နတ်ရွာစံခဲ့ခြင်းဟု ဖော်ပြသည်။**





ရာဇကုမာရ်သည်လည်း မင်းကြီးအတွက် ရည်စူးလှူဒါန်းခဲ့သော ရွှေဆင်းတုတော်အား စေတီတော်တစ်ဆူတည်၍ ဌာပနာခဲ့လေ၏။ ရွှေဘုရားကို ဌာပနာသည့်စေတီနှင့် ဂူကို "အရမစေတီ" (မြစေတီ) ဟု ဘွဲ့အမည်ပေးခဲ့လေ၏။

◆ ◆ ◆ ◆ ◆

# ကောင်းမှုမှတ်တမ်း (သို့မဟုတ်)
# မြစေတီကျောက်စာ

ကျွန်စစ်မင်းကြီး ကွယ်လွန်တော်မူပြီးနောက် တစ်နှစ်ကြာသော အခါတွင် ကောဇာသက္ကရာဇ် ၄၇၅ ခုနှစ်၌ သားတော်ဖြစ်သော ရာဇကုမာရ်သည် ကျောက်စာရေးထိုး စိုက်ထူခဲ့သည်။ ထိုကျောက်စာသည် ရာဇဝင်သမိုင်း၌ များစွာတန်ဖိုးဖြစ်နိုင်ခဲ့သော ကျောက်စာအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ထိုကျောက်စာ၌ ပျူ၊ မြန်မာ၊ ပါဠိ၊ မွန် ဘာသာ ၄ မျိုးဖြင့် ၄ မျက်နှာစီတွင် ရေးထိုးထားခဲ့ပြီး သမိုင်းသုတေသီတို့အတွက် လွန်စွာတန်ဖိုးကြီးမားခဲ့သည်။

ထိုကျောက်စာကို မြစေတီဘုရားအနီးတွင် တွေ့ရသောကြောင့်






"မြစေတီကျောက်စာ"ဟုလည်းကောင်း၊ ရာဇကုမာရ်ကျောက်စာဟု လည်းကောင်း ခေါ်ဝေါ်သမုတ်သည်။ ထိုမြစေတီကျောက်စာပါ ရေးထိုးထားသော ခုနှစ်သက္ကရာဇ်တို့ကြောင့် ပုဂံရာဇဝင် အမှားများကို ပြန်လည်တိုက်ဆိုင် ညှိနှိုင်းခွင့် ရခဲ့သဖြင့် တန်ဖိုးကြီးသော ကျောက်စာဖြစ်ခဲ့သည်။

ရာဇကုမာရ်သည် ဇေယခေတ္တရာဘွဲ့ဖြင့် ထီးနန်းကို မဆက်ခံ ရသော်လည်း အဖိအဖ၏ ဂုဏ်ကျေးဇူးကို မည်မျှသိတတ်၊ ရိုသေ ကိုင်းရှိုင်းတတ်သော သားကောင်းရတနာဖြစ်ကြောင်းကို မြစေတီ ကျောက်စာက သက်သေခံပေသည်။ ရာဇကုမာရ် ရေးထိုးသွားခဲ့ သော ဤမြစေတီကျောက်စာသည်လည်း ကံကောင်းထောက်မ သဖြင့် ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး။ ဤကျောက်စာသာ မတွေ့ရှိခဲ့ ရပါက ပုဂံမင်းဆက်တို့၏ သက္ကရာဇ်အမှန်ကိုလည်းကောင်း၊ မွန် မြန်မာ ဆက်ဆံရေးနှင့် အခြားသော တိုင်းနိုင်ငံအရေးတို့ကို သိမြင် နိုင်တော့မည် မဟုတ်ပေ။

AD ၁၈၈၆-၈၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် ရန်ကုန်အစိုးရကောလိပ် ပါဠိစာပေပါမောက္ခနှင့် အစိုးရကျောက်စာဝန် အဖြစ် တွဲဖက်ဆောင်ရွက်ရသော ဂျာမန်ပညာရှိ ဒေါက်တာ "ဖိုသျှမ်းမာ"သည် ပုဂံမြို့တောင်ဘက်၊ မြင်းကပါရွာအနီး မြစေတီ

မြေရှင်း၌ ကပ်လျက်နေသော ကျောက်စာတိုင်ကို တော်တွေ့ရှိကြောင်း သိရ၏။ ထိုကျောက်စာတိုင်ကို ပုဂံပြတိုက်တွင် သိမ်းဆည်းထားသည်။

ဒုတိယမိတ္တူဖြစ်သော မြစေတီလေးထောင့်ကျောက်စာတိုင်ကို မူကား ဂူပြောက်ကြီးလိုဏ်ဂူအတွင်းမှာ အပိုင်း ၄ ပိုင်းကျိုးပြတ်လျက်နေပြီးလျှင် ပထမအကြိမ်၌ အောက်နှစ်ပိုင်းကိုသာ တွေ့ရကြောင်း သိရသည်။



မြစေတီ(က)ကျောက်စာတိုင်ပုံ(မျက်နှာလေးဘက်)ရှိသည်။





တစ်ဖန် AD ၁၉၀၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် ပြိုပျက်နေသော မြစေတီမဟာရံတံတိုင်းကို ပြင်ဆင်သောအခါ ဒုတိယအကြိမ်၌ ကျန်နေသည့် ကျောက်စာထိပ်ပိုင်းကို ထိုတံတိုင်းပျက်အတွင်းမှရသဖြင့် ဒုတိယမိတ္တူကျောက်စာတိုင်မှာ စုံလင်သွား၏။ ယင်းကျောက်စာတိုင်၏ အောက်ခြေဝတ်တိုကိုမူ မြစေတီ၏ အရှေ့ဘက်မြေရှင်း၌ ကပ်လျက်ရှိသော ဗိုလ်ကက်တိုက်ဟု ယူဆရသည့် အဆောက်အအုံဟောင်းထဲတွင် ထောင်လျက်တွေ့ရသည်။

ကျောက်စာတိုင်တစ်တိုင်တွင် ၄ မျက်နှာရှိရာ၊ တစ်မျက်နှာလျှင် ဘာသာစကားတစ်မျိုးစီရှိလျက် ပါဠိ၊ မြန်မာ၊ မွန်နှင့် ပျူစာ ၄ မျိုး ရေးထိုးထားသည်။ ပထမကျောက်စာတိုင်ကို (က)ဟု အမှတ်အသား သင်္ကေတပြု၍ ဒုတိယမိတ္တူ ကျိုးပဲ့နေ၍ ဆက်ထားသည့် ကျောက်စာတိုင်ကို (ခ)ဟု ဒေါက်တာစီအိုဗလက်ဒင်က အသိအမှတ်ပြုခဲ့သည်။

(က)ဟုခေါ်သော ပထမကျောက်စာတိုင်ကို ပုဂံမြို့ ကျောက်စာပြတိုက်သို့ ရွှေ့ပြောင်းထား၏။ (ခ)ဟုခေါ်သော ဒုတိယကျောက်စာတိုင်ကိုမူ ယခုအခါ မြင်းကပါ မြစေတီရင်ပြင်ပေါ်တွင် စိုက်ထူထား၏။ (ခ)ကျောက်စာတိုင်သည် (က)ကျောက်စာတိုင်၏ မိတ္တူပင်ဖြစ်သည်မှာ ထင်ရှားသည်။

ယင်းကျောက်စာတိုင် ၂ တိုင်ရှိသည့်အနက် ပုဂံပြတိုက်တွင် ရှိသော (က)ကျောက်စာတိုင်သည် လေးထောင့်မတ်ရပ်ကျောက်စာ တိုင်ဖြစ်၍ ၄ ဘက်မျက်နှာပြင် အကျယ်ချင်းညီသည်။ အမြင့် ၅ ပေ၊ ၁၀ လက်မ ... စာမျက်နှာပြင်အမြင့် ၃ ပေ၊ ၆ လက်မ၊ အကျယ် ၁ ပေ ၂ လက်မခန့်ရှိသည်။ ပါဠိစာမျက်နှာ၌ စာကြောင်း ရေ ၄၁ မျက်နှာ။ မြန်မာစာမျက်နှာတွင် စာကြောင်းရေ ၃၉ မျက်နှာ။ မွန်ဘာသာစာမျက်နှာတွင် စာကြောင်းရေ ၃၃ မျက်နှာ။ ပျူဘာသာစာမျက်နှာတွင် စာကြောင်းရေ ၂၆ မျက်နှာ။ အသီးသီး ပါဝင် ရေးထိုးထားသည်။

မြစေတီရင်ပြင်ပေါ်၌ရှိသော (ခ)ကျောက်စာတိုင်မှာမူကား- မတ်ရပ်လေးထောင့်ကျောက်တိုင်ဖြစ်၍ ကျောက်စာစာမျက်နှာ ၂ ဖက်သည် ပိုမိုကျယ်ပြန့်လျက် ကျန် ၂ ဖက်မှာ ကျဉ်းလေသည်။ အကျယ်ဘက် ၂ ဖက်တွင် ၁ ပေ၊ ၈ လက်မခန့်ရှိ၍ အကျဉ်း ဘက်၌ ၁၀ လက်မခွဲမှ ၁၂ လက်မအထိသာ ရှိချေသည်။ အကျယ်မျက်နှာပြင်ဘက်၌ စာမျက်နှာပြင် ၄ ပေ၊ ၄ လက်မခန့် ရှိ၍ ၁ ပေ ၇ လက်မခွဲခန့် ကျယ်ပြန့်လေသည်။

အကျယ်ဘက်တွင် ပါဠိနှင့် မြန်မာစာများကို ရေးထိုး၍ အကျဉ်းဘက်တွင် မွန်နှင့်ပျူစာတို့ကို ရေးထိုးထားသည်။ ပါဠိ



မျက်နှာမှာ စာကြောင်းရေ ၄၀ ရှိ၏။ မြန်မာစာမျက်နှာတွင် စာ ကြောင်းရေ ၃၄ ကြောင်း ရှိသည်။ မွန်စာမျက်နှာတွင် စာကြောင်းရေ ကြောင်းနှင့် ပျူစာမျက်နှာတွင် စာကြောင်းရေ ၂၉ ကြောင်း အသီးသီး ရေးထိုးထားသည်။

မြစေတီပါဠိ(က)နှင့် (ခ)စာမျက်နှာများ စာလုံးပေါင်း မူကွဲများ နည်းငယ် တွေ့ရသည်။ (ခ)မျက်နှာသည် သုံးပိုင်းကျိုး၍ နေသည် ဆက်ထားရသော်လည်း (က)စာမျက်နှာနှင့် တိုက်စစ်ကြည့် သည့် ခါ၌ များစွာ အကျိုးရှိသည်ကို တွေ့ရ၏။ ယှဉ်တွဲ၍ ဖတ် ကြည့်ရသဖြင့်လည်း စာလုံးပေါင်းအတွက် ပိုမိုစိတ်ချရသည်။

ရာဇကုမာရ်သည် သူ၏စိတ်တွင်း ခံစားမှု၊ ကုသိုလ်ရေးရာနှင့် ကောင်းစား စသည်တို့ကို ရေးထိုးဖော်ပြခဲ့ရာ မြန်မာတို့၏ စာဇဝင်မှာတွင်မကာ၊ ကမ္ဘာထိပင်ကျော်ကြားထင်ရှားသွားခဲ့သည်။

မြစေတီကျောက်စာ၏ အကြောင်းရာတို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပေသည်။

◆ ◆ ◆ ◆ ◆

# ရာဇကုမာရ်ကျောက်စာ (သို့မဟုတ်) မြစေတီကျောက်စာပါဠိမှ မြန်မာပြန်ဆိုချက်

အကြောင်းရေ ၁ မှ ... ဘုရားအစယှိသော ရတနာမြတ်
အကြောင်းရေ ၃ ထိ သုံးပါးအပေါ်ကို ရှိခိုးပြီး၍ ရာဇကုမာရ်ဟု ရအပ်သော-အမည်ယှိသော မင်းသားသည် မြတ်စွာဘုရား သာသနာတော်၌ သေချာ အနှောင့်အယှက် မယှိဘဲ အကြင်ကုသိုလ်ကောင်းမှုကို ပြုအပ်၏ ထိုကုသိုလ်ကောင်းမှုကို ပြဆိုပေအံ့ နာကြတုန်လော့။



အကြောင်းရေ ၃ မှ ... လောကအသုံး၏ ကိုးကွယ်ရာဖြစ်
အကြောင်းရေ ၆ ထိ တော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှ တစ်ထောင့်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ်လွန်သောအခါ၌ ရန်သူအပေါင်းကို နှိမ်နင်းအောင်မြင်ရာ အရိမဒ္ဒန အမည်ယှိသော ပုဂံပြည်၌ မြတ်သောနေမျိုးနွယ်ဖြစ်သော ကြီးမားသော ဘုန်းလက်ရုံးအစွမ်းရှိသော တိဘုဝနာဒိစ္စမင်းတြားကြီးသည် ဖြစ်ပေါ်ခဲ့လေပြီ။

အကြောင်းရေ ၆ မှ ... ထိုမင်းကြီးအား ဦးဆောက်ပန်း
အကြောင်းရေ ၁၂ ထိ အမည်ယှိသော တစ်ယောက်သော မြတ်နိုးဖွယ် မိဖုရားသည်ယှိ၏ ထိုဦးဆောက်ပန်းအမည်ရှိသော မိဖုရားသည် ဘုရင်မင်းမြတ်၏ အကျိုးစီးပွားကို ရှာမှီးလေ့ရှိ၏ အလုံးစုံသော ကိစ္စတို့၌ လိမ္မာ၏

ထိုမိဖုရားတွင် အပည်အားဖြင့် ရာဇကုမာရ်မည်သော တစ်ယောက်သော သားသည် ယှိ၏။ ထိုမင်းသားသည် မင်းမှုရေးရာတို့၌ မင်းနှင့်တကွ ကြောင့်ကြအားထုတ် မြူလုပ်တတ်သော အမတ်လည်းဖြစ်၏။ သတိတရားရှိ၏။ အမြော်အမြင် ပညာရှိ၏။ ထိုဘဝရှင်မင်းတြားကြီးသည် မိဖုရားအား ကြည်ညိုသည်ဖြစ်၍ အခါခပ်သိမ်း ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှာ ရှာသုံးရှာကို ပေးသနားတော်မူလေပြီ။

အကြောင်းရေ ၁၇ မှ … အကြောင်းရေ ၁၈ ထိ

ထိုမိဖုရား မမြဲခြင်း (သဘောယှိသော)သေမင်းအလို နိုင်ငံသို့လိုက်ရသည် ယှိသော် … ရာဇကုမာရ်မင်းသားအား ရှာသုံးရွာကို တဖန်အပိုင်စားပေးပြန်၏။ ထိုမင်း



ကြီးသည် နှစ်ဆယ့်ရှစ်နှစ်တို့ပတ်လုံး တရားသဖြင့် မင်းအဖြစ်ကို ပြုပြီး၍ သေခြင်းအဆုံးယှိသော အနာရောဂါ၏ အလိုသို့ကျရောက်ခဲ့သည်ယှိသော် … မင်းကြီး၏ ကြီးကျယ်သော ဂုဏ်အစုကို အောက်မေ့သည်ဖြစ်၍ မြတ်စွာဘုရား၏ အလုံးစုံ ရွှေခြင်းပြီးသော တင့်တယ်သော ဆင်းတုတော်ကို ပြုလုပ်စေ၍ ကောင်းသောစိတ်နှလုံးယှိသော ထိုမင်းသားသည် ထိုဆင်းတုတော်ကို ကြီးစွာသော ပူဇော်သက္ကာရခြင်း ပြု၍ မင်းမြတ်သို့ ကပ်ပြီးလျှင် မိမိ၏ အကြံအစည်ကို လျှောက်ထားလေပြီ။

အကြောင်းရေ ၁၉ မှ … အကြောင်းရေ ၂၀ ထိ

အရှင်မင်းမြတ်၊ အရှင်မင်းကြီး တို့၏ အဝိုပြု၍ ရွှေဖြင့်ပြီးသော ဆင်

တယ်သော ဤမြတ်စွာဘုရား
ဆင်းတုတော်ကို ပြုလုပ်ခဲ့
အရှင်မင်းကြီး(တို့)သည် မြ
သောကောင်းမှုကို ဝမ်းမြောက်
ဝမ်းသာ အနုမောဒနာ ပြုပါကုန်
လော့။

အကြောင်းရေ ၂၁ မှ ... အကြောင်းရေ ၃၀ ထိ

အရှင်မင်းမြတ်၊ အရှင်မင်းမြတ်
သည် ရှေးအခါ၌ အကျွန်ုပ်အား
ရှာသုံးရှာကိုလည်း ပေးအပ်ပါ
အကျွန်ုပ်သည် ရှာသုံးရှာကိုလည်း
ဤမြတ်စွာဘုရားအားသာလျှင်
လှူဒါန်းပါ၏။ ထိုကောင်းမှုကိုလည်း
ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ
ပြုပါကုန်လော့။ ဤသို့ လျှောက်
ဆိုအပ်သည်ရှိသော် ... ရောဂ
ဖြင့် နာကျင်သော စိတ်ရှိသော
မင်းကြီးသည် နှစ်သက်ရွှင်လန်း
သည်ဖြစ်၍ ဝမ်းမြောက်သည် ရှိ



သာဓု သာဓုဟုဆိုပြီး၍ သနား
လွန်ကဲတော်မူသော မဟာထေရ်
ဖြစ်တော်မူသော မုဂ္ဂလိပုတ္တမည်
သော မထေရ်သည်လည်းကောင်း၊
ကောင်းသောပညာရှိသည့်အဖြစ်
ကြောင့် သုမေဓာဟူ၍ ရအပ်သော
အမည်ရှိသော မထေရ်သည်
လည်းကောင်း၊ ထိုမှတပါး ပညာ
ယှိသော ဗြဟ္မပါလမထေရ်သည်
လည်းကောင်း၊ ပြည့်စုံသော သီလ
ရှိသော ဗြဟ္မဒေဝမထေရ်သည်
လည်းကောင်း၊ များသော အကြား
အမြင်ရှိသော နမထေရ်သည်
လည်းကောင်း၊ မြတ်သော ပညာရှိ
တော်မူသော သံဃသေနအမည်
ယှိသော မထေရ်သည်လည်း
ကောင်း ယှိတော်မူ၏၊ ထိုမထေရ်
ဖြစ်သော ရဟန်းတို့၏ [illegible]

ဋ္ဌ ကောင်းသောစိတ်နှလုံးရှိသေ
ထိုမင်းကြီးသည် မြေအပြင်၏
သက်သေပြု၍ ရေစက်သွန်း
တော်မူလေ၏။

အကြောင်းရေ ၃၀ မှ ... ထိုနောက်မှ၊ ထို(ရာဇကုမာ
အကြောင်းရေ ၃၃ ထိ မည်ဂ အမတ်ကြီးသည်
ဝင့်ဟယ်သော ... ရွှေဖြင့် ပြီ
သော ဆင်းတုတော်ကို ဌာ
ထားပြီး၍ ရွှေအထွတ် စူ
ပြုလုပ်စေလေပြီ။ ဆင်းတုတော်
ဓာ်၄င်း၊ ဂူ၏၄င်း၊ ပူဇော်ခြင်း မင်္ဂလာ
ပြုပြီး၍ ဘဝတည်းဟူသော
သံသရာ၌(၏) အကြောင်း
လေးပါးတို့သည် ငြိမ်းအပ်သော
ဘဝသံသရာ၌ ငြီးငွေ့သည်ဖြစ်
၍သို့ ဆုတောင်းခြင်းကို ပြု

အကြောင်းရေ ၃၃ မှ ... ၍ကောင်းမှုကိုပြုသော ငါသည်
အကြောင်းရေ ၄၁ ထိ အကြင်ကုသိုလ်ကောင်းမှုကို ဆည်း





ပူးအပ်၏။ ထိုဆည်းပူးအပ်သော
ကုသိုလ်ကောင်းမှုသည် သဗ္ဗညုတ
ဉာဏ်တော်ကို ထိုးထွင်း၍ သိခြင်း
ငှာအကြောင်း-အထောက်အပံ့
ဖြစ်ပါစေသတည်း။ ငါသည် ရှာ
သုံးရှာ၌ နေကုန်သော အကြင်မျှ
လောက်ကုန်သော ကျွန်ပ်တို့ကို
မြတ်စွာဘုရား၏ ရုပ်ရှိသော ရွှေ
ဆင်းတုတော်အား လှူ၍နိုးပါကုန်
၏၊ ငါ၏သားသည်၄င်း၊ ငါ၏မြေး
သည်၄င်း၊ ထိုမှတပါးသော ဆွေမျိုး
ဉာတိသည်၄င်း၊ အမှတ်မထင်
အကြင် တစ်ဦးတစ်ယောက်သော
မကောင်းသော အကြံအစည် ယို
သော၊ မကြည်ညိုသောစိတ် ယို
သောသူသည်၄င်း၊ ထိုကျွန်တို့အား
ဘေးဥပါဒ်ကို ပြုကုန်အံ့။ ထို
ယုတ်မာသောသူသည် အမြဲ နှစ်

ပြောင်းယှိသော လူတို့၏ အမှူ
ဖြစ်သော မေတ္တာယျဘုရားရှင်အား
ပူးမြင်ခြင်းကို မရပါစေသတည်။

ဝ ။

မှတ်ချက်။ မြစေတီကျောက်စာပါ ပါဠိဘာသာ မျက်နှာမှ ယဉ်ကျေးမှု ဗိဟာ ဌာနကြီးရေးဝန် သိရိ ပျံချီ ဦးသာမြတ် M.A.B.Ag:(Bam) မြန်မာဘာသာသို့ ပြန်ဆိုသည်။





ပုဂံပြတိုက်ရှိ မြစေတီပါဠိကျောက်စာ(က)မျက်နှာကို ကူးယူထားပုံ ပုံ(၁)

◆ ◆ ◆ ◆ ◆

# သားလိမ္မာ ရာဇကုမာရ်

အနော်ရထာမင်းမှ အစပြု၍ ကျန်စစ်သားမင်းလက်ထက် တော်တို့၌ ပျူစာပေအပြင် မွန်စာပေမှာ များစွာ ထွန်းကားလာ ခဲ့ပြီး ရှေ့တန်းသို့ ရောက်လာခဲ့သည်။ ကျန်စစ်သားလက်ထက်၌ မွန်ဘာသာစာပေကို အုတ်ခွက်စဉ့်ကွင်း၊ ကျောက်စာများမှာသာ တွေ့ရသည် မဟုတ်။ မှင်စာများလည်း တွေ့ရသေးကြောင်း အထောက်အထားများက ပြဆိုနေပေသေးသည်။

ကျန်စစ်သားမင်းကြီး၏ ထင်ရှားသောကောင်းမှုတော်ဘုရား တစ်ဆူမှာ နဂါးရုံဘုရားဖြစ်သည်။ အပယ်ရတနာအမည်ရှိသော မိဖုရားက အပါယ်ရတနာစေတီကို တည်ခဲ့ရာ မဟာယာန အငွေ့ အသက်များစွာ တွေ့ခဲ့ရသည်။ မင်းကြီး၏ နဂါးရုံဘုရားတွင်မူ






သိဂိုဠ်ထေရဝါဒ အယူအဆ၊ အမူအရာများစွာ တွေ့ရပြန်သည်။ ထိုဘုရားနံရံ၌ ရေးခြယ်ထားသော ဗုဒ္ဓဝင်အဖြစ်အပျက်များ၊ ဇာတက ဇာတ်လမ်းများကို အကြောင်းပြုလျက် ထိုသို့ မိန့်ဆိုကြခြင်း ဖြစ်သည်။

ရုပ်ပုံများအောက်တွင် တွေ့ရသော မွန်စာတန်းများမှာ အာနန္ဒာ စဉ့်ကွင်းစာတန်းများနှင့် မထူးလှပေ။ မည်သည့်အကြောင်းရာကို ဖော်ပြသည့် ရုပ်ပုံဖြစ်ကြောင်း ရိုးစားမိရုံ ကိုတိုသာ ရေးထား သည်။ မည်သည့်ကောင်းမှု မှတ်တမ်းရေးထိုးသည်ဖြစ်စေ မွန် ဘာသာကို လက်မလွှတ်တတ်သည်မှာ မင်းကြီး၏ အလေ့အကျင့် ဖြစ်သည်။

ကျန်စစ်သားမင်းကြီးကိုယ်တိုင်ကပင် မွန်ဘာသာကို ဦးစွာ အားပေးအားမြှောက်ပြုနေသောအခါ ပြည်သူအများလည်း မင်းကြီး၏ နည်းကိုလိုက်ခဲ့ပေမည်။ အထူးသဖြင့်ကား သားတော်ရာဇကုမာရ် မင်းသားဖြစ်သည်။ ထိုသားတော်သည် ဖခင်အား ကျေးဇူးဆပ်သည့် အနေဖြင့် ဘုရားနှစ်ဆူ တည်ခဲ့သည်။ တစ်ဆူမှာ မင်းအိုးချမ်းသာ ဘုရားဖြစ်ပြီး၊ ကျန်သောတစ်ဆူမှာ ဂူပြောက်ကြီးဘုရားဖြစ်သည်။ ထိုဘုရားများ၏ အတွင်း၊ အပြင်နံရံတို့၌ ရုပ်ပုံမင်းဆိုင်ရာများ ရေးဆွဲထားသည်ကို တွေ့နိုင်သည်။



သားတော်ရာဇကုမာရ်တည်ခဲ့သော ဂူပြောက်ကြီးဘုရား
မွန်ဘာသာဖြင့် နံရံဆေးရေးပန်းချီကားတို့ များစွာတွေ့နိုင်သည်။

ရုပ်ပုံများနှင့်ဆိုင်သော အကြောင်းအရာကို ပုံများအောက်တွင် မွန်ဘာသာဖြင့် မင်စများ ရေးထားသည်။ ဂူပြောက်ကြီးဘုရား ရုပ်ပုံများ၊ မင်စာများသည် ရာဇကုမာရ်မင်းသား၏ ပညာပဟာဏကို ထုတ်ဖော်ပြရာလည်းဖြစ်သည်။

ရာဇကုမာရ်ကို စာပေလေ့လာမှု၌ ဝါသ၊ ာထုံသော မင်းသား



ာစ်ပါးအဖြစ် သုတေသီတို့က မှတ်ယူကြသည်။ ဂူကြီးဘုရား
ဲဘုံမမှုရာဇာမင်းလက်ထက်က တူရွင်းတောင်ခြေ အနောက်မြောက်
ာက် မြကန်အနီးတွင် စတ္တုတိုက်ခေါ် ပိဋကတ်တိုက် ရှိခဲ့သည်။
ထိုပိဋကတ်တိုက်မှာပင် ရာဇကုမာရ်မင်းသားသည် ဆရာတော်
သံဃာတော်ကြီးများ၏ နည်းနာကို ခံယူလျက် ပညာလေ့လာ
ွားများလိမ့်မည်ဟု ယုံကြည်ရသည်။

ထိုသို့ မှန်းဆနိုင်အောင်လည်း ဂူပြောက်ကြီးဘုရား မင်စာ
(မွန်စာ)များမှာ အကြောင်းရာ စုံလင်လှသည်။ ဗုဒ္ဓကျမ်းစာ [illegible]
ွတွင် မည်မျှအထိ ခရီးရောက်ခဲ့သည်ကိုလည်း ဤမင်စာများ [illegible]
သက်သေထူလျက်ရှိသည်။ မိမိလေ့လာထားသမျှကို မင်စာ [illegible]
သရုပ်ဖော်တင်ပြရာတွင်လည်း ရာဇကုမာရ်၏ စိတ်ကူး [illegible]
ဆန်းကြယ်ကြယ် ရှိသည်။ ပသေနဒီကောသလမင်း၏ [illegible]
အသောက်စာရင်းမှာ ပြုံးရွှင်ကြည်နူးဖွယ်ရာဖြစ်သည်။

ရဟန္တာကို ပြိတ်များ၍ လိင်အပြောင်းအလဲ ဖြစ်ပုံမှာ [illegible]
ရစရာဖြစ်သည်။ ထို့အတူ ဝိသာခါအကြောင်း၊ [illegible]
အကြောင်းတို့မှာ အံ့ဩစရာဖြစ်သည်။ ပြောစရာများ [illegible]
အကျဉ်းစီသာ ပြောရသဖြင့် ရသခံစားနိုင်[illegible]
ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားနိုင်စွမ်း [illegible]

အတိုင်းအတာတစ်ရပ်အထိ လေ့လာဖတ်ရှုသူတို့ ခံစားနိုင်သော အရေးအသားမျိုးဖြစ်သည်။

ရာဇကုမာရ်၏ လေ့လာမှုမှာလည်း ဗုဒ္ဓဝင်ကျမ်းစာများမှာသာ တန့်မနေ၊ သီဟိုဠ်မဟာဝင်ကျမ်းများကိုလည်း လေ့လာလိုက်စားသေးကြောင်း တွေ့နိုင်သည်။ မဟာဝင်ကျမ်းလာ သီဟိုဠ်ရာဇဝင်ဆိုင်ရာ အချက်အလက်အချို့ကို ဤမှင်စာများ၌ တွေ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဂူပြောက်ကြီးမင်စာများကို အကြောင်းပြုလျက် ပါမောက္ခဂျီအိပ်ချ်လုစ်(စ်)က ရာဇကုမာရ်ကို ဤသို့ အမျိုးမျိုး သုံးသပ်ခဲ့ဖူးသည်။

"ဘုရားတွင် ရေးထားသော ရာဇကုမာရ်၏ စာအားလုံးမှာ မွန်ဘာသာနှင့် ဖြစ်သည်။ သို့သော် အမူအကျင့်က မွန်အမူအကျင့်မဟုတ်။ ဗမာဖြစ်သည်။ ဗမာပညာရှင်များမှာ သက္ကရာဇ်အတိအကျနှင့် ပုံစံစနစ် အတိအကျ ချလုပ်တတ်သည်။

ရှင်သီလဝံသကို နမူနာကြည့်။ ရာဇဝင်ကျော်တွင် အတော်များများက မင်းစဉ်မင်းဆက်ဇယားဖြစ်သည်။ ရာဇကုမာရ်တွင်လည်း ထိုစိတ်ဓာတ်မျိုးရှိသည်။ ခမည်းတော်မင်းကြီးလို ဘာသာရေးကို အနက်အနဲ စိတ်ဝင်စားဟန် မရှိ။ အာနန္ဒာ



ဘုရားတွင် တွေ့ရသည့် ဆင်းတုတော်များ၊ စီတန်းထားရှိပုံမျိုး ရာဇကုမာရ်ဘုရားတွင် မတွေ့နိုင်။ ပန်းချီရုပ်ပုံ မှန်သမျှသည် ဇာတ်လမ်းဇာတ်ကွက်နှင့်ချည်းဖြစ်သည်။ အောက်ခြေတွင် ရှင်းပြထားသော မင်စာစာတန်းကလည်း ပါသေးသည်။

သုတ္တန်အပါအဝင် ဗုဒ္ဓဘာသာ၏ အနှစ်အသားဖြစ်သော အပိုင်းများကို ချန်ထားသည်။ အဘိဓမ္မာအကြောင်းရေးစရာ ရှိလျှင်ပင် အပေါ်ယံအကြောင်းအရာမျှသာဖြစ်သည်။ တရားဓမ္မကို မရေး။ ဝိနည်းတော်အကြောင်းရေးသည့်အခါတွင်လည်း ရာဇကုမာရ် ဂရုမူထားသည်မှာ ဝိနည်းတော်များ ပညတ်ရာ နေပြည်တော်များဖြစ်သည်။

စင်စစ်အားဖြင့် ရာဇကုမာရ်သည် ဘွင်းဘွင်းသမားကြီး ဖြစ်သည်။ အသိပညာကို အကန့်အသတ်မဲ့ ရှာဖွေနေသူ ဖြစ်သည်။ သံသယများ၊ အယူသည်းမှုများနှင့် အမှောင်ကျနေသော ရှေးဟောင်းလောကမှ ခွာထွက်၍ တကယ့်သမိုင်းမှန် ထွန်းကားရာ အလင်းလောကသို့ ခရီးသွားလိုသူဖြစ်သည်။

ထေရဝါဒစာပေ၊ လောကဓာတ်ပညာ၊ သမိုင်းပညာရပ်တို့ကို နိုင်နင်းအောင် အားထုတ်လျက် သိသိတတ်သိထားသမျှကို ဘုရားတွင် ရှင်းရှင်းလင်းလင်း ပြန်လည်တင်ပြလိုသည်။ ပုံဝတ္ထု

ဇာတ်လမ်းနှစ်သက်တတ်သော စိတ်မကောင်းစရာများ ကြုံဆဲ ကပင် ရယ်မောတတ်သော ဇမာတစ်ယောက်၏ စိတ်ဓာတ် များကိုလည်း ရာဇကုမာရ်တွင် တွေ့နိုင်သည်။

(ပါမောက္ခရှိအိပ်ချ်လုစ်၏အာဘော်)



ပါမောက္ခလုစ်

◆ ◆ ◆ ◆ ◆



# မြစေတီကျောက်စာရှိ မြန်မာဘာသာ


ရာဇကုမာရ်ရေးထိုးစေခဲ့သော မြစေတီကျောက်စာ၌ ဘာသာ ၄ မျိုး (မွန်၊ ပျူ၊ ပါဠိ၊ မြန်မာ)နှင့် ရေးထိုးခဲ့ပြီး မြန်မာဘာသာ[illegible] သဲထဲဝင်ဝင် ရေးထိုးထားချက်အပေါ် များစွာလေး[illegible] ထိုကျောက်စာကြောင့်လည်း ပုဂံခေတ်သမိုင်းကို မှန်ကန်[illegible] စေသည့်အပြင် ပုဂံခေတ်မြန်မာစာပေ အရေးအသား [illegible] ထွန်းကားကြောင်း လေ့လာသုံးသပ်နိုင်ပေသည်။

ထို့အပြင် ရာဇကုမာရ်၏ စိတ်နေစိတ်ထား၊ မည်း[illegible] ထားရှိသည့်မေတ္တာတရားနှင့် သံယောဇဉ်တို့ကိုပါ လှိုက်[illegible] မြင်တွေ့နိုင်သည်။ ရာဇကုမာရ် ရေးထိုးခဲ့သော မြစေတီ[illegible] မြန်မာဘာသာကို အောက်ပါအတိုင်း တွေ့နိုင်သည်။

ကြီ။ – ။ နမောဗုဒ္ဓါယ ။ ဘုရားသခင်သာသနာတော် အနှစ်တစ်ထောင်ခြောက်ရာနှစ်ဆယ့်ရှစ်နှစ် လွန်လေပြီ ရကား။ ဤအရိမဒ္ဒနပူရ်မည်သောပြည်အား။ ကြိဗြိဘုဝနာဒိတျ မွေရာဇာမည်သော မင်းဖြစ်၏။ ထိုမင်း၏ ပယ် မယားတစ်ယောက်သော်ကား ဤြိလောကဝဋံသကာဒေဝီ မည်၏။ ထိုပယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းက ကျွန်သုံးရွာတည်း – ပယ်မယားအားပေး၏ ထိုပယ်မယား သေခဲ့ရကား။ ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံးရွာတို့အား ထိုပယ်မယားသား ရာဇကုမာရ် မည်သော မင်းအား ပေးတုံ၏။ ထိုမင်း အနှစ်နှစ်ဆယ့် ရှစ်နှစ် မင်းမူပြီး၍ သေခမူနာသရော၌တည်း။ ထိုရာဇ ကုမာရ်မည်သော ပယ်မယားသား၊ မိမိကိုမွေးသော် မင်းကြီး ကျေးဇူးအောက်မေ့ရကား၊ ရွှေအတိသော ဘုရား သခင် အဆင်းပြု၍ နှပ်လေသရော၌တည်း။ ဤသို့ မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဝို့ အတို့ ကျွန်ပြု သောတည်း။ ကျွန်သုံးရွာအတို့ကျွန်–ငါ့သခင်ပေးသော သည်ကား ဤရွှေဘုရား–အတို့ကျွန်ပေး၏။







မြန်မာဘာသာရေးထိုးထားသော မြစေတီကျောက်စာ

ထိုရေတည်။ မင်းနှစ်လိုရကား ကောင်းလျှစ်တည်
ကောင်းလျှစ်တည်း ... မိန့်၍ သင်္ဂြိုဟ်တောထေရ်၊ သင်္ဂြိ
မောဂ္ဂလိပုတ္တတိဿမထေရ်၊ သင်္ဂြိုသုမေဓပဏ္ဍိတ်၊ သင်္ဂြိ
မြတ္ဘုပါလ်၊ သင်္ဂြိုမြတ္ဘုဒိ၊ သင်္ဂြိုသွန်၊ သင်္ဂြိုသဃ်သေ
ပဏ္ဍိတ်။ ထိုသခင်တို့ အမှောက်တည်း - မင်းရေသွန်
ထိုပြီးရကား ထိုရာဇကုမာရ်အမည်ရှိ ပယ်မယားသား
ထိုရွှေဘုရား ဌာပနာ၍ ဤရွှေအထွတ်မူသော ဂူ
ပြုပြီးရကား-ဤဂူဘုရားလှွတ်သရေဉ်တည်။ သင်္ဂ
နလောန်တစ်ရွာ၊ ရမယ်တစ်ရွာ၊ ဟိန်ဗိုတစ်ရွာ။ ဤရွာ
သုံးရွာလှူ၍။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား
ဤဂူဘုရားအား ရေသွန်း၍ ဤသို့ မိန့်၏။ ဤ ငါ့ကု
ကား သဗ္ဗညုတဉာဏ်ပညာရအံ့သောအကြောင်း ဖြစ်စေ
တည်။ ငါ့နောင်အား ငါ့အားလည်းကောင်း၊ ငါ့မြေး
လည်းကောင်း၊ ငါ့ဆွေလည်းကောင်း၊ သူတစ်ထူးလည်း
ကောင်း၊ ဤဘုရားအား ဝီလျှုံ့သောကျွန် အနှိပ်အစက်
တည်း မူကား - အရိမေတ္တာယျဘုရားသခင် အဖူးရ

ဤမြန်မာဘာသာဖြင့် ကျောက်စာကို အကြောင်းရေ ၃၉ ကြောင်းဖြင့် ရာဇကုမာရ်သည် ရေးထိုးခဲ့သည်။







မြစေတီမွန်ကျောက်စာ (က) မင်ကူးပုံ

◆ ◆ ◆ ◆ ◆

# မွန်ဘာသာဖြင့် ရေးထိုးထားသော မြစေတီကျောက်စာ

သမိုင်းသုတေသီတို့က မြန်မာနိုင်ငံတွင် အစောဆုံး နေထိုင်သည့် လူမျိုးစုဟု သတ်မှတ်ပြီး ဘာသာစာပေနှင့် ယဉ်ကျေးမှုမှာလည်း စောသည်ဟု ယူဆကြသည်။ မွန်ဘာသာစကားမျိုးရိုးမှာ အာရှတောင်ပိုင်း (ဩစထရိုအေးရှတစ်)မျိုးရိုးဖြစ်သည်။ မွန်ခမာမျိုးရိုးဟုလည်း ခေါ်ဆိုသည်။ ဘာသာစကားမျိုးရိုးကြီးဖြစ်လျက် ထိုမျိုးရိုးဝင်ဘာသာစကားတို့ကို ကျယ်ပြန့်နံ့ပြားစွာ တွေ့နိုင်သည်။

အနောက်ဘက်တွင် အိန္ဒိယအရှေ့မြောက်ပိုင်း အာသံနယ်အထိ အရှေ့ဘက်တွင် ဗီယက်နမ်ဒေသအထိ အာရှတောင်ပိုင်းမျိုးရိုးဝင် ဘာသာစကား ပြောဆိုသူများကို တွေ့နိုင်သည်။ အိန္ဒိယတွင် ပြောဆိုနေသော (မုန္ဒ) ဘာသာစကားနှင့်လည်း မျိုးရိုးစပ်လျက်



ရှိသည်။ မြန်မာနိုင်ငံတွင် ပြောဆိုနေသော ကိုင်းရင်းသား ဘာသာစကားများအနက် ဝ၊ ပလောင်စသော ဘာသာစကားတို့သည်လည်း ထိုမျိုးရိုးဝင်ဘာသာစကားတို့ပင်ဖြစ်သည်။

မွန်ဘာသာစကားမျိုးရိုးမှာ ကြီးမားကျယ်ပြန့်လှသဖြင့် မြန်မာတိုင်းရင်းသားဘာသာစကား အတော်များများတွင် မွန်ဘာသာ ဩဇာသက်ရောက်လျက်ရှိသည်။ မြန်မာတိုင်းရင်းသားဘာသာစကားစုတွင် သက်ရှိသုံးစွဲ ပြောဆိုလျက်ရှိသော (ပ)၊ (ဘ)နှင့် စကားစပ်ဝေါဟာရမှာ မွန်ဘာသာစကားမှ ယူလာကြောင်း ဖြစ်သည်ဟု ဘာသာဗေဒဆရာတို့က ဖွင့်ဆိုသည်။

မွန်ဘာသာစာပေ ထွန်းကားရာ အစဦးကား ထိုင်းနိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံ "ပရထုံ"သည် မွန်တို့၏ ရှေးဟောင်းမြို့တော်ကြီးဖြစ်သည်။ ပရထုံပျက်ပြီးနောက် လော့ပူရိသို့ ပြောင်းရွှေ့မြို့တည်ခဲ့ကြသည်။ ထိုအရပ်တို့တွင် ရေးကျခဲ့သော မွန်စာများ တွေ့ရှိနိုင်သည် ထိုင်းနိုင်ငံတွင် တွေ့ရသော မွန်စာများအနက် အစောဆုံးအဖြစ် သတ်မှတ်ရသော မွန်စာမှာ ပရထုံမွန်စာဖြစ်ပြီး AD ၆၀၀ ခန့်က စာဖြစ်မည်ဟု မှန်းဆကြသည်။

ထို့ကြောင့် ထိုင်းနိုင်ငံတွင် တွေ့ရသော အစောဆုံးမွန်စာမှာ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသော မွန်စာနှင့် ကာလချင်း

မခြားနားလှပေ။ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသော မွန်စာကား မိုလ်တာင်ယောင်ဘုရားတွင် တွေ့ရသော အုတ်ခွက်စာပင် ဖြစ်သည်။ မွန်စာဟု ဆိုရသော်လည်း မွန်ဘာသာဖြင့် ရေးသားထားသည် မဟုတ်။ "ယေဓမ္မာဟေတုပ္ပဘာဝါ" အစချီပါဠိဂါထာဖြစ်သည်။ ထိုမွန်အက္ခရာတို့မှာ သရေခေတ္တရာတွင် ၅ ရာစုက တွေ့ခဲ့သော ပျူအက္ခရာနှင့် ဆင်တူသည်ဟု ဆိုကြသည်။

ရှေးဟောင်းမွန်စာတို့ကို အဓိပ္ပာယ်ဖော်ထုတ်ရာတွင်လည်း ပျူဘာသာမှာ ကဲ့သို့ပင်အခက်အခဲများစွာ ရှိခဲ့ကြသည်။ ရှေးဟောင်းမွန်ကျောက်စာများကို ဝနှစ်တကျ သုတေသနပြုရန် ဝတ်အားထုတ်သည့်ပေါ် ကော်ရှူးလည်နိုင်သည့် ပညာရှင် ရုတ်တရက် မပေါ်ခဲ့ပေ။ ခေတ်သစ်မွန်ဘာသာစကား ပြောဆိုနေကြသည့် ပညာရှင်များလည်း အဓိပ္ပာယ် မဖော်ထုတ်နိုင်။ ပျူဘာသာကျောက်စာဖော်ထုတ်မှု ဒေါက်တာစီအိုဘလက်ဒင်နှင့် နှစ်ခြင်းသာသနာပြု ဘုန်းတော်ကြီး ဟာလိဒေးတို့၏ ကျေးဇူးကြောင့်သာ နောက်ဆုံးတွင် အဓိပ္ပာယ်များ ဖော်ထုတ်နိုင်ခဲ့တော့သည်။

မွန်နှင့်ပျူတို့မှာ များမှာအနေမဝေးကြသဖြင့် မွန်စာတွင် ပျူစာ အငွေ့အသက်များ၊ စကားလုံးတူများ၊ ယှက်နွယ်ပါဝင်နေမှုကို တွေ့ရသည်။ ရာဇကုမာရ်သည် ဤမြစေတီကျောက်စာကို ရေးထိုး





ဌ် ပုဂံခေတ်စာပေအရေးအသား၌ မွန်စာပေ လွှမ်းမိုးလျက် သဖြင့် မွန်ဘာသာနှင့်ပါ ရေးထိုးခဲ့ကြောင်း သုတေသီတို့ သုံးသပ် ကြသည်။ အကယ်စင်စစ်လည်း ပုဂံသည် မွန်ရဟန်းဖြစ်သော င်းအရဟံမှ အစပြု၍ မနုဟာမင်း ပုဂံရောက်ပြီးနောက်ပိုင်း ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု လွှမ်းမိုးခဲ့ကြောင်း အထောက် ထားများအရ သိနိုင်ပေသည်။

ထို့အပြင် မွန်နှင့်မြန်မာ သွေးနှောချင်းများ ရှိခဲ့ပြန်သဖြင့် ဇကုမာရ်သည် မြစေတီကျောက်စာကို မွန်ဘာသာပါ ရေးထိုး ခြင်း ဖြစ်နိုင်ရာသည်။ ပုဂံခေတ်တွင် မွန်စာပေအရေးအသားကို နော်ရထာမင်းကြီးလက်ထက်မှပင် ကျယ်ကျယ်ပြန့်ပြန့် ရေးသား းစွဲလာကြောင်း တွေ့ရသည်။ ကျန်စစ်မင်းကြီးလက်ထက်၌ န်စာကို နိုင်ငံသုံး စာပေဖြစ်လာခဲ့ပြီး အထွတ်အထိပ်သို့လည်း ောက်ခဲ့သည်။

ကျန်စစ်သားမင်းကြီးလက်ထက် အမိန့်တော်ပြန်တမ်း၊ ွှစည်းခုံမွန်ကျောက်စာ၊ နန်းတည်ကျောက်စာ၊ မြကန်ကျောက်စာ သည်တို့တွင် မွန်ဘာသာဖြင့် ရေးထိုးသုံးစွဲကြောင်း တွေ့ရသည်။

◆ ◆ ◆ ◆ ◆

# ခေဂါပြိုင်နှစ်ဦး၏ ပဋိပက္ခနှင့် သမိုင်းမှန်လမ်းကြောင်း

ပုဂံပြည်တွင် အနော်ရထာမင်းစော နန်းတက်စဉ်နှင့် သထုံပြည် မွန်ဘုရင် မနုဟာမင်း နန်းစံချိန်တို့မှာ ခေတ်ပြိုင်ဖြစ်သည်။ ကိုးကွယ်ယုံကြည်မှုသာလျှင် အခြား၊ အပြားဖြစ်ကြောင်း တွေ့ရသည်။ အနော်ရထာမင်းကြီးနှင့် မနုဟာမင်းတို့ အဘယ်ကဲ့သို့ ပတ်သက်ကြောင်းကို ရာဇဝင်၌ အမျိုးမျိုး ဖွင့်ဆိုကြသည်။ ထို့အတူ သမိုင်းရေးဆရာတို့ကလည်း အမျိုးမျိုးအဖုံဖုံ ရေးသားကြသည်။ ထို့ကြောင့်လည်း ပုဂံရာဇဝင်သည် ရှင်းလေရှုပ်လေ၊ တွေးရခက်ကြီး ဖြစ်ခဲ့သည်။





ထို့ကြောင့်လည်း စာရှုသူတို့ စိတ်မတွေပြားစေရန် သမိုင်းဆိုင်ရာ တွေ့ရှိချက်၊ ဖော်ပြချက်များ အသီးသီးကို ရှုထောင့်အမျိုးမျိုးမှ တင်ပြပေးခြင်းဖြစ်သည်။ ပုဂံရာဇဝင်မှ ကျန်စစ်သားနှင့် ရာဇကုမာရ်အကြောင်း ဖော်ပြလိုလျှင် သထုံရာဇဝင်ကို မေ့ချန်ထား၍ မဖြစ်ပေ။ ထို့ကြောင့် မွန်တို့၏ အထွတ်အမြတ် ပြည်ရှင်ဖြစ်သော သထုံကို ရာဇဝင်ခြေရာခံရပေတော့သည်။

မွန်တို့၏ သထုံပြည်မင်းဆက် ၅၈ ဆက်ဖြစ်သော မနုဟာမင်းသည် ၁၈ နှစ်သားနှင့် မင်းပြုလေ၏။ ထိုမင်းလက်ထက်တွင် သနှန်ဆင်မျိုးနှင့်ဖြစ်သော ဆင်ဖြူတော် ၃၂ စီး ရတော်မူလေသည်။ ထိုမင်းသည် "သိရိတြိဘဝနာဒိတျာပဝရ ဓမ္မရာဇာ" ဟူသော ဘွဲ့အမည်ကိုခံ၍ ဘိသိက်ခံယူ မင်းပြုလေသည်။ ဘိုးတော် အဗိဇ္ဇာမင်းနှင့် ခမည်းတော် ဥဒိန္နမင်းတို့ ချိုးမြှောက်သူကောင်း ပြုခဲ့သော ပုရှဲကြီးကုလားညီနောင် ဖျတ်ဝိနှင့် ဖျတ္တာတို့ကိုလည်း အထက်ကအတိုင်း မြို့စား၊ ရွာစားပေးလျက် ချီးပင့်စေကာ အမှုထမ်းစေသည်။ ဘော်လောင်းတော် ကေသရာဇာမင်းကြီးလက်ထက်က သော ရန်အပေါင်းကို အောင်နိုင်သည့် "တားစည်တော်ကြီး" ကိုလည်း ရတော်မူသည်။ သထုံပျက်ရသည့်အကြောင်းရင်းကို သထုံရာဇဝင်၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

မနုဟာမင်း ဤသို့အုပ်စိုးနေစဉ် "ပအာဝနမြို့"မင်းကြီး ထံသို့ 'ဒသမီးကညာ လက်ဆောင်ပဏ္ဏာဆက်သရန် စေလွှတ် တောင်းခံလေ၏။ ပအာဝနမင်းလည်း မိမိသမီးတော်အား မလွှဲသာ၍ ပေးရတော့မည့်အချိန်တွင် သမီးတော်ကိုခေါ်၍ ...

"ချစ်သမီး၊ ... အတောင်းအခံပြုသော မနုဟာမင်းသည် သူ၌ လူစွမ်းကောင်းကုလားညီနောင် ဇျတ်ဝိ၊ ဇျတ္တာနှင့် ဖားစည်ကြီး၊ ဆင်မြူ ၃၂ စီးရှိကန်၍ ဘုန်းတန်ခိုးအာသော်ကြီးလှသည်။ သမီးအား ခုခံ၍ မပေးမဝေ၍မဖြစ်။ အားမတန်၍ မနေသာသဖြင့် သမီးတော် ကို ဆက်သရတော့မည်။ ထိုမနုဟာမင်း အချစ်အခင်ကြီး၍ သမီး တော်အလိုသို့ လိုက်ပါသောအခါ ဖားစည်ကြီးနှင့် သူ့ရဲ့ဇျတ်ဝိ၊ ဇျတ္တာတို့ကို ဖျောက်ဖျက်ပါ။ ... သူတို့အကျိုးပျက်စီးအောင် လုပ်ပါ။ ... သို့ ဖျောက်ဖျက်လျှင် သမီးတော်သည် အမျိုးတကာ ကို ငြိမ်းအောင်ပြုသည်လည်း မည်၏။ ငါ၏ သမီးတော်သည်လည်း မိဘထံသို့ တစ်ဖန်ပြန်၍ လာရောက်ရတော့မည်"

ဤသို့ သမီးတော်အား မှာကြားကာ ပေးဆက်လိုက်ရလေ သည်။ ပအာဝနမင်းသမီးလည်း သထုံပြည် မနုဟာမင်းထံသို့ ရောက်လျှင် မိဖုရားမြှောက်၍ အဆောင်အယောင် အခြွေအရံများစွာ ဖြင့် ခံစားစေလေ၏။ မနုဟာမင်းလည်း ပအာဝမင်းသမီးအား





များစွာနှစ်သက်စွဲလန်းလေ၏။ မိမိအပေါ် မနုဟာမင်းက ချစ်ခင်မှု မေတ္တာကြီးကြောင်း မင်းသမီးသိလျှင် မိမိမေတ္တာ မာယာအားဖြင့် ခမည်းတော်မှာ စေလိုက်သည့်စကားအတိုင်း အားထုတ်ကြံစည် ကြိုးစားလေ၏။

ပအာဝနမြို့သည် ယခုအခါ သထုံပြည်နယ် အန်ခြင်းဟု ခေါ်သော အရပ်အနီး၌ရှိသည့် မြို့ဟောင်းမြို့ပျက်ဖြစ်သည်။ ဇွဲ ကပိ(ခေါ်)ဇွဲကပင်တောင်အနီး၌ရှိသော တောကြီးကို ဗျူဟာ (မော ဝန ပအာဝုဏ်)တောကြီးဟု ခေါ်သည်။ ထိုကော၌ တည်ထောင် သောမြို့ကိုလည်း ပအာဝနမြို့ဟုခေါ်သည်။ ပအာဝနမြို့ရာဟောင်း ကို အုန်ရင်းဟုခေါ်ကြပြီးနောက် ထိုပအာဝနတည်သော အမည်ဟောင်း သည်· မူလမြို့ရာဟောင်း၏ အနောက်မြောက်ဘက်ရှိ ဖားအံဟု ခေါ်သော အရပ်ထိရောက်သည်။ ထိုဖားအံအမည်သည် ပအာဝန မြို့ဟောင်းပင်ဖြစ်သည်။

သူရဲကြီးညီနောင်တို့သည်လည်း မင်းသုံးဆက်မြောက်အောင် သူမတူသော စွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ မာန်မာနထောင်လွှားလျက် ရှိကြလေ၏။ ဇျတ်ဝိသည် မြို့ဝန်၏သမီး မအိုစာကို မယားပြုသည်။ မအိုစာက ကြည်ဖြူသဖြင့် အပြစ်မဖြစ်ပေ။ ညီငယ်ဇျတ္တာက ဝင်းတော် မှူးသမီး မစောနန်းကို ယူလေရာ၊ ဇျတ္တာကို စောနန်းမနှစ်သက်

သဖြင့် နန်းတော်တွင်းသို့ဝင်ကာ ပအာဝနမိဖုရားကြီးထံ ခစားပြီးလျှင် ဖူးတွှအား မကောင်းကြံလေတော့သည်။

ပအာဝနမိဖုရားကြီးလည်း မနုဟာမင်းကြီးက မိမိအား ချစ်ကြည်လေးမြတ်သည်ကို အခွင့်ကောင်းယူ၍ "ကုလားညီနောင်တို့သည် မင်းကြီးအား အံ့ရေးမပြု ... နန်းတော်သဲဝင်၍ မိဖုရားမောင်းမတို့ကို ကျူးလွန်စော်ကားကြောင်း၊ ... မယုံလျှင် မြို့ဝန်ရှင်ဝင်းတော်မှူးတို့ကိုပါ စစ်မေးတော်မူပါ"ဟု လျှောက်ထားလေ၏။ ထိုသို့ အကြံပိုကြံ၍ ကုန်းချောစကားဖြင့် ပြောဆိုဖန်များလေသော် မနုဟာမင်းကြီးလည်း မှူးတော်မတ်တော်တို့ကို မေးမြန်းရာ အမှုထင်ရှားသဖြင့် မိဖုရားစကားအောင်လေ၏။

သံထုံမင်းမနုဟာလည်း ထိုအခါ ကုလားညီနောင်ကို ဖမ်းစေလေရာ၊ အစ်ကိုဖျတ်ဝိကို မိသဖြင့် သတ်လေ၏။ ညီငယ်သည်ကား သထုံပြည်မှ ထွက်ပြေး၍ ပုဂံရာမ(ပုဂံ)သို့ ရောက်လေလျှင် အနော်ရထာမင်းစောထံ၌ ခစားလေ၏။ မနုဟာမင်းလည်း ဖျတ်ဝိအလောင်းကို ပယောဂစီရင်၍ မြှုပ်လေ၏။ ထိုနေ့မှစ၍ သထုံမြို့ကို ရန်အပေါင်းတို့ မလှုပ်၊ မချောက်၊ မနှောင့်ယှက်ဝံ့ဘဲ ရှိလေ၏။

ပအာဝနမိဖုရားသည် ရန်အားလုံးကို အောင်နိုင်စေသော





ဖားစည်ကြီးကို ဖျက်ဆီးရန် အကြံစည်ပြုပြန်လေ၏။ မိမိယုံကြည်ရသူတစ်ဦးကို တံစိုးလက်ဆောင်ပေး၍ စေခိုင်းလိုက်လေသည်။ ထိုသူသည် မနီးမဝေးအရပ်၌ တည်းခိုပြီး၊ လူအများ ယုံကြည်လာအောင် ပညာရှိအယောင်ဆောင်၍ ဟောပြောလျက်နေလေ၏။ ကျော်စောထင်ရှား၍ လူအများတို့ ဆည်းကပ်ကိုးကွယ်လာသောအခါ မင်းကြီးထံရောက်သွားလေ၏။ မနုဟာမင်းကြီးလည်း ထိုသူတော်ကောင်း အယောင်ဆောင်သူအား ယုံကြည်မိလေ၏။

ထိုပညာရှိ သူတော်ကောင်း ဟန်ဆောင်ထားသူလည်း-

"မင်းကြီး၊ ဤဖားစည်ကြီးသည် ဟောင်းနွမ်းလှပြီဖြစ်သောကြောင့် အသံမသာ၊ သို့ကြောင့် တန်ခိုးအာဏာ မရှိဖြစ်ပါသည်။ အကယ်၍ ဖားစည်ကြီးကို ဖျက်ပြီးလျှင် နွားနက်သားရေဖြင့် ဖြန့်ကျက်ပြုပြင်၍ လုပ်ရသော် ရှေးကထက် အသံသာလျက် ဘုန်းတန်ခိုးလည်း ပိုကြီးမည်"

ဟု လျှောက်တင်လေ၏။

မနုဟာမင်းလည်း ထိုသူတော်ယောင် လူစဉ်းလဲ၏စကားကို လိုက်နာ၍ ဘိုးလောင်းတော်တို့၏ လက်ထက်မှ ဖားစည်ကြီးကို ဖျက်၍ နွားနက်သရေဖြင့် လဲစေလေ၏။ ထိုဖားစည်သားရေကို ချက်သည့်နေ့မှစ၍ မနုဟာမင်းကြီး၏ တန်ခိုးအာနုဘော်တို့ ယုတ်

လျှော့သွားကြကုန်လေ၏။ ယင်းအဖြစ်ကို မနုဟာမင်းမသိလေ သူတော်ယောင် ဝေဝဲလဲလည်း ထွက်ပြေးသွားလေ၏။

ထိုအခါ သုဓမ္မဝတီပြည့်ရှင် မနုဟာမင်း ဘုန်းတန်ခိုးအာဏာ နိမ့်လျက် ကျေးလက်၊ အစွန်အဖျားတို့၌ ဓားပြမှု၊ မုဒိန်းမှုများ ထူထပ်ပေါ်များလာကာ ဝက်မွတ်ဘေးကြီး ဆိုက်လေ၏။ ထိုအခါ အရိယာသံဃာတော်တို့လည်း လွင့်ပါးနည်းပါး သွားကုန်လေ၏။

တစ်ပါးသောရဟန်းမှာ အရိမဒ္ဒနာပူရ ပုဂံမြို့၏ နယ်စပ်သို့ ရောက်သဖြင့် မုဆိုးတစ်ယောက်က တွေ့လေ၍ ထိုရဟန်းအား အနုရုဒ္ဓဒေဝမင်းသို့ ဆက်လေ၏။ ထိုမင်းသည် ရတနာသုံးပါး၌ အထူးနှစ်သက်ပါသော်လည်း ပရိယတ္တိသာသနာတော်အမှန်ကို မကြားနာရသေး၍ အလဇ္ဇီရဟန်းတို့နှင့်သာ နေရလေသည်။ သထုံ ပြည်သည် သာသနာတော်တည်၍ ပိဋကတ်တတ်မြောက်သော ရဟန်းတော် အများအပြားရှိကြောင်း ရဟန်းထံမှ ကြားသိရလျှင် သာသနာ·တော်ကို အကြောင်းပြု၍ စစ်သည်ဗိုလ်ပါများနှင့် သုဓမ္မဝတီ သထုံပြည်သို့ ချီတက်ပြီး တစ်ဆယ့်တစ်လ လုပ်ကြံလျှင် သထုံပျက်လေ၏။

မှတ်ချက် ။ သထုံရာဇဝင်နှင့် မုတ္တမရာဇဝင်ပေါင်းချုပ်နှင့် မုတ္တမစစ်တမ်း စာတောင်းကျမ်း၊ သထုံမြို့။





**သုဝဏ္ဏဝတီပိဋကတ် ပုံနှိပ်တိုက်-၁၉၂၅ နှင့် ဦးစံဝင်း-သမိုင်း သုတေသန၏ သုဝဏ္ဏဘူမိသုတေသနစာတမ်းမှ**

သထုံမြို့ပျက်ရကြောင်းကို မှန်နန်းရာဇဝင်၌လည်း အောက်ပါ အတိုင်း ဖော်ပြထားကြောင်း တွေ့နိုင်ပေသေးရာ၊ ဦးကုလား ရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်နှင့် အခြားသော ထင်ရှားသည့် သမိုင်း အထောင်ထောင်တို့မှ ဖော်ပြချက်နှင့် နှိုင်းယှဉ်ကြည့်နိုင်ပေသည်။

သထုံမြို့သည် သာသနာတော်တည်၍ ဂန္ထဓုရ၊ ဝိပဿနာ ဓုရကို ကျင့်သောရဟန်းများရှိကြောင်း၊ ရတနာသုံးပါးစွယ်တော် ဓါတ်တော်များရှိကြောင်း၊ ပိဋကတ်တော်များရှိကြောင်း၊ သာသနာ တော်တည်မည်ကိုလည်း အကြောင်းပြု၍ စစ်လေးမျက်နှာဗိုလ်ပါ အများနှင့် သိန္နဝမြင်းကိုစီး၍ သုဓမ္မဝတီ သထုံပြည်သို့ရောက်၍ ရှမက်တို့သည် တစ်ဆယ့်တစ်လ ဝန်းရံနေမှ မြို့ပျက်လေသည်။

အနုရုဒ္ဓဒေဝမင်းလည်း မနုဟာမင်းကို သံကြိုးလုပ်၍ ချည် နှောင်ကာ လှောင်အိမ်နှင့်ယူခဲ့သည်။ အမတ်များကိုလည်း မြို့အောင် ဆိုင်သင့်သသူကိုအစ်၍ ယူခဲ့သည်။ ဂန္ထဓုရ၊ ဝိပဿနာဓုရကို ကျင့် ဆောင်သော ရဟန်း၊ သီလဝန္တ၊ ဂုဏဝန္တရှိသော ရဟန်း၊ ပိဋကတ် တော်တတ်သော ရဟန်း-မြတ်ရာဆောင်ရွက်၍ ဖေဒင်လေးပုံတတ်

သော ပုဂ္ဂိုလ်။ ဗိန္ဒောပဋ္ဌာဟုတ်ကျမ်းဝန်တတ်သော ဆေးသမား၊ ပညာရှိ မန္တာန်တတ်သောသူ၊ အလှတတ်သော ပညာသည်အပေါင်း၊ သူဌေးသူကြွယ်တို့နှင့် မဆိုင်သင့်၊ မတော်သူကို ချထား၍ အစ ရှုဖွဲ့မင်းသည် ဗိုလ်ပါများနှင့် အသူရာမင်းကို သိကြားမင်း နိုင်သကဲ့သို့ သာယာစွာ အရိမဒ္ဒနာပူရပြည် (ပုဂံပြည်)သို့ ပြန်တော်မူသည်။

ဓမ္မစေတီမင်းကြီး၏ ပဲခူးကလျာဏီ သိမ်ကျောက်စာ၌ သထုံပျက်ကြောင်းကို တွေ့နိုင်သကဲ့သို့ ဦးပညာမြှုပ်သော သထုံရာဇဝင်တွင်လည်း ဤသို့ တွေ့နိုင်ပေသေးသည်။ ပုဂံပြည့်ရှင် အနုရုဒ္ဓဒေဝ အနော်ရထာမင်းနှင့် မနောဟရီ မနုဟာမင်းတို့ စစ်ကြီးဖြစ်ကြစဉ်၊ အနော်ရထာမင်းစောသည် အတိုင်းမသိသော စစ်သူရဲတို့ဖြင့် တပ်ကြီးချီလာ၏။ ထိုအကြောင်းကို မနုဟာမင်းကြားလျှင် သုဓမ္မဝတီသထုံမြို့တော် ကျုံး(၃)ထပ်ရှိသည်ကို ထပ်မံပြုပြင်၏။ အနော်ရထာမင်း၏ ပုဂံပြည်မှ ရေကြောင်း၊ ကြည်းကြောင်း ချီတက်စစ်သည်များ ဥသာပဲခူးမြို့၌ ပေါင်းဆုံ၍ စစ်တောင်းမြစ်ကို ကူးပြီးလျှင် သထုံမြို့ကျေး၏ရှေးက အသားမင်းသားနေရာ (ကျိုက်ကသာ) မည်သော အရပ်၌ တပ်တည်လျက် ဝန်းရံသည်။ စစ်သူရဲတို့ကို စစ်ကြောင်း သုံးသွယ်ခွဲ၍ ချီတက်စေခဲ့သည်။

ကြည်းတပ်မှာ ကျန်စစ်သားဗိုလ်မှူးပြု၍ အနောက်ဘက်





ကြောင်း၊ ချီရ၏။ ဝေဠုဝမ္မကို ဗိုလ်မှူးပြု၍ အရှေ့ဘက်ကြောင်း ချီတက် လုပ်ကြံစေ၏။ ပင်လယ်ရေကြောင်းမှ ညောင်ဦးဖီးနှင့် သုံးလက်ဖယ်တို့ကို ပင်လယ်မှ စေလွှတ်၍ သုဓမ္မဝတီမြို့ကို တောင်က တိုက်ခိုက်စေ၏။ အနော်ရထာမင်းသည် မြောက်ဘက် ကနာတသာလျှင် အကြီးအကျယ် ခံတပ်ပြု၍ ခုခံစေသည်။

ပင်လယ်ဝရိုးမှ ချီတက်လာသော ရေကြောင်းတပ်သည် သထုံမြို့ကို အနောက်မှ တွေ့ပတ်လျက် "ရင်းကြိမ်"ဆိပ်က တက်လေသည်။ ထိုရင်းကြိမ်ဆိပ်မှတက်၍ တပ်တော်ကို ၂ စုခွဲပြန်သည်။ သုံးလက်ဖယ် အုပ်ချုပ်သောတပ်သည် အရှေ့သို့ယွန်း၍ တောင်ခြေ ကျိုက်သို့ကပ်လျက် တိုက်ခိုက်သိမ်းယူပြီး သထုံမြို့၏ အရှေ့တောင် "ကော့"အမည်ရှိသော ရေဆိပ် တစ်ခွဲလျက် ဝန်းရံထားသည်။

ညောင်ဦးဖီးအုပ်ချုပ်သောတပ်သည် ရင်းကြိမ်မှ မြောက်သို့ တောင်စဉ်တစ်လျှောက် တိုက်ခိုက်သိမ်းယူရန် တောင်တန်း၏အဆုံး "ဆားချောင်း"ကမ်း၌ တပ်တည်၍ သထုံမြို့ကို ဝန်းရံစေသည်။ ထိုသို့ ရေကြောင်း၊ ကြည်းကြောင်း စစ်ကြီးချီလာသောအနော်ရထာမင်း၏ လက်ဝဲ၊ လက်ယာခံတပ်တို့သည် တစ်တပ်ပြီးတစ်တပ် ချဉ်းကပ်လျက် နောက်ဆုံးမြို့တွင်းကသာ ဝင်၍ ခုခံကြရတော့သည်။

အနော်ရထာ၏ ကုန်းတပ်စစ်သည်တို့သည်လည်း အစဉ်အတိုင်း အောင်မြင်၍ အနောက်ကြောင်းစစ်သည်တို့သည် မနုဟာမင်း၏ ဆင်ဖြူတော် ၃၂ စီးထားရာ "ဆင်ဖြူကျွန်း"ခံတပ်က တပ်စွဲ၍ သထုံကို ဝန်းရံသည်။

အရှေ့ဘက် ကြည်းကြောင်းတပ်ကလည်း သထုံမြို့၏ အရှေ့မြောက် "ကျိုက်ကေသာရ" အနောက်တောင်မြေရင်း၌ တပ်စွဲ၍ သထုံမြို့ကို ဝန်းရံသည်။ အနော်ရထာမင်းစောလည်း ကျိုက်ကသာ တပ်စခန်းမှ ချီတော်မူ၍ "မုသင်"၌ တပ်စခန်းချသည်။ ထိုမှ ချီပြန်သော် ... ကျိုက်ကျော်ဘုရား၏ မြောက်ဘက်တွင် စခန်းချသည်။

ထိုစခန်းမှပင် မနုဟာမင်းအား-

**"စည်းစိမ်မပျက်၊ အသက်မသေနေလိုလျှင် ဓါတ်တော် မွေတော် ပိဋကတ်များနှင့် ထီးနန်းကို အပ်ရမည်"**

ဟု စေလွှတ်၍ တောင်းဆိုလေ၏။ မနုဟာမင်းလည်း မြို့ကို လုံခြုံစွာပိတ်၍ တိတ်ဆိတ်စွာ နေလေ၏။ စကားမပြန်ချေ။ အနော်ရထာမင်းလည်း ရှေ့သို့ ဆက်လက်ချီတက်ခဲ့ပြန်၍ သုဓမ္မဝတီ သထုံမြို့၏မြောက်ဘက် ကုန်းပြင်ဟစ်ခုန်၌ တပ်စွဲ၍ သထုံမြို့ကို လုပ်ကြံတော်မူသည်။

ထိုအခါ သထုံ၏အရှေ့တောင်မှ ကော့တပ်၊ အနောက်တောင်





"မုခစရန်"တပ်၊ အနောက်မြောက်မှ တာလာသောကတပ်၊ အရှေ့မြောက်မှ ကျိုက်ကေသာရတပ်၊ မြောက်တည့်တည့်မှ ဘုရင် ...င်း၏ တပ်တော်ကို သထုံမြို့ကို (၅)တပ်လုံးဝိုင်း၍ တိုက်ခိုက် ...သောကြောင့် အောင်မြင်နိုင်ခဲ့လေသည်။

ထိုသို့ မြောက်ဘက်တပ်စခန်းချရာနေရာကို (ဇေယဘူမိ)ဟု သမုတ်ခဲ့သည်။ ယခုမြို့ကုန်းအရပ်ဖြစ်၏။ အနော်ရထာမင်းသည် ...ယဘူမိတပ်တော်၏ ရှေ့တပ်ဦး၌ သထုံကိုအောင်၍ မြန်တော် ...သည့် အထိမ်းအမှတ်စေတီတစ်ဆူ တည်ထားသည်။ ယခု ...ပါတော်မြန်ဟူသော စေတီဖြစ်သည်။

အနော်ရထာမင်းစောလည်း သထုံပြည်ကို အောင်တော်မူ၍ ...င်း၊ မိဖုရားနှင့်တကွ ပိဋကတ်တော်၊ ဓါတ်တော်၊ မွေတော် ...ပ်တုတော်၊ ဆင်ဖြူတော်မှစ၍ ယူသင့်ရာရာ သိမ်းယူတော်မူပြီး အရိယာသံဃာတော် (၁၀၀၀)ကိုလည်း ပင့်ဆောင်တော်မူ၍ တပ် ...တော်စဉ်အတိုင်းနုတ်ပြီးလျှင် ပုဂံပြည်သို့ ပြန်လေ၏။

ထိုအခါ သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မဝတီ၊ သထုံနယ်ဆုံး ကျိုက် ကသာ တပ်စခန်းသို့ ရောက်သောအခါ သထုံမှ ပင့်ဆောင်ခဲ့သော သံဃာတော်(၁၀၀၀)တို့သည် "ငါတို့ပုဂံပြည်သို့ လိုက်ပါ၍ ...သွားလျှင် သထုံပြည်၌ ဘုရားရှင်၏ လက်ထက်တော်မှစ၍

တည်ထွန်းခဲ့သော သာသနာမတော်ကြီး ၃ ရပ်သည် ဓမ္မခိုင်မာမှုကြောင့် ပျောက်ရစ်ပေလေမည်"

ဤသို့ သံဃာကြီးတော်များက ဗုဒ္ဓစစ်နှင့် ပနီမယော တောကြီးသို့ဝင်၍ ရှာနှံသမားပတ်ဖြင့် နေတော်မူကြကုန်၏။ ထိုအခါ အနော်ရထာမင်းက ပင်သော်လည်း မရသဖြင့် ပညာရှိ မှူးမတ်များနှင့် တိုင်ပင်သောအခါ ပညာရှိတို့က "သာသနာကွယ်ပမည်စိုး၍ မလိုက်လိုကြသဖြင့် ရှာနှံပင်စား၍နေကြောင်း" လျှောက်ထားကြလေ၏။ ပင့်၍ရမည်မဟုတ်ကြောင်း ဥပါယ်တံမျဉ်ဖြင့် လျှောက်တင်ကြကုန်၏။

မှူးမတ် ပညာရှိတို့ လျှောက်သည့်အတိုင်း အရိယာသံဃာတော် (၁၀၀၀)တို့၏ နေရာတော်၌ ဘုရားစေတီပေါင်း ၁၀၀၀ တည်မြို၍ "အရှင်ဘုရားတို့ ပုဂံမြည်သို့ကြွ၍ သာသနာတော်ကို ပြုစုချီးမြှင့်တော်မူပါ။ ဤသထုံမြို့၌ အရှင်တို့၏သာ ဖြတ်စွာဘုရား၏ ဥဒ္ဒိဿ စေတီတော် (၁၀၀၀)လည်း ရှိရစ်ပြီ။ နောက်နောင်ကိုလည်း သာသနာတော် မကွယ်ပအောင် စောင့်ရှောက်ပါမည်"

ဟု လျှောက်တော်မူကြကုန်၏။

ထိုအခါ တည်သော စေတီငယ်ပေါင်း ၁၀၀၀ ကို မွန်လူမျိုးတို့က "ကျိုက်လင်း"ဟု ခေါ်ဆိုကြသည်။ ယခုအခါ တောမြို့



အတွင်း၌ မြို့ပျက်လျက် ရှိနေကြပြီ။ ထိုဘုရားများရှိရာ တောကြီးကို ဘုရားတစ်ထောင် တောကြီးဟု မြန်မာဘာသာဖြင့် ခေါ်ကြလေ၏။

မှတ်ချက်။ မနုဟာမင်း ပုဂံသို့ပါခြင်းနှင့် သထုံကျခြင်းတို့မှာ ခေါက်ငါးနိပ်ပန်းလှအဆိုဖြင့် ကွဲလွဲနေကြောင်း တွေ့ရမည်ဖြစ်ပြီ။ မွန်ရာဇဝင်၊ သထုံရာဇဝင်နှင့် ကလျာဏီကျောက်စာပါ တော်ပြချက်များသည် သာသနာလင်္ကာရ ကျမ်းနှင့် ညီညွတ်စွာရှိကြောင်း တွေ့နိုင်ပေသည်။



ရှင်အဟာ၊ ကျွန်စစ်သား၊ အလောင်းစည်သူ၊ သက်ပင်းကာဟို၊ မင်းမဟာဝိရိတို့ ငါးဦး ယခင်ဘဝက သစ္စာပြုခဲ့သောနေရာတွင် တည်ထားခဲ့သော အတွင်းစည်းခုံစေတီ

◆ ◆ ◆ ◆ ◆



# ရာဇကုမာရ်၏ မြစေတီကျောက်စာပျူဘာသာ (သို့မဟုတ်) ပျူအက္ခရာနှင့် သမိုင်းဆိုင်ရာ ငြင်းခုံမှုများ

ဘာသာ ၄ မျိုးနှင့် ရေးထိုးသွားခဲ့သော ရာဇကုမာရ်သည် ပုဂံပြည်၌ လူမျိုးစုကြီး စည်းလုံးညီညွတ်စွာ ရှိခဲ့ကြောင်း၊ ဝိုးမောင်း ထိုးပြသွားသည့် ပုံရိပ်ပင်ဖြစ်သည်။ ခေတ်မြိုင်အင်အားကြီး လူမျိုးစုတို့ သိရှိရန် တိုင်တည်သွားအပ်သော လူ့အိန္နမှုဆိုင်ရာ ကုသိုလ်သမိုင်းလည်းဖြစ်သည်။ ၄ မျက်နှာတွင် ၄ မျိုး ၄ ဘာသာဖြင့် ရေးထိုးခဲ့သော်လည်း အဓိပ္ပာယ်ဆိုလိုရင်းမှာ အတူတူပင်ဖြစ်သည်။

မွန်ဘာသာ၊ ပါဠိဘာသာနှင့် မြန်မာဘာသာတို့မှာ ပြဿနာမဟုတ်ခဲ့သော်လည်း ပျူဘာသာ၌မူ မြစေတီကျောက်စာကို ရှာဖွေတွေ့ရှိသည့်နေ့မှ အစပြု၍ ယနေ့အထိ (ပျူ)ဟူသော သတ်မှတ်

ချက်နှင့် ပတ်သက်၍ သမိုင်းသုတေသီများ အငြင်းပွားလျက်ရှိကြဆဲဖြစ်သည်။

ထိုမြစေတီကျောက်စာပါ အက္ခရာသည် ပျူ-အက္ခရာစာ ဟုတ်ခြင်း၊ မဟုတ်ခြင်းနှင့် ပျူမဟုတ်သော် မည်သည့်လူမျိုး၏ အက္ခရာလောဆိုသည့် အငြင်းအခုန်ပင်ဖြစ်သည်။

"ယခုပုဂံသည် ယုန်လွှတ်ကျွန်းအရပ်၌ ပထမပုဂံ အရိမဒ္ဒနပူရမြို့ မတည်မီက ပျူ ၃၂ မြို့ ဝင်ဖြစ်ခဲ့သည်။ (ပျူဂါမ)ဟု အမည်တွင်ခဲ့သည်။ ပျူတို့နေထိုင်သော ရွာ၊ နေရာ၊ အရပ်ဟု အဓိပ္ပာယ်ရသည်။ ပုဂံ၏ ရွာကြီး ၁၉ ရွာကို ကွင်းဆင်းသုတေသနပြု တွေ့ရှိချက်များအရလည်း ရွာပေါင်း ၁၆ ရွာခန့်၌ ပျူတို့က နေထိုင်ခဲ့သော ရွာဆိုးကုန်းများအဖြစ် အထောက်အထားများ တွေ့ကြရသည်။

သို့ဖြြင့် ပုဂံ ၁၉ ရွာအစား၊ ပျူ ၁၉ ရွာဟုပင် ကွင်းဆင်းလေ့လာသော ပညာရှင်တို့က ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်။ လက်ရှိ ပုဂံဒေသတွင် ရှေးအခါက ပျူ မြန်မာတို့ ပေါင်းစည်းမိချိန်တွင် ပျူဂါမ၊ ပျူဂါမ်၊ ပုကံ၊ ပုဂံဟူ၍ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။

အနော်ရထာ၊ ကျန်စစ်သားတို့လက်ထက်တွင် မွန်နှင့်မြန်မာ စည်းလုံးမိချိန်၌ ကျောက်စာအထောက်အထားရ "ပုဂံ"ဟူ၍



အဆင့်ဆင့်ပြောင်းလဲခဲ့ပုံမှာ (ပျူဂါမ၊ ပုဂါမ၊ ပေါက်ာမ၊ ပေါက်ာမ်၊ ပုကမ်၊ ပုကံ၊ ပုဂံ)စသည်ဖြင့် ပျူ မွန်၊ ပါဠိ၊ မြန်မာဘာသာဗေဒ အက္ခရာအရေးအသား အမျိုးမျိုး ပြောင်းလဲလာခဲ့သည်။ ပျူစာပေ ထွန်းကား အရေးပါစဉ်က ပုဂံကို ပျူအမည်ဖြင့် ရေးသားခေါ်ဆိုခဲ့ကြသည်။

မွန်စာပေထွန်းကားအရေးပါချိန်၌ ပုဂံကို မွန်လိုရေးသားခေါ်ဝေါ်ခဲ့ကြသည်။ မြန်မာစာထွန်းကားလာပြီး ပျူစာ၊ မွန်စာတို့မှေးမှိန် ပျောက်ကွယ်ချိန်၌ ပုဂံကို မြန်မာလိုရေးသားခေါ်ဆိုခဲ့ကြသည်မှာ ယခုတိုင်ဖြစ်သည်။

**"တစ်ချိန်က ပျူစာသည် ပုဂံခေတ်တစ်လျှောက် မွန်စာ၊ ပါဠိစာများနှင့် ရင်ပေါင်တန်း၍ နေရာယူခဲ့နိုင်သည်။ မြစေတီကျောက်စာတွင် မြန်မာစာပေါ်ထွန်းလာချိန်အထိ ပျူစာမှာ နေရာရဆဲဖြစ်သည်။ သို့သော် ပုဂံခေတ် တုန်ဆုံးလုလုတွင် ပျူသည် စာပေနှင့်အတူ လူမျိုးပါ ပျောက်ခဲ့ရသည်"**

**(မောင်ကြည်ပန်း၊ မြင်းတပ် ... ပုဂံရှင်းတမ်း)**

သမိုင်းပညာရှင် ဆရာဘုန်းတင့်ကျော်ကလည်း ပျူလူမျိုး မပျောက်ကြောင်းကို သူ၏ **"ပျူစစ်လျှင် မြန်မာ"** ဆောင်းပါးဖြင့် ဖြေရှင်းခြင်းကို အောက်ပါအတိုင်း တွေ့နိုင်ပြန်သည်။

ရှေးပုဂံရာဇဝင်တို့တွင် မြန်မာသည် ပျူဟု အတိအလင်း ဖော်ကွန်းတင်ထားပါသည်။ နောက်ရေး-ဦးကုလားရာဇဝင်ကြီး၌ သရေခေတ္တရာပျက်သောအခါ ... ပျူ ကမ်းရုံး သက်(၃)စုကွဲကြောင်း ဖော်ပြပါရှိသည်။ ပုဂံရာဇဝင်အရ မြန်မာသည် ပျူဖြစ်၍ သရေခေတ္တရာပျက်ချိန်၌ ပျူဟုသာ ဦးကုလားဖော်ပြခဲ့ပါသည်။

ဦးကုလားထက် နှစ်များစွာ ပိုနောက်ကျခဲ့သော မှန်နန်းရာဇဝင်တော်ကြီး၌ သရေခေတ္တရာ ပျက်သောအခါ ပျူ ကမ်းရုံး သက် ၃ စုကွဲသည်ဟုလည်းကောင်း၊ ၂ မျိုးကွဲလွဲ ဖော်ပြပါသည်။ သို့သော် မှန်နန်းရာဇဝင်တော်ကြီး၌မှပင် ပုဂံမြန်မာနှင့် ပတ်သက်၍ ရှေးပုဂံရာဇဝင်တို့နှင့် တစ်ညီတည်း ပုဂံမြန်မာသည် ပျူလူမျိုးဟူသော အဓိပ္ပာယ်ဆောင်လျက် ရေးသားဖော်ပြထားသည်။

သရေခေတ္တရာ၏ နောက်ဆုံးပျူမင်း "သုပညာ"၏တူတော် ပျူမင်းသား သမုဒ္ဒရာဇ်မင်း၏ ပျူအုပ်စုနှင့် ယုန်လွတ်ကျွန်း ပျူငါး ပျူနယ် ၁၉ ရွာသားတို့ စည်းလုံးပူးပေါင်း၍ ပထမပုဂံမင်း နေပြည်တော်ကို တည်ထောင်ခဲ့ကြသည်။ ပုဂံမြန်မာဟူသည်မှာ သမုဒ္ဒရာဇ်မင်းသား ဦးဆောင်သော ပျူအုပ်စုကြီးဖြစ်ကြောင်း မှန်နန်း၌ ရေးသားထားသည်။

ရှေးပုဂံရာဇဝင်တို့၌ ပျူနှင့်မြန်မာတို့ကို လူမျိုးခြားဟု မဆို





နန်းလုဘက်တု မပြောသည့်အပြင် မြန်မာသည် ပျူလူမျိုးဖြစ်ကြောင်းသာ မှတ်တမ်းတင်ထားသည်။ ပုဂံရာဇဝင်ကြီးပေမူ၌ (သရေခေတ္တရာပြည်အရပ်၌ ကြွင်းသောမြန်မာဟူသော ပျူတို့ကား ...)ဟူ၍လည်းကောင်း၊ (မြန်မာဟူသည်ကား ... ပျူသားပျူမြေး)ဟူ၍လည်းကောင်း။ ထို့အတူ ပုဂံရာဇဝင်ကျမ်း၌ (မြန်မာဟူသည်ကား ပျူသားပျူမြေး။ သရေခေတ္တရာပျက်ဆဲအခါ လျင်မြန်သာ မြန်မာသူကို ပျူအချင်းချင်း မြန်မာသော ပျူခေါ်သည်)ဟုလည်းကောင်း မှတ်တမ်းတင်ထားသည်။

(ဘုန်းတင့်ကျော် ... ပျူစစ်လျှင်မြန်မာ)

ရှေးရှိုင်ရာဇဝင်တို့၌ မြန်မာ-ပုဂံမင်းများကို ပျူမင်း၊ မြန်မာလူမျိုး-မြန်မာစစ်သည်များကို ပျူလူမျိုး၊ ပျူစစ်သည်များဟု ရေးသားဖော်ပြခြင်းတို့မှာ မှားဘဲ မှန်ကန်ကြောင်းကို ဗြဟ္မာ၊ မြဟ္မာ၊ မြမ္မာ၊ မြန်မာ၊ ဗြဟ္မာ-ဗြန်မာ၊ မြမ်မာ၊ မြမာ၊ မြူ ဟူသော ရှေးပုဂံ-ပင်းယခေတ် မြန်မာကျောက်စာ ရေးထိုးချက်တို့က သက်သေခံနေပေသည်။ ပျူနှင့်မြန်မာသည် ဗြဟ္မာ(ဗမာ)၏အမည် ပွားများဖြစ်သည်။

မြစေတီကျောက်စာကို ဗျာမန်ပညာရှင် ဒေါက်တာဗိုလ္လှမ်းမားက တွေ့ရှိပြီး ဒေါက်တာစီအိုဗလက်ဒင်က အင်္ဂလိပ်ဘာသာတို့အား ကြိုးစား

ဖတ်ရှုခဲ့သည်။ ဗလက်ခ်င်သည် ထိုအက္ခရာအား မည်သည့်လူမျိုးတို့၏ အက္ခရာဖြစ်ကြောင်းကို ဂဃနဏ မသိရသေးခင် အလွယ်မှတ်သူ ရစေရန် (ပျူ)လူမျိုးတို့ရေးသော ပျူအက္ခရာဟု သတ်မှတ်ပေးခဲ့သည်။

ယင်းအဆိုကို အစွဲပြု၍ ပျူကျောက်စာ၊ ပျူအက္ခရာဟု မှတ်မှတ်ထင်ထင် နှောင်းလူများ ကြွေးခံနေကြခြင်းဖြစ်သည်။ ပြဿနာ၏အစကို ပြုသူမှာ ဒေါက်တာဗလက်ခ်င်ပင်ဖြစ်သည်။ ထိုအကြောင်းကို သမိုင်းသုတေသီ ပျူပညာရှင်ဘုန်းတင့်ကျော်က သူ့အမြင်အတိုင်း ဤသို့ ဖွင့်ဆိုထားပြန်၏။

"ဗလက်ခ်င်သည် ပျူဟူသော အမည်အတွက် ရှေးဗမာရာဇဝင်တို့ကို ညွှန်း၏။ ရှေးဗမာရာဇဝင်တို့၌ မြန်မာဟူသော ပျူ၊ ပျူသည် မြန်မာ၊ ပျူနှင့်မြန်မာသည် မြန်မာလူမျိုးတို့၏ မူလဖြတ်ဘမှ ရှေ့လျောပေါ်ပေါက်သော အမည်ပွားများဖြစ်ကြောင်း ဖော်ပြထားချက်များကို မူမဖော်ပြလေဘဲ ပျူနှင့် မြန်မာ မတူဟု ထင်မြင်ယူဆ ပြောဆို၏။

သို့သော် ပျူနှင့် မြန်မာမတူဟူသော ထင်မြင်ယူဆချက်အတွက် အထောက်အထား မပြနိုင်ခဲ့။ သရေခေတ္တရာနှင့် ပုဂံမှ မည်သည့်လူမျိုးဘာသာစကားဖြင့် ရေးထိုးကြောင်း





မသိသော (unknown) ကျောက်စာများကို ခေါ်ဝေါ်ပြောဆိုရ လွယ်အောင် ယာယီအမည်အဖြစ် ပျူဟု အမည်ပေးမှည့် ခေါ်ကြောင်း၊ သို့သော် ထိုအမည်မှာ သရေခေတ္တရာမြို့နှင့် ထိုကျောက်စာများအတွက် လောလောဆယ်မှာ ယာယီသာ ဖြစ်ကြောင်း။

နောင်သုတေသနတို့အရ ယင်းယာယီအမည်ပျူကို ပြန်လည် ပြောင်းလဲပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ယင်းမြို့နှင့် ယင်းကျောက်စာတို့ကို ယာယီအမည်အဖြစ် ပျူဟု မှည့်ခေါ်ခြင်းမှာ မည်သည့်နည်းနှင့်မှ နောက်ဆုံးအတည်ပြုခြင်း မဟုတ်ပါကြောင်း ဝန်ခံဖော်ပြ ရေးသားသွားခဲ့သည်။

ဗလက်ခ်င်၏ အဆိုပါဝန်ခံစာကို မဖတ်ဘူးသူ အချို့ကား ပုဂံမြေပြင်စေတီတို့တွင် တွေ့ရသော အမျိုးအမည်မသိ ရှေးကျောက်စာများကို မြန်မာနှင့်မတူသော ပျူမြို့၊ ပျူစာဟု အစွဲကြီး စွဲမှတ်မှားကြလေ၏။ ထိုအမျိုးအမည်မသိ ရှေးကျောက်စာတို့အား ယာယီခေါ်ရလွယ်အောင် ပျူဟု အမည်မှည့်ခြင်းမှတစ်ပါး မြန်မာနှင့်မတူသော ပျူမြို့၊ ပျူစာဟု ဗလက်ခ်င် အတည်မပြုပေ"

[ဘုန်းတင့်ကျော်–ပျူစစ်လျှင် မြန်မာ]

ရာဇကုမာရ် ရေးထိုးစိုက်ထူသွားခဲ့သော မြစေတီကျောက်စာပါ အက္ခရာတစ်မျိုးအတွက် သမိုင်းသုတေသီတို့ များစွာအလုပ်များသွားကြရတော့မည် အမှန်ပင်။ မည်သည့်လူမျိုးသုံးသော အက္ခရာနည်း။ အမှန်ပင် ပျူလူမျိုးတို့ အက္ခရာလော။ ပျူဆိုသည်မှာ ရှေးမြန်မာကြီးများကို ဆိုသလော။ ပျူနှင့်မြန်မာသည် တစ်ပေါင်းတစ်စည်းတည်းရှိသည့် လူမျိုးနွယ်သစ်သော။ ပျူသည် သီးခြားမျိုးနွယ်စုလော။

သို့ဖြင့် ဝိရောဓိများစွာကို ဖြစ်စေခဲ့သည်။

သမိုင်းပညာရှင်တို့အဖို့ အဖြေရရန် အချိန်ယူရမည်ဖြစ်ပြီး သက်သေအထောက်အထား နိုင်လုံစွာ ရှာဖွေရမည်ဖြစ်သည်။

မြစေတီကျောက်စာပါ အက္ခရာတစ်မျိုးအတွက် ယနေ့ထိ ငြင်းခုန်လျက် အဖြေညှိကြဆဲဖြစ်သည်။

ဆရာကြီးဦးသက်တင်၏ "ပဲခူးမြို့ ကိုးသိန်းကိုးသောင်း မွေစကြာစေတီဘုရားသမိုင်းနှင့် ပဲခူးနယ်ဘုရား ၅၈ ဆူ သမိုင်း စာအုပ်၌ ဤသို့ ဖော်ပြထားကြောင်း တွေ့ရမြန်သည်။

"ပုဂံအနော်ရထာခေတ်မှာ ဗွမ်းစစ်ကြီးဆိုက်ရောက်လာတော့ သထုံမင်းမနုဟာ မခုခံ မတားဆီးနိုင်လို့ သထုံကနေ ဆုတ်ခွာပြီး၊ ပဲခူးတိမ်မယ် ပျူမင်းဆီ လာပေါင်းတယ်။





အဲဒီဗွမ်းစစ်တပ်ကြီး ပဲခူးထိရောက်လာပြီး ရှုံပြတော့ မနုဟာမင်းဟာ ပဲခူးကနေ အရပ်တစ်ပါးကို ရှောင်ထွက်သွားတယ်။

ပဲခူးတိမ်မယ်ပျူမင်း ဇောင်းတော်ရှည်တာ မြန်မာပုဂံပျူမင်း အနော်ရထာထံ စစ်ကူတောင်းလို့ ပုဂံမြန်မာ ပျူမင်းနော်ရထာ စစ်ကူချီလာပြီး ဗွမ်းရန်ကို တိုက်ဖျက်နှိမ်နင်းတယ်။ ဗွမ်းရန်ကို တိုက်ခိုက်နှိမ်နင်း အောင်နိုင်ပြီးနောက်မှာ ဗွမ်းတွေ လုယက်ဖျက်ဆီးသွားတဲ့ ကိုးသိန်းကိုးသောင်းဘုရားနဲ့ ဘိက္ခုနီကျောင်းတွေကို အနော်ရထာမင်း ပြန်လည်တည်ဆောက် ကုသိုလ်ပြုခဲ့ပါတယ်။

**[ဦးသက်တင် ။ ... ပဲခူးနယ်ဘုရား ၅၈ ဆူသမိုင်း]**

အထက်ပါ ဘုရားသမိုင်းတွင် အနော်ရထာမင်းအား ပုဂံမြန်မာ ပျူမင်းတု ခေါ်ဆိုရေးသားထားကြောင်း တွေ့ရပေသည်။

ဟို့ကြောင့် ပျူသည် မြန်မာလော။

မြန်မာသည် ပျူလော။

ဤသမိုင်းကွက်လပ်အား သုတေသီပညာရှင်တို့ ဖြည့်စွမ်းရန် လိုအပ်ပါပေသေးသည်။

◆ ◆ ◆ ◆ ◆

# ရာဇကုမာရ်နှင့် မေတ္တာတရား၏ ပြယုဂ်များ

ပုဂံရာဇဝင်၌ သားတော်ရာဇကုမာရ်မင်းသားသည် ဖခင် **ကျန်စစ်မင်းကြီး**ကို ကျေးဇူးဆပ်သည့်အနေဖြင့် ဘုရားနှစ်ဆူ တည်ခဲ့ကြောင်း တွေ့ရသည်။ ယင်းမှာ–

(၁) မင်းအိုချမ်းသာဘုရား၊

(၂) ဂူပြောက်ကြီးဘုရား တို့ဖြစ်သည်။

ပုဂံပြည့်ရှင်မင်း ဖြစ်တော်မူသော ထီးလှိုင်ရှင် ကျန်စစ်သား မင်းကြီးသည် နန်းစံ ၂၈ နှစ်၊ သက်တော် ၇၂ နှစ်ရှိသော အခါ ဝယ် သိဟိုဠ်ကျွန်းမှ သိဟိုဠ်မင်းသည် ဘုရားရှင်၏ သရီရဓာတ်တော်




ဆူကို ရတနာရွှေကြုတ်နှင့်တကွ အဆက်အသ ရောက်ရှိလာ လေ၏။ ထိုစဉ်အခါ၌ ကျန်စစ်သားမင်းကြီးမှာ ကောင်းစွာကျန်းမာ တော်မူခြင်း မရှိတော့သဖြင့် မိမိ၏အသက်ရှည်ရာ ရှည်ကြောင်း ကောင်းမွန်မြင့်မြတ်သောစိတ်ထားဖြင့် အဆိုပါဘုရားရှင်၏ သရီရ ဓာတ်တော် ၉ ဆူကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်လိုသော ဆန္ဒ ဖြစ်ပေါ်လေ၏။

ထိုအခါ အလတ်ကြီးဖြစ်သော သားတော်ရာဇကုမာရ်ကို ခေါ် တော်မူ၍–

"သားတော် ... ငါလည်း အိုမင်းမစွမ်း ရှိချေပြီ။ ရောဂါ ပါကြောင်း၍ အသက်ရှည်ပြီးလျှင် ဘုရားရှင်သာသနာတော်လည်း ည်ပင်ပြန့်ပွားစေအံ့သောငှာ ဤသရီရဓာတ်တော် ၉ ဆူအား ဌာပနာ၍ စေတီကြီးတစ်ဆူ ဦးဆောင်တည်လော့သားတော်"

ရာဇကုမာရ်သည်လည်း မိမိ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် စေတီကြီး တစ်ဆူ တည်တော်မူကာ ပြီးစီးသောအခါ၌ ဖခမည်းတော် ကျန်စစ် မင်းကြီးအား ရည်စူးလျက် "မင်းအိုချမ်းသာ"ဟု သက္ကရာဇ် ၄၇၄ ခုနှစ်တွင် တည်ထားအောင်မြင်ခဲ့လေ၏။



ခမည်းတော်ကျွန်စစ်မင်းကြီးအတွက်
ရာဇကုမာရ်ကြီးကြပ်တည်တော်မူသော မင်းအိုချမ်းသာဘုရား

မင်းအိုချမ်းသာစေတီကြီး ပြီးမြောက်သွားသောအခါ ကျွန်စစ်မင်းကြီးလည်း အထူးထူးပင် ကြည်ညိုနှစ်သက်ခြင်း ဖြစ်ရတော့ ရတနာအမျိုးမျိုး အစုစုတို့ဖြင့် ပူဇော်လေ၏။ ကျွန်စစ်မင်းကြီး၏ ကောင်းမှုကုသိုလ်စာရင်းတွင် ဤသို့ တွေ့ရသည်။

ကျွန်စစ်သားသည် ရွှေစည်းခုံဘုရားကို ထယ်သေးသည်၊ ထပ်မံတည်၏။ နန္ဒာကြီး-နန္ဒာငယ်ကို တည်၏။ ယိုနန္ဒာကြီးမှ





ဂိမြို့တွင်း၌ ရှိသည်။ စေတီငယ်ကုလားကျောင်းခံဖြစ်သည်။ အာနန္ဒာ ခံဆင်းဝင်တုရ၏။ သို့သော် - အာနန္ဒာ၏ ယခုရှိကျွန်သော ကြောင့် စေတီငယ်ကောင်လည်း "နန္ဒာကြီး" ဟုခေါ်တွင်လေ၏။ ငါးယံရတနာနှင့် နဂါးရုံဘုရားကိုလည်း တည်တော်မူသည်။ ထို ဘုရားများမှာ မြင်းကပ်ရွာ အရှေ့တောင်၌ ရှိလေ၏။

မင်းအိုချမ်းသာ၊ ဂူ့ဘေကီသက်တော်ရ၊ သက်တော်ရှည်၊ မြင်းမိုးတော်၊ မင်းမြောင်ရာဇာ၊ ရွှေသိမ်သနန်း၊ ကောင်းတန်း ငယ်များ၊ ဆက်ဂူ၊ ဝတ်လဲ၊ ဂူစုတ်၊ ပုဆစ်တုပ်၊ ဂူပျက်၊ ဂူပိစပ်၊ ဂူမြောက် ငယ်၊ ဂူမြောက်ကြီး၊ ကူးနီးမြှုန်ကြည့် စသည့်ဂူများကိုလည်း တည်တော်မူသည်။ မင်းအိုချမ်းသာဘုရားမှာ အာနန္ဒာ၏ အရှေ့မြောက်ဘက်တွင်ရှိသည်။ စေတီပုံဖြစ်သည်။ ရွှေဘက်မှာ ညောင်ဦး ရွှေစည်းခုံဘုရား၏ အရှေ့တောင်တန်း အဆင်းမှာရှိသည်။ စေတီငယ်ဖြစ်၍ အပေါ်မှ တန်ဆောင်းဆောက်လျက် စေတီကို အုပ်မိုး ထားသည်။ သက်တော်ရမှာ ပုဂံမြို့တွင်းမှာ ရှိသည်။ သက်တော် ရှည်ဘုရားမှာ တောင်ဘီရွာ အနောက်ဘက်တွင်ရှိသည်။

မြင်မိုး၊ မြင်တော်ဘုရား ၂ ဆူမှာ ပြိုပျက်၍ အရာသာရှိတော့ သည်။ တောင်ဘီရွာ တန်ဖွယ်ကျောင်းတိုက် တောင်ဘက်မှာ ရှိသည်။ မင်းမြောင်ရာဇာမှာ ကုလားကျောင်းခံစေတီ၊ တောင်ဘီရွာ

အရှေ့တောင်လမ်းအနီးရှိသည်။ ယင်မသန်းမှာ-တောင်ဘီလှ စံလွတ်ကျောင်းတိုက် အနောက်တောင်မှာရှိသည်။ စောင်းတန်းဘုရားမှာ ပုဂံမြို့ အရှေ့မျက်နှာမြို့ရိုး မြောက်ယွန်းယွန်းနားတွင်ရှိပြီး အုတ်တိုက်ခံစေတီဖြစ်သည်။ ယင်မနားဘုရားမှာ တောင်ဘီလှ အရှေ့မြောက်ယွန်းမှာရှိသည်။

ပုခက်လွဲဘုရားမှာ တောင်ဘီလှအနောက်ကပ်လျက်ရှိသည်။ ဝင်လဲဂူရုပ်များမှာ မည်သည့်ဘုရားဖြစ်သည်ကို မသိနိုင်ကြတော့ပေ။ ပုဆစ်တုပ်ဘုရား၊ ဂူပီစပ်၊ ဂူပျက်ဘုရားများမှာ ပုဂံမြို့တွင်း၌ပင် ရှိသည်။ ဂူမြောက်ကြီး၊ ဂူမြောက်ငယ်တို့မှာ ဝက်ကြီးအင်းရွာ အရှေ့တောင်ယွန်းယွန်းမှာ ရှိသည်။ တိုက်ခံစေတီဖြစ်၏။ ကျွန်း ဘုရားမှာ ညောင်ဦးအရှေ့တောင်ကုန်းပေါ်မှာ တည်ရှိပြီး ကုလားကျောင်းခံစေတီဖြစ်သည်။ မြန်ကြည့်ဂူမှာ ထိုဘုရားမြောက် တည့်တည့် ရောဝဟိုမြစ်ကမ်းပါးမြင့် အစွန်းနားတွင်ရှိသည်။







ဂူမြောက်ကြီး၊ ဂူမြောက်ငယ်တို့၌ မြင်းကပါရွာ၊ မြစေတီ ဘုရားအနီးတွင် နှစ်ဆူ၊ ဝက်ကြီးအင်းရွာ ရွှေစည်းခုံဘုရားအနီးတွင် နှစ်ဆူရှိကြသည်။ ပုံတွင် တွေ့ရသော ဂူမြောက်ကြီးဘုရားမှာ ဝက်ကြီးအင်းအနီးရှိ ရွှေစည်းခုံအနားမှ ဂူမြောက်ကြီးဖြစ်သည်။

ထိုဘုရား၏ အတွင်းဘက် နံရံတွင် ဇါးရှည်ဆယ် နိပါတ် တော်ဆေးရေးအရုပ်များရှိပြီး၊ ဆေးရေးပန်းချီကားများ အောက်ခြေ တွင် ပါဠိမြန်မာတွဲဖက်ရေးသားသော စာများ၊ မွန်ဘာသာဖြင့် ရေးထားသော စာများကို တွေ့နိုင်သည်။ ဤနံရံဆေးရေးရုပ်တို့မှာ

အခြားလူပုဂ္ဂိုလ်ရှိ ဆေးရေးရုပ်များကဲ့သို့ အမှောင်ထဲတွင် မတုတ်ဘဲ၊ အလင်းရောင်ဖြင့် ထင်ထင်ရှားရှား ဖတ်ရှုမြင်တွေ့နိုင်သည်။ ရာဇကုမာရ်၏ ကြီးမားအားထုတ်မှု ပညာများဟု သမိုင်းသုတေသီတို့က ဆိုကြသည်။

ထိုနံရံဆေးရေးပန်းချီကားချပ်များကို သက္ကရာဇ် ၁၂၆၅ ခုနှစ် ဝန်းကျင်က ဂျာမနီလူမျိုးတို့သည် ပုဂံသို့လာရောက် လည်ပတ်ခဲ့ပြီး အင်္ဂတေအချပ်များကို အပြားလိုက်၊ အကန့်လိုက် ညီညာစွာ တိုက်ဖြတ်စွာ ယူသွားခဲ့ကြပြီး၊ မိမိတို့ နိုင်ငံပြတိုက်တွင် ပြသထားကြောင်း သိရသည်။

ပုဂံရာဇဝင်၌ ကျန်စစ်သားမင်း နတ်ရွာစံပြီးသည်နှင့် နန်းအရိုက်ရာခံဖြစ်သော အလောင်းစည်သူမင်းကြီး ဆက်လက်စိုးစံခဲ့သည်။ ဤသည်၏ နောက်ပိုင်းသမိုင်းစာမျက်နှာများ၌ အမတ်ကြီး ရာဇကုမာရ်အကြောင်းကို ဖော်ပြထားခြင်း မတွေ့ရတော့ပေ။ မည်သည့်ခုနှစ်တွင် မည်သည့်အသက်တွင် ကွယ်လွန်ကြောင်း သိခွင့်မရတော့ပေ။

သမိုင်းကွက်လပ်များ များစွာဖြစ်စေခဲ့သည်။ သမိုင်းတင်သူ ရှိပါလျက်နှင့်ပင် ကွဲလွဲမှုများ၊ အငြင်းပွားမှုများ ရှိပေရာ သမိုင်း မတင်မီသော ရာဇကုမာရ်အကြောင်းကိုမူ ပါဠိဝင်ရာဇဝင်၌သာ အဆုံး





...ပ်ဖွယ်ရှိတော့ အံ့မည်။ ကျန်စစ်သားမင်း၏ နတ်ရွာစံမှတ်တမ်း ...ဇဝင်သမိုင်းတို့၌ အကွဲကွဲအပြားပြား တွေ့ရပေသေးသည်။

ကျန်စစ်သားမင်း သက်တော်ကို-

၁။ ဦးကုလားမဟာရာဇဝင်ကြီး၌ ... ၈၅ နှစ်

၂။ တွင်းသင်းရာဇဝင်၌ ... ၆၂ နှစ်

၃။ မှန်နန်းရာဇဝင်ကြီး၌ ... ၇၂ နှစ်

၄။ ဇာတာတော်ပုံရာဇဝင်၌ ... ၈၁ နှစ်

စသည်ဖြင့် ကွဲလွဲနေပေသည်။

ရာဇကုမာရ်ရေးထိုးသော မြစေတီကျောက်စာပါ သတ်သေ ...များကြောင့် ကျန်စစ်သားမင်းကြီး၏ သက်တော်ကို အမှန်သိခွင့် ...ရခဲ့သည်။ ထိုအချက်တစ်ခုတည်းနှင့်ပင် သမိုင်းအလွဲများကို ရာဇ ...ကုမာရ်၏ ကျေးဇူးကြောင့် တည့်မတ်သွားနိုင်စေခဲ့သည်။ ရာဇကုမာရ် ...၏ ဘဝစာမျက်နှာကို ကျန်စစ်မင်းကြီး နတ်ရွာစံပြီး နောက်တစ်နှစ် ...၌ ဤမြစေတီကျောက်စာကို ကမ္ပည်းထိုး စိုက်ထူပြီးသော် ...ဆက်လက်မတွေ့ရတော့သည်မှာ များစွာဝမ်းနည်းဖွယ်ဖြစ်သည်။

မွန်၊ မြန်မာ၊ ပါဠိ၊ ပျူ ၄ ဘာသာ ရေးထိုးစိုက်ထူသွား ...နိုင်ခဲ့သော ရာဇကုမာရ်၏ ပြုမူဆောင်ရွက်ချက်သည် သမိုင်းတန်ဖိုး ...အလွန်ကြီးမား လှပေသည်။ ဤမြစေတီကျောက်စာ ကျေးဇူးကြောင့်

ငြိမ်းမာတို့ ကမ္ဘာကပင် သိခဲ့ရပြီဖြစ်သည်။ ဤကျောက်စာမှာ သာမန် အားဖြင့်ကြည့်လျှင် ရာဇကုမာရ်အမတ်ကြီး၏ အလှူမှတ်တမ်း ကျောက်စာတိုင်ပင် ဖြစ်သော်လည်း၊ အတိတ်သမိုင်းက ရင်နင့်ဖွယ် ဖြစ်ပြီး၊ အဖနှင့်သားတို့၏ မေတ္တာဖွဲ့ကိုလည်း ဆွတ်ပျံ့ဖွယ် မြင်တွေ့ နိုင်သော ကျောက်စာပင်ဖြစ်သည်။

ခမည်းတော်ကျန်စစ်မင်းကြီးအပေါ် ရာဇကုမာရ်၏ ချစ်စိတ်သည် သားလိမ္မာ၊ သားကောင်းရတနာပီသခဲ့သည်။ သားအရင်းကို နန်းမပေး မြေးအနှစ်ကို နန်းအရာပေးသော်လည်း စိတ်တွင်မကွက်။ အမှတ် လည်းမဖြစ်။ ပေးအပ်သော အမတ်ရာထူးနှင့် ရအပ်သော ကျွန် သုံးရွာကို အေးလူစွာ စားခဲ့သည်။ ခမည်းတော်၏ နောက်ဆုံး ထွက်သက်၌ မိမိစည်းစိမ်တို့ကို စွန့်လွှတ်ထုခွဲလျက် ရွှေဆင်းတု တစ်ဆူဖြင့် "ခမည်းတော် မင်းကြီးအလို့"ဖြစ်ကြောင်း၊ သံဃာတော် ၇ ပါး ရှေ့မှောက်တွင် လက်အုပ်ချီ၍ သာဓုအနုမောဒနာ ပြုစေ ခဲ့သည်မှာ သားလိမ္မာပင်ဖြစ်သည်။

ရာဇကုမာရ်ဂုဏ်၊ ... စွန့်တားငုံသူ၊ စွန့်လွှတ်ငုံသူ ဖြစ်သည်မှာ ဒိဋ္ဌဝမှပင်ဖြစ်၏။ မိမိအလို့မှု-

"ဤကောင်းမှုကို ပြုသောငါသည်
အကြွင်းကုသိုလ်ကောင်းမှုကို ဆည်းပူးအပ်၏။



ထိုဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုသည်
သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိမြင်ရာ
အကြောင်းအထောက်အပံ့ ဖြစ်ပါစေသတည်း"

ဟုသာ ဆုတောင်းသွားလေ၏။

ရာဇကုမာရ်အမတ်ကြီးကား ... ကောင်းသောဆုနှင့် ပြည့်ဝ လိမ့်မည်ဟု ယုံကြည်မိပေ၏။


ငြိမ်းမြတ်သော စိတ်ထားရှိသူကား၊

ငြိမ်းမြတ်သောအရာကို မချွတ်ဧကန်ရမည်မှာ မလွဲတည်း။

◆ ◆ ◆ ◆ ◆

2073806518127541779

# မြစေတီကျောက်စာ၏ နောက်ဆုံးသတင်း



မြစေတီကျောက်စာ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကျင်းပမည်





**ရန်ကုန်၊ မေ ၆-** မြစေတီကျောက်စာ (ရာဇကုမာရ်ကျောက်စာ)ကို ယူနက်စကိုမှ မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်အဖြစ် ရရှိခဲ့သည့် အထိမ်းအမှတ်ပွဲအခမ်းအနားကို မေ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲကို ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် မြစေတီကျောက်စာတိုင်အနီးတွင် ပြုလုပ်မည်ဖြစ်ပြီး အခမ်းအနားတွင်ယင်းကျောက်စာနှင့်ပတ်သက်သည့် စာတမ်းလေးစောင်ကို ရှေးဟောင်းသုတေသနပညာရှင်လေးဦးတို့မှ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်စာကို ဆရာတို့အနေနဲ့ မှတ်တမ်းစာရင်းဝင်အဖြစ် ယူနက်စကိုက ဂုဏ်ပြုလက်မှတ် ပေးအပ်ထားတယ်။ တကယ်လို့ ထိန်းသိမ်းမှုအပိုင်းမှာ လိုအပ်တာရှိရင်လည်း သူတို့ကိုတင်ပြရမှာပေါ့။ မူလအတိုင်းရှေးဟောင်းဌာနက ထိန်းသိမ်းတာတွေ လုပ်ထားပါတယ်"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က မေ ၅ ရက်က ပြောသည်။

ပုဂံမှ မြစေတီကျောက်စာကို ကမ္ဘာ့မှတ်တမ်းဝင်အမွေအနှစ်စာရင်းဝင် (Memory of the World) အဖြစ် ၂၀၁၅ ခုနှစ်အတွက်လျှောက်စာကိုသို့ တင်သွင်းခဲ့ပြီးဖြစ်ပြီးယင်း ကျောက်စာတွင် ဘာသာလေးမျိုး ရေးထိုးထားကာ မွန်မြန်မာပါဠိ အကျုရေးများဖြစ်ပြီး ကျောက်စာပါ အကြောင်းအရာများကို သိရှိရန်နှင့် အခြားဘာသာသို့ ပြန်ဆိုရာတွင်လိုက် ကာနိုင်သောကြောင့် အရေးကြီး သော အမွေအနှစ်အထိမ်းအမှတ် အဖြစ်ယူနက်စကိုသို့ တင်သွင်းခြင်း ဖြစ်ကြောင်းသည်။ သိရသည်။

ယင်းသို့ တရားဝင်ရန်အတွက် ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့မှတ်တမ်းအမွေ အနှစ်အစီအစဉ် အပြည်ပြည်ဆိုင် ရာအကြံပေးကော်မတီ၏ (၁၂)ကြိမ် မြောက် အစည်းအဝေးတွင်ပါ မြစေတီကျောက်စာ (ရာဇကုမာရ် ကျောက်စာ)ကို ယူနက်စကိုက ကမ္ဘာ့ မှတ်တမ်းအမွေအနှစ်စာရင်းဝင် အဖြစ် ထည့်သွင်းသတ်မှတ်ခဲ့ပြီး ယခု ၂၀၁၆ ဖေဖော်ဝါရီလတွင် ယူနက်စကိုညွှန် ကြားရေးမှူးချုပ် လက်မှတ်ရေးထိုး ထားသည့် အသိအမှတ်ပြုလွှာကိုပေး ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူနက်စကိုမှ ပေးအပ်သည့် ကမ္ဘာ့လုံးဆိုင်ရာ အမွေအနှစ်သုံးမျိုးမှ ရှေးဟောင်းအဆောက်အအုံ နေရာများအတွက် ပေးအပ်သည့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ စာရင်းဝင်သတ်မှတ်ခြင်း ရှေးဟောင်း အထိမ်းအမှတ် မှတ်တမ်းများနှင့် ပတ်သက်ပြီးပေးအပ်သည့် ကမ္ဘာ့ မှတ်တမ်း အမွေအနှစ်စာရင်းဝင် အဖြစ်သတ်မှတ်ခြင်းနှင့် သဘာဝအ အဖြစ်ပေါ်နေသည့် တောတောင် ရေမြေသဘာဝတရားများကို သ ဘာဝအတိုင်း ထိန်းသိမ်းထားသည့် နေရာဒေသများကို သဘာဝအမွေ အနှစ်စာရင်းဝင်အဖြစ် သတ်မှတ် ပေးခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံမှ ပထမဆုံးကမ္ဘာ့ မှတ်တမ်းအမွေအနှစ်အဖြစ် ၂၀၁၃ ခုနှစ်တွင် မဟာလောကမာရဇိန်ဘုရား ဝင်းအတွင်းရှိ ကုသိုလ်တော်ကျောက် စာကိုရရှိခဲ့ပြီး ကမ္ဘာ့ယဉ်ကျေးမှု အမွေ အနှစ်ဒေသအဖြစ် သရေခေတ္တ ရာ ဟန်လင်းနှင့်ဗိဿနိုးမြို့ဟောင်းတို့ ရရှိခဲ့သည်။

ထို့ပြင် မြစေတီကျောက်စာနှင့် အတူ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကိုပါ ကမ္ဘာ့အမွေ အနှစ်မှတ်တမ်းစာရင်းဝင် အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။ MTZ

**သန်းထွန်း(လှည်းကူး)**

09 43164688, 09 31848436

## ဤစာအုပ်အတွက် အထောက်အကူပြုကျမ်းများ


၁။ သုဿောမိတမဟာရာဇဝင်ကြီး ... ပထမအုပ်

၂။ ဦးကုလားမဟာရာဇဝင်ကြီး ... ပထမအုပ်

၃။ သုတေသနစာပေများ ... ဒေါက်တာနိုင်ပန်းလှ

၄။ မြစေတီကျောက်စာ ... သိရိပျံချီဦးသာမြတ်မြန်ဆိုတည်းဖြတ်

၅။ ပုဂံခေတ်မြန်မာစာ ... တောလူ (ပထမတွဲ)

၆။ ပုဂံခေတ်ပုထိုးများနှင့် မှတ်တမ်းဝင် ရှေးဟောင်းစာတိုက်များ ... ယဉ်ကျေးမှုဝန်ကြီးဌာန

၇။ မြန်မာရာဇဝင်မှတ်တမ်း ... ဟံသာဝတီဦးဘရင်

၈။ ခေတ်ဦးမြန်မာရာဇဝင်အကျဉ်း ... ဦးဖိုးကျား

၉။ မြန်မာရာဇဝင်တောင်း ... ဦးကြည်

၁၀။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၂) ... ဘာသာပြန်စာပေအသင်း

၁၁။ ရှေးစည်းခုံမွန်ကျောက်စာ ... ဦးပေမောင်တင်

၁၂။ ပုဂံခေတ်ပုထိုးများ ... ဦးသန်းဆွေ (ရှေးဟောင်းသုတေသနဦးစီးဌာန)

၁၃။ သာသနာ့လင်္ကာရကျမ်း ... အမတ်ကြီးမဟာဓမ္မသင်္ကြံ